
www.burmeseclassic.com

ဝိုးဝိုးစာပေ



BURMESE CLASSIC .com

# လူငှ

## ကျွန်တော်၏အမည်မှာ________ဖြစ်သည်။

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | ♦ | ရဲလေး |
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသိတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြ-၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်)<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | ♦ | ၂၀၁၄ ခုနှစ်၊ မေ လ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၂၀၀၀ ကျပ် |

လူနေ

ကျွန်တော်၏အမည်မှာ ——— ဖြစ်သည်/လူနေ

စိုးမိုးစာပေ၊ ၂၁၀၄

၂၆၄ – စာ၊ ၁၂.၅ x ၁၈.၅ စင်တီ။

(၁) ကျွန်တော်၏အမည်မှာ ——— ဖြစ်သည်


# လူနေ

## ကျွန်တော်၏အမည်မှာ ——— ဖြစ်သည်။

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

(၁)

ထူးဆန်းသော အိပ်မက်ကြောင့် လင်းသစ် အိပ်ရာက လန့်နိုးသွားသည်။ နိုးနိုးချင်းမှာပဲ သူမက်ခဲ့သော အိပ်မက်ကို ပြန်စဉ်းစား၍ မရတော့။

ကြောက်ဖို့ကောင်းတယ်ဆိုတာပဲ သိနေသည်။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးများပြန်နေပြီး တစ်စုံတစ်ခုကြောင့် မောဟိုက်နေ၏။

အောက်ထပ်က လှမ်းအော်နေသော သူ့အမေအသံကို ခပ်သဲ့သဲ့ ကြားရသည်။ မျက်လုံးကို ခဏ ပြန်မှိတ်ထားလိုက်ပြီး စိတ်ကိုငြိမ်အောင် အသက်မှန်မှန် ရှူနေလိုက်သည်။

"သားရေ၊ အိပ်ရာ ထတော့၊ နောက်ကျနေပြီ"

နောက်ကျနေပြီ။ ဘာကို နောက်ကျတယ်လို့ ငါ့အမေက ပြောနေတာပါလိမ့်။ ဒီနေ့က စနေနေ့ပဲ။ ကျောင်းလည်း ပိတ်တယ်။



...ယ်မှ သွားစရာမရှိပါဘူးဆိုပြီး အိပ်ရာပေါ်ကနေ မှေးနေရင်း ...င်းသစ် တွေးနေမိသည်။

ညက ငါအိမ်ပြန်နောက်ကျတာကို အမေက ဆူမလို့ ...င်းခဲ့လို့ ခေါ်နေတာလား။

ညကလည်း သိပ်အနောက်ကျကြီးတော့ မဟုတ်ပါဘူး။ ...ငယ်ချင်း ထက်ကောင်းနဲ့ မိုးချုပ်ခါနီးအထိ Chess ထိုးပြီးနောက် ...ိမ်ပြန်လာတဲ့အထိတော့ လင်းသစ် မှတ်မိနေသည်။

ဒါပေမယ့် အိမ်ကို ဘယ်လိုပြန်ရောက်လာလဲဆိုတာတော့ ...သူ မမှတ်မိတော့။

အိပ်ရာက ထဖို့ကြိုးစားလိုက်သည်။

"အား. . ."

ခေါင်းက တဆစ်ဆစ်ကိုက်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးကလည်း တစ်ခုခုနှင့် ဖိထားသလို လေးလံနေ၏။

ပါးစပ်ကလည်း စေးကပ်ကပ်ဖြစ်နေပြီး ပါးစပ်ဟလို့ မရအောင်ပင် နာကျင်နေ၏။

ဘာဖြစ်တာပါလိမ့်။ မနေ့ညက ဟိုကောင်နဲ့လည်း ဘီယာ မသောက်ခဲ့ပါဘူး။

အရင်တုန်းကလည်း ဘီယာတော့ သောက်နေကျပါ။ အခုလိုတော့ တစ်ခါမှ မဖြစ်ဘူး။ ကျန်းမာရေးတော့ နည်းနည်း ဂရုစိုက်ဦးမှပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



"ထူးဝေ. . . သား၊ ၈ နာရီထိုးတော့မယ်"

မဖြစ်နိုင်တာ။ နေတောင် ဒီလောက်ထွက်နေတာ ၁၀ နာရီလောက် ရှိရောပေါ့ဟုတွေးရင်း သူ အိပ်ရာနားက စားပွဲတင် နာရီရှိရာသို့ လက်ကို လှမ်းလိုက်သည်။

မတွေ့. . .။ သူ့ရဲ့စားပွဲတင်နာရီပင် မဟုတ်ဘဲ သူ့ရဲ့ စားပွဲကိုပါ မတွေ့ရချေ။

"ဟင်. . ."

သူ့အခန်း၏နံရံသည် အပြာရောင်မဟုတ်ဘဲ အဖြူရောင် ပြောင်းနေ၏။

လင်းသစ်သည် အိပ်ရာမှ လူးလဲပြီး ထလိုက်သည်။ သူ၏ အခန်းသည် ပိုကျယ်နေတာကို တွေ့ရသည်။

အရင်တုန်းက မရှိခဲ့သော ပြတင်းပေါက် ခန်းဆီးလိုက်ကာ ကိုလည်း တပ်ဆင်ထားတာ တွေ့ရ၏။

မဟုတ်ဘူး. . .၊ မဟုတ်ဘူး. . .၊ ခန်းဆီးလိုက်ကာတင် မဟုတ်ဘူး။ ပြတင်းပေါက်နေရာတွေကလည်း ရှိနေကြနေရာ မဟုတ်ဘဲ သူ့ရဲ့ ညာဘက်အခြမ်းကို ရောက်နေ၏။

အရင်တုန်းက နှစ်ပေါက်ရှိသော ပြတင်းပေါက်သည် အခု တစ်ပေါက်တည်း ဖြစ်နေသည်။

ဒါ့အပြင် အခန်းထဲတွင် သူတစ်ခါမှ မတွေ့ဖူးသော ကွန်ပျူတာတင်သည့် စားပွဲတစ်ခုကို တွေ့ရပြီး ထိုစားပွဲပေါ်တွင် လည်း ကွန်ပျူတာ အဖြူရောင်တစ်လုံးကို တွေ့ရသည်။



ဒါ. . . ဒါ. . . သူ့အခန်းတော့ မဟုတ်နိုင်။ သူ. . . ဘယ်သူ့အခန်းကို ရောက်နေတာလဲ။

သေချာ စဉ်းစားသော်လည်း ရေရာသည့်အဖြေ မတွေ့ရ ချေ။ ညက ထက်ကောင်း အခန်းမှာပဲ အိပ်ဖြစ်တာလား။ ဒါလည်း မဖြစ်နိုင်ဘူး။ ထက်ကောင်းအခန်းက ဒီအခန်းမဟုတ်တာကို လင်းသစ် သိနေသည်။

သူ့ခန္ဓာကိုယ်ပေါ်က အကျႌသည်လည်း သူ့အကျႌမဟုတ်ဘဲ အခြားတစ်ယောက်ရဲ့အကျႌ ဖြစ်နေတာကို တွေ့ရသည်။

သူ့တွင် ဒီလိုမျိုး အကျႌမရှိချေ။

ထိုစဉ် အောက်ထပ်ကနေ လှမ်းအော်ခေါ်နေသော အမျိုး သမီးကြီးတစ်ဦးရဲ့အသံကိုလည်း ကြားနေရ၏။

သေချာတာကတော့ ထိုအမျိုးသမီးကြီးရဲ့ အသံသည် လည်း သူ့အမေအသံ မဟုတ်တာတော့ သေချာသည်။

သူ သေချာနားစွင့်လိုက်သည်။ ထိုအမျိုးသမီးခေါ်နေသည့် သူမှာ 'ထူးဝေ'ဆိုသည့်သူကို ဖြစ်သည်။

သူနှင့် ဘေးချင်းကပ်အခန်းမှာ ရှိပုံရ၏။

သေချာတာကတော့ ထက်ကောင်းအိမ်ကအပြန် 'ထူးဝေ' ဆိုတဲ့ သူ့ရဲ့အိမ်မှာ အိပ်ဖြစ်လိုက်ပုံရသည်။

'ထူးဝေ'ကိုတော့ သူမသိ. . .။ ဒါပေမယ့် အောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး ထူးဝေဆိုသည့်သူကိုရှာပြီး နှုတ်ဆက်ကာ အိမ်ကို အမြန်ပြန်မှ ဖြစ်မည်။

ညက သူများအိမ်မှာအိပ်နေလို့ အမေဆူတာကို ခံရဦးမည်။

အခန်းထဲကနေ ခပ်မြန်မြန် ထွက်လိုက်သည်။

■

(၂)

အိမ်သည် အတော်ကြီးသောအိမ် ဖြစ်သည်။ အပေါ်ထပ်တွင် သူထွက်လာသောအခန်း အပါအဝင် အခန်း (၃)ခန်းရှိပြီး မီးဆိုင်းများနှင့် အလှဆင်ထားသော အခန်းသပ်သပ်လည်း ရှိသည်။

ပထမအခန်းကို ဖွင့်ကြည့်လိုက်၏။ ဘယ်သူမှ မတွေ့ရချေ။ ယောကျ်ားလေးအခန်း ဖြစ်ပုံရပြီး ရှုပ်ပွနေ၏။

နောက်တစ်ခန်းကတော့ မိန်းကလေးအခန်း ဖြစ်ပုံရသည်။ ရှင်းလင်းကာ အခန်းတစ်ခုလုံး ပန်းရောင်သုတ်ထား၏။

မီးဆိုင်းနှင့်အခန်းကတော့ ဘုရားခန်း ဖြစ်သည်။ ဒါနဲ့ အောက်ထပ်ကိုဆင်းတဲ့ လှေကားကိုတွေ့တော့ လှေကားလက်တန်းကိုကိုင်တာ တဖြည်းဖြည်း ဆင်းခဲ့လိုက်၏။

ဧည့်ခန်းကို စတွေ့ရသည်။ သူ မသိသောလူကြီးတစ်ဦးက သတင်းစာ ဖတ်နေတာကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေကားပေါ်က ဆင်းလာသောသူ့ကိုတွေ့တော့ တစ်ချက်သာကြည့်ပြီး သတင်းစာကို ပြန်ဖတ်နေ၏။

သူက ရယ်ပြလိုက်သော်လည်း ပြန်မရယ်ဘဲနဲ့ ခပ်တည်တည်ကြီး သတင်းစာဖတ်နေတာကိုတွေ့ရတော့ ဘယ်လိုလူကြီးလဲ ဆိုပြီး လင်းသစ် တွေးနေမိသည်။

သို့သော် ထိုလူကြီးက အရေးမကြီး။ ထူးဝေဆိုတဲ့သူသာ အရေးကြီးလေသည်။

ဒါပေမယ့် အောက်ရောက်တဲ့အထိ ထူးဝေဆိုတဲ့သူရဲ့ အရိပ်အယောင်ကို မတွေ့ရသေးချေ။

ဟိုဒီ လိုက်ကြည့်ရင်းနဲ့ ထမင်းစားခန်းထဲတွင် အလုပ်ရှုပ်နေသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ရသည်။

ခုနက လှမ်းအော်နေသော ထူးဝေအမေပဲ ဖြစ်ပေလိမ့်မည်။ ဘေစင်ထဲရှိ ပန်းကန်များကို ဆေးကြောနေပြီး လူ့ကို သေချာမမြင်ရသောကြောင့် ခပ်ဝဝ အမျိုးသမီးတစ်ယောက်ဟုသာ ခန့်မှန်းလို့ရသည်။

ထမင်းစားခန်းထဲ ဘယ်သူမှမရှိဘဲ ရှင်းလင်းနေ၏။

ထူးဝေရော. . .၊ မနက်စာစားပြီးလို့ အပြင်များ ထွက်သွားပြီလား။ သူ တစ်ခုခု လှမ်းမေးမလို့ ပြင်နေစဉ်မှာပဲ ပန်းကန်ဆေးနေသော အမျိုးသမီးကြီးက သူ့ကို တွေ့သွားပြီး. . .

"ဩော်. . . နိုးပြီလား"



ဆိုပြီး ခနဲ့တဲ့တဲ့အသံဖြင့်ပြောကာ စားပွဲပေါ်ကို ပေါင်မုန့်ကြွမ်းနှင့် နို့ဆီများ တင်လိုက်၏။

ထို့နောက် သူ့ကို တစ်ချက်ကြည့်ပြီး-

"ဟဲ့. . . အခုထိ အင်္ကျီ မလဲရသေးဘူးလား။ ငါ ဒီနေ့ အချိန်မရှိဘူးနော်၊ ရုံးစောစောသွားရမှာမို့ နင့်ကို ကျောင်း အရင်ပို့ထားပေးခဲ့မှာ"

"ဟင်. . ."

လင်းသစ်သည် အမျိုးသမီးကြီးကို တစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာပဲ သူမက တစ်ဖက်ကို ပြန်လှည့်သွားလေသည်။

ထိုစဉ် ထမင်းစားခန်းထဲသို့ ကောင်မလေးတစ်ယောက်နှင့် ကောင်လေးတစ်ယောက်တို့ ပြေးဝင်လာပြီး ထမင်းစား စားပွဲမှာ ဝင်ထိုင်လိုက်ကြ၏။

"ဟဲ့. . . ဟဲ့. . . နင်တို့ မျက်နှာသစ်ပြီးသွားပြီလား"

အမျိုးသမီးကြီးက ဝင်လာသော ကောင်လေးနှင့် ကောင်မလေးကို လှမ်းအော်လိုက်၏။

"သစ်ပြီးပြီ အမေရဲ့၊ သမီး အရင်သစ်တာ"

"သားလည်း သစ်ပြီးပြီ"

ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောကာ စားပွဲပေါ်က မုန့်များကို တစ်ဝတစ်ပြဲ စားနေ၏။

"ရမ်ဘိုရော. . . ရမ်ဘို"

www.burmeseclassic.com

www.burmeseclassic.com



"လာနေပြီ၊ သမီးနောက်က ပါလာတာ"

ပြောပြီး သိပ်မကြာခင်မှာပဲ အခန်းထဲကို ခွေးတစ်ကောင် ဝင်လာလေ၏။

ခွေးသည် အခန်းထဲ ရောက်ရောက်ချင်းမှာပဲ ခဏရပ်သွားပြီး လင်းသစ်ကိုကြည့်ကာ အဆက်မပြတ် ဟောင်လေတော့၏။

"ဟဲ့. . . ရမ်ဘို ဘာဖြစ်လို့ ဒီလောက်တောင် ဟောင်နေတာလဲ၊ နင်ကလည်း ဘာလုပ်နေတာလဲ၊ မထိုင်ဘူးလား၊ ပြီးရင် ကျောင်းသွားရတော့မှာ၊ အချိန်မရှိဘူး"

ငူငူငိုင်ငိုင်ကြီးနဲ့ မတ်တတ်ရပ်နေသောသူကို အမျိုးသမီးကြီးက နီးစပ်ရာခုံတွင် ဖိုးဖိုးဆတ်ဆတ်နှင့် ဝင်ထိုင်ခိုင်း၏။

သူလည်း အူကြောင်ကြောင်ဖြစ်ပြီး ခုံပေါ်က ဇွန်းနှင့် ခရင်းကို ကောက်ကိုင်လိုက်မိ၏။

"ဟာ. . ."

ဇွန်း ခရင်းကိုင်ထားသော သူ့လက်သည် အနည်းငယ် ပိုကြီးနေသည်ဟု ထင်မိ၏။

"ကိုကြီး မစားဘူးလား၊ မစားရင် သားစားလိုက်မယ်နော်"

သူ့ရှေ့က ကောင်လေးက သူ့ကို ရင်းရင်းနှီးနှီး လှမ်းပြောပြီး သူ့ပန်းကန်ထဲက မုန့်တစ်ခုကို ဖျတ်ခနဲ လှမ်းယူလိုက်၏။

"အင်း. . . ယူစားလေ၊ ရပါတယ်"

ပါးစပ်က ထွက်သွားသော သူ့အသံကို ပြန်ကြားရချိန်တွင်



လင်းသစ်သည် ထိတ်လန့်သွားလေ၏။

သူ့အသံသည် တစ်မျိုးဖြစ်နေ၏။ သူ မကြားဖူးသည့် သူစိမ်းတစ်ယောက်အသံ ဖြစ်နေတာကို သတိထားမိလိုက်သည်။

ထိုစဉ် ဧည့်ခန်းထဲမှာ တွေ့ရတဲ့ ဦးလေးကြီးက အခန်းထဲ ဝင်လာလေ၏။ ထို့နောက် သတင်းစာကို စားပွဲပေါ် ပစ်ချတာ ရေခဲသေတ္တာထဲကနေ ရေတစ်ပုလင်းယူပြီး ဧည့်ခန်းထဲ ပြန်ထွက်သွားပြန်သည်။

လင်းသစ်သည် သူ့ဘေးနားမှာ တင်ထားသော သတင်းစာကို တစ်ချက်ကြည့်လိုက်သည်။ သတင်းစာမှာ ခေါက်ထားသော်လည်း သတင်းစာနာမည်ကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

သူတို့အိမ်မှာ ယူနေကျ သတင်းစာ ဖြစ်၏။

သတင်းစာ နာမည်အောက်က နေ့စွဲနေရာကို အကြည့် တစ်ချက် ရောက်သွားသည်။

## တနင်္လာနေ့၊ ၂၃ ရက်၊ ဒီဇင်ဘာလ

"ဟင်. . ."

ရုတ်တရက် အံ့ဩသွားပြီး ဟုတ်ရော ဟုတ်ရဲ့လားဆို တွေးမိကာ သတင်းစာကို နှစ်ခေါက် ပြန်ကြည့်မိသည်။

သေချာသည်။ ရက်စွဲမှာ ခုနက ဖတ်မိသော ရက်စွဲပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တစ်ခုခုတော့ လွဲနေပြီ။

ထိုစဉ်-

"ဟဲ့. . . ထူးဝေ၊ နင် မျက်နှာရော သစ်ပြီးရဲ့လား"

ဆိုပြီး ခုနက အမျိုးသမီးကြီးက သူ့ပခုံးကို ပုတ်ကာ လှမ်းပြောလိုက်လေ၏။

ရုတ်တရက် ထခုန်မိမတတ် ထိတ်လန့်သွားလေ၏။ ထူးဝေ ဘယ်မှာလဲ ထူးဝေ၊ အခန်းထဲကို လိုက်ကြည့်မိသော်လည်း ထူးဝေဆိုသည့်သူကို မတွေ့ရချေ။ သေချာသည်။

အမျိုးသမီးကြီးက သူ့ကို ထူးဝေလို့ ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ဒါပေမယ့် သူ့နာမည်က ထူးဝေ မဟုတ်. . .။ သူ့နာမည်က လင်းသစ် ဖြစ်သည်။

ဘာဖြစ်လို့ ထိုအမျိုးသမီးကြီးက သူ့ကို ထူးဝေလို့ ခေါ်တာပါလိမ့်။

လင်းသစ်သည် ယခုဖြစ်နေသော အခြေအနေကို နည်းနည်းတော့ ကြောက်ရွံ့လာပြီ ဖြစ်သည်။

"မျက်နှာ မသစ်ရသေးဘူး မှတ်လား၊ သွားသစ်ဦး။ နင်ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာကလည်း အူကြောင်ကြောင်နဲ့"

လင်းသစ်သည် ထိုင်နေရာမှထပြီး ထမင်းစားခန်းနှင့် ကပ်လျက်ရှိသော ရေချိုးခန်းထဲကို လှမ်းဝင်လိုက်၏။

"ဟင်. . . ဘယ်သူကြီးလဲ"



ရှေ့တည့်တည့်ရှိမှန်ထဲတွင် သူစိမ်းတစ်ယောက်၏ မျက်နှာကို တွေ့လိုက်ရသောကြောင့် ဘယ်သူလဲဆိုပြီး နောက်ကို လှည့်ကြည့်မိသည်။ ဘယ်သူမှမတွေ့ရသောကြောင့် ရှေ့ကို ပြန်ကြည့်ရာ ထိုသူစိမ်းကိုပဲ မှန်ထဲမှာ ပြန်မြင်နေရသည်။

မဟုတ်သေးပါဘူး။

လင်းသစ်က သူ့မျက်နှာကို လက်နှင့်ကိုင်လိုက်သည်။ မှန်ထဲက သူစိမ်းကလည်း သူကိုင်သလို လိုက်ကိုင်၏။ လင်းသစ်သည် မှန်ထဲရှိ သူ့ပုံစံကိုကြည့်ပြီး တုန်လှုပ်သွားလေသည်။ မှန်ထဲမှာ မြင်နေရသော မျက်နှာသည် သူ့မျက်နှာမဟုတ်. . .။ ဘယ်သူလဲ။ သူ ဘယ်သူလဲ။ ငါ ဘယ်သူ့ရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေတာလဲ။

မှန်ထဲတွင် လင်းသစ်၏ ခန္ဓာကိုယ်သည် သူ၏ ခန္ဓာကိုယ် မဟုတ်ဘဲ အခြားတစ်ယောက်၏ ခန္ဓာကိုယ်ဖြစ်နေတာကို တွေ့လိုက်ရသည်။

သေချာတာကတော့ သူသည် အခြားတစ်ယောက်၏ ခန္ဓာကိုယ်ထဲ ရောက်နေတာကို ထိတ်လန့်စွာ တွေ့လိုက်ရလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၃)

သူ မသိသော သူစိမ်းတစ်ယောက်အိမ်မှာ ရုတ်တရက် လန့်နိုးလာပြီး သူ၏ ခန္ဓာကိုယ်မှာလည်း သူစိမ်းတစ်ယောက်၏ ခန္ဓာကိုယ် ဖြစ်နေတာကို တွေ့လိုက်ရသော လင်းသစ်မှာ ဆောက်တည်ရာမရ ဖြစ်နေလေသည်။

ရေချိုးခန်းတံခါးကို ဂျက်သေချာထိုးလိုက်သည်။ မှန်ထဲကို နောက်တစ်ခေါက် ပြန်ကြည့်လိုက်၏။ သူစိမ်းတစ်ယောက်ကိုပဲ တွေ့ရသည်။

ဒါ... ဒါ... ဟိုအမျိုးသမီးခေါ်တဲ့ ထူးဝေဆိုတဲ့ လူပဲ ဖြစ်ရမည်။ မဟုတ်ဘူး... မဟုတ်ဘူး။

ငါ ထူးဝေ မဟုတ်ဘူး။ လင်းသစ်...။ အဲ့ဒီအမျိုးသမီး ကြီးကရော ဘယ်သူလဲ။ ငါ ဘယ်ရောက်နေတာလဲ။ ငါ့နာမည်က လင်းသစ်။

အမေ... အမေရော၊ အမေ ဘယ်မှာလဲ၊ ငါ့အမေ ဘယ်မှာလဲ။



လင်းသစ်မှာ စိတ်မထိန်းနိုင်ဘဲ ဘေစင်ကို လက်နဲ့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားနေမိသည်။

သူ၏အဖြစ်မှာ အံ့ဩထိတ်လန့်စရာကောင်းနေသောကြောင့် ချက်ချင်းဆိုသလိုပင် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေလေသည်။

စိတ်သည် လင်းသစ်ဖြစ်နေပြီး ခန္ဓာကိုယ်သည် သူတစ်ခါမှ မမြင်ဘူးသော ထူးဝေဆိုသည့် လူ၏ ခန္ဓာကိုယ် ဖြစ်နေလေသည်။

ဘာဖြစ်တာလဲ။ အိပ်မက် မက်နေတာလား။

သူ့ကိုယ်သူ ခပ်နာနာလေး ဆိတ်ဆွဲကြည့်မိသည်။

တာ... နာသွားသောကြောင့် အိပ်မက် မဖြစ်နိုင်။ နေပါဦး၊ ငါ... ထက်ကောင်းနဲ့ နောက်ဆုံး Cheess ထိုးခဲ့တာက...။

သေချာပြန်တွက်ကြည့်နေမိသည်။ ခုနက သတင်းစာထဲ က ရက်စွဲအရဆိုရင်...

"မဖြစ်နိုင်ဘူး"

လင်းသစ်သည် နောက်တစ်ခေါက် ပြန်တွက်ကြည့်လိုက်သည်။ သူ ထက်ကောင်းနဲ့ Chess ထိုးခဲ့တာက သောကြာနေ့၊ ဇူလိုင်လ ပထမပတ်လောက်ကပဲ။

ဒါဆို အဲဒီအချိန်နှင့် ယနေ့အချိန် ကြားတွင် ခြောက်လ တိတိ ကွာခြားနေတာကို တွေ့ရသည်။ ထိုကြားကာလအတွင်းမှာ သူ ဘာဖြစ်ခဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ မမှတ်မိတော့။

“ဒေါက်. . . ဒေါက်”

“ဟဲ့. . . မျက်နှာသစ်တာ ကြာလှချည်လား၊ ဒီမှာ နင့်ညီက ရှူးရှူးပေါက်ချင်လို့တဲ့”

လင်းသစ်သည် မျက်နှာကို ကမန်းကတန်းသစ်လိုက်၏။

ပြီးနောက် အပြင်ထွက်ပြီး ထူးဝေဟာ သူမဟုတ်ပါဘူး။ သူ့နာမည်က လင်းသစ်ပါလို့ ပြောလိုက်ရင်ကောင်းမလားဟု တွေးလိုက်၏။

သို့သော် သူ့ကို ဘယ်သူက ယုံမှာလဲ။ ဒီခန္ဓာကိုယ်ကြီးထဲမှာ ရှိနေတဲ့သူဟာ လင်းသစ်ပါလို့ ဘယ်သူက ယုံမှာလဲ။

“ဒေါက်. . . ဒေါက်”

“ဟဲ့. . . ထူးဝေ”

တံခါးကို ဆွဲဖွင့်လိုက်သည်။

ထူးဝေ အမေသည် သူ့ကို ပွစိပွစိပြောရင်း သူ့သားငယ်ကို အထဲ ထည့်လိုက်၏။ ထို့နောက် လင်းသစ်ဘက်လှည့်ကာ-

“ကဲ မြန်မြန်စား၊ ပြီးရင် အကျီသွားလဲတော့။ နင့်ကို ငါ ရုံးသွားရင်းနဲ့ ကျောင်းကို ဝင်ပို့ပေးခဲ့မယ်။ နင့်အမနဲ့ နင့်ညီကိုတော့ နင့်အဖေက ခေါ်သွားလိမ့်မယ်”

■

(၄)

ကျောင်းတစ်ကျောင်းရှေ့မှာ သူ့ကို ချထားပေးခဲ့ပြီး ထွက်ခွာသွားသောကားကိုကြည့်ကာ တော်တော်ကြာသွားသည်အထိ ငူငိုင်ငိုင်နဲ့ ရပ်နေမိသည်။

ယခုအခါတွင် လင်းသစ်သည် ထူးဝေ၏ ခန္ဓာကိုယ်၊ ထူးဝေ၏ အဝတ်အစား၊ ထူးဝေ၏ ကျောပိုးအိတ်တို့နှင့်အတူ ထူးဝေ တက်နေသော ကျောင်းရှေ့ကို ရောက်နေပြီ ဖြစ်သည်။

သူ ဘာလုပ်ရမလဲ။

ပိုဆိုးတာက သူ ရောက်နေသောနေရာသည် ဘယ်နေရာမှန်း သူလည်း မသိချေ။ သူတစ်ခါမှ မရောက်ဖူးသောနေရာတစ်နေရာဖြစ်သည်။

ကျောင်းကလည်း သူနေသောနေရာမှာ တစ်ခါမှ မတွေ့ဖူးသော ကျောင်းတစ်ကျောင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းသစ်သည် ကျောင်းထဲကို မဝင်သေးဘဲ ကျောင်းရှေ့ရှိ ကော်ဖီဆိုင်နံရံကိုမှီကာ ထူးဝေ ကျောပိုးအိတ်ကို ရင်မှာ ပိုက်ထားပြီး ဘာလုပ်ရမလဲဆိုကာ စဉ်းစားနေမိ၏။

ထိုစဉ် လက်တစ်ဖက်က ထူးဝေ လွယ်အိတ်ရဲ့ ဘေးတစ်ဖက်ကို စမ်းမိလိုက်သည်။

မာကျောသော အရာတစ်ခုကို စမ်းမိသောကြောင့် အိတ်ကို ဖွင့်ပြီး ထုတ်ကြည့်ရာ ဖုန်းတစ်လုံး ဖြစ်နေတာကို တွေ့ရသည်။

ထိုအခါမှပဲ သူ၏ အမေကို ဖုန်းဆက်ရင် ရသားပဲဆိုပြီး တွေးမိကာ အပျော်ကြီး ပျော်သွားလေ၏။

သို့သော် ယနေ့သည် တနင်္လာနေ့ဖြစ်ပြီး နာရီကို ကြည့်လိုက်တော့ ၈ နာရီ ၂၅ မိနစ်ခန့် ရှိနေပြီဖြစ်သည်။

အဖေကတော့ ရုံးသွားနေပြီဖြစ်ပြီး သူ့အမေကတော့ ညီလေးကို နံနက်စာကျွေးပြီး ကျောင်းပို့ဖို့ ကားပေါ်ရောက်နေလောက်ပြီ ဖြစ်သည်။

ခက်တာက သူ့အဖေ၊ အမေရဲ့ ဖုန်းနံပါတ်တွေကို အလွတ်မရခြင်း ဖြစ်သည်။

သူ့ရဲ့ဖုန်းထဲက ဖုန်း List တွေထဲမှာသာ မှတ်ထားလေ့ရှိသည်။ ဒါပေမယ့် အိမ်ဖုန်းနံပါတ်ကိုတော့ အလွတ်မှတ်မိ၏။ အခုအချိန်ဆို အိမ်မှာ လူတစ်ယောက်မှ မရှိသောကြောင့် ဖုန်းဖြေမည့်သူ ရှိမှာမဟုတ်ချေ။



အမေ့ ရုံးဖုန်းကို ဆက်ရင်ရော. . .။ ရုံးဖုန်းကိုတော့ သူ ဆက်မိသည်။

ဒီအချိန်မှာ ရုံးကို အမေ မရောက်သေးပေမယ့် Message ချန်ထားလို့တော့ ရသည်။ သူ့အမေရဲ့ ရုံးဖုန်းနံပါတ်ကို ပြန်စဉ်းစားလိုက်သည်။

ဖုန်းနံပါတ်က အပူး နံပါတ်များဖြစ်သောကြောင့် အလွယ်တကူ မှတ်မိနေသေးသည်။

ဒါပေမယ့် အမေ့ကို ဖုန်းထဲမှာ ဘယ်လိုပြောရမလဲ။ ခြောက်လတိတိ ဘာတွေဖြစ်ခဲ့မှန်း မသိ. . .။ အခုလည်း ဘယ်ကို ရောက်နေမှန်း မသိတဲ့အဖြစ်အပျက်ကို သူဘယ်လိုပြောရမလဲ။

နောက်ဆုံးတွင် လင်းသစ်သည် နံပါတ်အချို့ကို ခပ် သွက်သွက်လေး နှိပ်လိုက်၏။

"တူ. . . တူ. . . တူ. . ."

ဖုန်းဝင်သွားပြီး ခဏအကြာတွင် ကိုင်မယ့်သူ မရှိသောကြောင့် Message ထားခဲ့ရန်ပြောသည့် အလိုအလျောက် စကားသံတို့ ကြားလိုက်ရသည်။

အသံသွင်းထားသော သူ့အမေအသံကို ကြားလိုက်ရသောကြောင့် လင်းသစ်မှာ တုန်တုန်ယင်ယင် ဖြစ်သွားပြီး-

"အမေ. . . သား လင်းသစ်ပါ၊ သား. . . ဘာတွေဖြစ်ပြီး၊ ဘယ်တွေရောက်နေမှန်း မသိဘူး အမေ၊ သားကိုလာခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား အမေ၊ သား အိမ်ပြန်ချင်တယ်၊ ကြောက်လည်း ကြောက်နေတယ် အမေ"

ဖုန်းကို ချလိုက်သည်။

အမေသည် သူ့အသံကိုကြားပြီး ဆက်ထားသော ထူးဝေဖုန်းကို ပြန်ခေါ်ပေလိမ့်မည်။ မျက်ဝန်းက မျက်ရည်များကို သုတ်ပစ်လိုက်ပြီး အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်သည်။

ယခုဆိုရင် လင်းသစ်သည် သူ့အမေ ပြန်ခေါ်မည့်ဖုန်းကို စောင့်နေရုံပဲ ရှိတော့သည်။

နာရီကို တစ်ချက်ကြည့်လိုက်သည်။ ကိုးနာရီထိုးဖို့ (၁၀) မိနစ် လိုသေးသည်။

သူ့အမေသည် ကိုးနာရီကျော်မှသာ ရုံးရောက်သောကြောင့် နည်းနည်းတော့ စောင့်ရပေမည်။

ထိုအချိန်တွင် သူ့လက်ထဲတွင်ကိုင်ထားသော ဖုန်းမြည်သွားလေ၏။

Message တစ်ခု ရောက်လာခြင်း ဖြစ်သည်။ Message ကို ဖွင့်ကြည့်လိုက်ရာ ကောင်မလေးတစ်ယောက်ဆီမှ Message ဖြစ်ပြီး ဘာတွေ ရေးထားမှန်းမသိချေ။ ထူးဝေရဲ့ ကောင်မလေး တစ်ယောက်ဖြစ်ပုံရသည်။

နာမည်က 'နှင်းလဲ့ဝါ'ဟု ရေးထား၏။

ထိုအခါမှပဲ လင်းသစ်သည် သူ၏ ကိုယ်ပိုင်ဖုန်းနံပါတ်



အတိုင်းနေကျ ဟန်းဖုန်းကို ခေါ်ကြည့်ရန် သတိရလိုက်သည်။

ဟုတ်သားပဲ။ သူ့ရဲ့ ဖုန်းနံပါတ်ကို တစ်ယောက်ယောက်ကိုင်ထားရင် ကိုင်ထားနိုင်တယ်။

ချက်ချင်းဆိုသလိုပဲ လင်းသစ်သည် သူ၏ နံပါတ်အဟောင်းကို နှိပ်လိုက်သည်။

ထို့နောက် ဖုန်းကို နားထောင်လိုက်သောအခါ 'သင်ခေါ်ဆိုသော ဖုန်းနံပါတ်မှာ တပ်ဆင်ထားခြင်း မရှိပါ'ဟု ပြန်ဖြေသံကို ကြားလိုက်ရသောကြောင့် လင်းသစ်မှာ သူ့ဖုန်းနံပါတ် မှားနှိပ်မိသည်ထင်သောကြောင့် ဖုန်းနံပါတ်ကို သေချာကြည့်လိုက်သည်။

ဖုန်းနံပါတ်လည်း အမှန်ပါပဲ။ ဘာဖြစ်လို့ မရတာပါလိမ့်။ နောက်တစ်ခေါက် ထပ်နှိပ်ပြီး ခေါ်ကြည့်သည်။

'တပ်ဆင်ထားခြင်း မရှိပါ'ဆိုသည့် ဖြေသံကိုသာ ကြားရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

အား. . .

www.burmeseclassic.com

www.burmeseclassic.com

(၇)

သူ၏စိတ်သည် မွန်းကျပ်လာသောကြောင့် ပြေးမိပြေးရာ ပြေးလာခဲ့ရာ ဘယ်ကိုရောက်လို့ရောက်မှန်း မသိတော့ချေ။

တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်လာပြီး မခံမရပ်နိုင်အောင် မောပန်းလာမှပင် ပြေးတာကို ရပ်လိုက်၏။

ခြောက်လတိတိ ပျောက်နေတဲ့ သားတစ်ယောက်ကို မိဘတွေက ဘယ်လိုထင်မလဲ။

ပျောက်ဆုံးကြောင်း ရဲစခန်းမှာ အမှုဖွင့်ထားမလား။ ဒါပေမယ့် အခုနေအခါမှာ သူ့မိဘတွေက သူ့ကိုတွေ့ရင် လင်းသစ်လို့ ယုံပါ့မလား။

သူရဲ့ အတွေးတွေက လင်းသစ်အတွေးတွေ ဖြစ်နေပေမယ့် သူ့ ခန္ဓာကိုယ်ကတော့ ထူးဝေရဲ့ ခန္ဓာကိုယ် ဖြစ်နေသည်။

ဒါကို ဘယ်လို ရှင်းပြရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



၆ လအတွင်း ဘာတွေဖြစ်ခဲ့လဲဆိုတာ မသိတော့ သူလည်းပဲ ဝေဝေဝါးဝါး ဖြစ်နေသည်။

ထိုသို့တွေးရင်း လမ်းလျှောက်လာရာ အရှေ့တွင် ဘူတာရုံတစ်ခုကို တွေ့လိုက်ရ၏။

ထိုအခါမှပဲ သူရောက်နေသောမြို့နာမည်ကို တွေ့လိုက်ရသည်။ သူနေသောမြို့နှင့် မိုင် (၂၅၀)ကျော် ကွာဝေးသောမြို့ကို သူ ရောက်နေခြင်း ဖြစ်သည်။

■

(၆)

ကိုးနာရီထိုးပြီးလို့ ၁၀ မိနစ်ရှိပြီ ဖြစ်သည်။ ဒီအချိန်လောက်ဆိုရင် ရုံးကို အမေ ရောက်နေလောက်ပြီ ဖြစ်သည်။

သူပြောထားတဲ့ Voice Message အသံကိုကြားပြီး သူ့ဆီကို ပြန်ဆက်သင့်နေပြီ ဖြစ်သည်။

ဒါပေမယ့် ယခုထိ ဖုန်းမဆက်သေးချေ။

လင်းသစ်သည် သူ့လက်ထဲကဖုန်းကို ဖွင့်ကြည့်လိုက် ပြန်ပိတ်လိုက် လုပ်နေမိရာ ဖုန်းမှာ Battery ကုန်တော့မယ်မှန်း သတိထားမိလိုက်သည်။ ထို့ကြောင့် ထူးဝေကျောပိုးအိတ်ကိုဖွင့်ကြည့်ပြီး ဖုန်းအားသွင်းကြိုး ပါလိုပါငြား ရှာကြည့်လိုက်သည်။

ပထမဦးဆုံး စာအုပ်တွေ ထွက်လာ၏။ ကျောင်းသင်ခန်းစာစာအုပ်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေသည် မာတုဗေဒ အမိက ဒုတိယနှစ်ကျောင်းသား ဖြစ်တာကို တွေ့ရသည်။

နောက်ထပ် တွေ့ရတာကတော့ စီးကရက်ဘူး တစ်ဘူး၊ မင်ကုန်ခါနီး ဘောပင်တစ်ချောင်းနှင့် ဟိုရေးဒီရေး ရေးထားသော စာရွက်အတိုအစများသာ တွေ့ရသည်။

ဖုန်းအားသွင်းကြိုးကို မတွေ့ရချေ။ ဖုန်းကို တစ်ချက် ကြည့်လိုက်၏။

ခုနတုန်းက စိတ်စောနေသောကြောင့် သတိမထားမိသော်လည်း အခုအခါတွင် ဖုန်းရဲ့ ဘက်ထရီမှာ ၆% သာကျန်တော့သည်ကို တွေ့ရလေသည်။

ဘယ်လိုလုပ်မလဲ။ ဖုန်းအားသွင်းကြိုးလည်း မပါလာဘူး။ အရေးကြီး အမေ့ရဲ့ဖုန်းကလည်း ပြန်လာဖို့ ရှိသည်။

အခုနေ ဖုန်းလာရင် ကောင်းမယ်ဟု စိတ်ထဲ တွေးရင်း ယောက်ယက်ခတ်နေလေသည်။

ခုနက ထုတ်ထားသော စာအုပ်များကို ကျောပိုးအိတ်ထဲ ပြန်ထည့်လိုက်သည်။

စီးကရက်ကတော့ မသောက်သောကြောင့် နီးစပ်ရာ ရေမြောင်းထဲကို လွှင့်ပစ်လိုက်သည်။

ထို့နောက် ကျောပိုးအိတ်ကိုလွယ်ကာ ကျောင်းရှိရာဘက်ကို ခပ်မြန်မြန် လျှောက်လာခဲ့သည်။



"တီ. . . တီ"

တယ်လီဖုန်းသံ မဟုတ်ဘဲ အားကုန်ခါနီးဖြစ်သောကြောင့် သတိပေးသံ ထွက်ပေါ်လာခြင်း ဖြစ်သည်။

မဖြစ်ဘူး၊ နီးစပ်ရာဆိုင်တစ်ဆိုင်ဝင်ပြီး အားသွင်းကြိုး တဲ့ဖုန်းကို ရှာမှပဲဟု တွေးလိုက်မိသည်။

ပိုဆိုးတာက လမ်းတစ်လျှောက်လုံး ကျောင်းရောက်တဲ့ အထိ ဘယ်ဆိုင်မှ မတွေ့ခြင်းပင် ဖြစ်သည်။

■

www.burmeseclassic.com

## (၇)

ထိုစဉ် ရုတ်တရက် ဖုန်းသံမြည်လာလေ၏။

"ဟင်. . ."

Rap သီချင်းတစ်ပုဒ်သံ Ringtone ဖြစ်ပြီး ဖုန်းသံစိမ်းနေသောကြောင့် ရုတ်တရက် ကြောင်နေမိ၏။

ထို့နောက် သတိပြန်ဝင်လာပြီး ဖုန်းကို ကိုင်လိုက်ရာ ဖုန်း Battery မှာ ပိတ်ကျသွားလေ၏။

"ဟာ. . ."

လင်းသစ်မှာ ဖုန်းကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြန်သည်။

အမေ့ရဲ့ဖုန်း. . . အမေ့ရဲ့ဖုန်း ဖြစ်မည်။ ထိုအချိန်တွင် လင်းသစ်မှာ ကျောင်းထဲကို ရောက်နေပြီဖြစ်ပြီး ခပ်လှမ်းလှမ်းတွင် ကန်တင်းကို လှမ်းမြင်နေရပြီ ဖြစ်သည်။



ခြေလှမ်းကို ခပ်သွက်သွက် လှမ်းနေရာမှ ကန်တင်းရှိရာကို အားသွန်ခွန်စိုက် ပြေးလိုက်သည်။

အခုအချိန်တွင် သူ့အတွက် ဖုန်းဘက်ထရီသွင်းဖို့က အဓိက ဖြစ်နေလေသည်။

နီးစပ်ရာ ကန်တင်းတစ်ခုထဲ လှမ်းဝင်လိုက်သည်။

"အစ်မ အစ်မ ဖုန်း. . . ဖုန်း အားသွင်းတဲ့ကြိုး ရှိလား"

ကောင်တာမှာထိုင်နေတဲ့ အစ်မကြီးမှာ သူ့ပုံစံကိုကြည့်ပြီး ကြောက်ကြောက်လန့်လန့် ဖြစ်သွားလေ၏။

သူ့ပုံစံက ကြောက်လည်း ကြောက်စရာပင်။ ချွေးသံတရွှဲရွှဲ။ ကန်တင်းထဲကို ဝရုန်းသုန်းကား ပြေးဝင်လာ၊ ဖုန်းအားသွင်းကြိုးကို အလျှိုက်သလို မေးနေတော့ အားလုံး ကြောက်ကြပြီပေါ့။

ဆိုင်ထဲက စားသောက်နေတဲ့ ကျောင်းသားကျောင်းသူ အချို့တောင် သူ့ကိုကြည့်နေကြ၏။

"ရှိ. . . ရှိတယ်. . . ဘာလုပ်မလို့လဲ"

"ခဏ. . . ခဏ ပြကြည့်ပါလား အစ်မရယ်"

အစ်မကြီးက ကောင်တာစားပွဲထဲ ထည့်ထားသော အားသွင်းကြိုးကို ထုတ်ပြလေ၏။

သူ့ဖုန်း အားသွင်းကြိုးနှင့် မတူသောကြောင့် လင်းသစ် စိတ်ပျက်သွားလေသည်။

"အခြားကြိုး ရှိသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး၊ ဒီတစ်ချောင်းပဲရှိတာ"

ခေါင်းက ဆံပင်များကို ထိုးဖွရင်း ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိသည်။

ဆိုင်ထဲတွင် ထိုင်နေသော ကျောင်းသားကျောင်းသူများကလည်း သူ့ကို တအံ့တဩ ကြည့်နေတာတွေ့ရတော့ အတွေးတစ်ခုရသွားပြီး သူရဲ့ဖုန်းကို ကိုင်မြှောက်ပြကာ-

"ဒီဖုန်းကို အားသွင်းလို့ရမယ့်ကြိုးလေးများ ပါလား မသိဘူးခင်ဗျာ၊ အရေးကြီးလို့ပါ ကူညီပေးပါ"

အားလုံးကလည်း စပ်စပ်စုစုနှင့် ကြည့်ကြလေ၏။

တချို့က-

"ဘာဖုန်းလဲ"

ဟု လှမ်းမေး၏။

သူလည်း ဘာဖုန်းမှန်းမသိသောကြောင့် ဖုန်းတံဆိပ်ကို ကြည့်ပြီး ပြန်ပြောရလေသည်။

ကံကောင်းစွာနှင့်ပင် ကန်တင်းတွင် ထိုင်နေသော ကျောင်းသားတစ်ယောက်ရဲ့ဖုန်းက လင်းသစ်ကိုင်ထားသောဖုန်းနှင့် အမျိုးအစား အတူတူပင် ဖြစ်နေသည်။

အချိန်သည် ကိုးနာရီထိုးပြီးလို့ မိနစ် ၂၀ ရှိနေပြီ ဖြစ်သည်။

■

(၈)

လင်းသစ်သည် ကန်တင်းရှိ စားပွဲတစ်ခုတွင် စိတ်ပျက်သတ်ပျက်နှင့် ထိုင်ချလိုက်လေ၏။

အားပြန်သွင်းထားသော ဖုန်းကိုလည်း စားပွဲပေါ် တင်ထိုးတ်သည်။

စိတ်ညစ်နေသောကြောင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်အားဘဲ မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ သက်ပြင်း အကြိမ်ကြိမ်ချနေမိသည်။

ဖုန်းကို ပြန်ကိုင်လိုက်မိပြန်၏။ ခုနက နားထောင် ပြီးဖြစ်သော Voice Message ကို ပြန်ဖွင့်လိုက်သည်။

သူ့ဖုန်းပိတ်ကျသွားသောကြောင့် Voice Message ဝင်နေခြင်း ဖြစ်သည်။

သူ့အမေရုံးမှ ခေါ်ထားခြင်းဖြစ်သည်။ သို့သော် သူ့အမေ

www.burmeseclassic.com

www.burmeseclassic.com



အသံမဟုတ်ဘဲ သူ့အမေရှုံးက ဝန်ထမ်း ဒေါ်အေးမာရဲ့အသံ ဖြစ်သည်။ သူနှင့် ဖုန်း (၂)ခါလောက် ပြောဖူးသောကြောင့် ဒေါ်အေးမာရဲ့ အသံကို မှတ်မိနေခြင်း ဖြစ်သည်။

Voice Message ကို နောက်တစ်ခေါက် ပြန်နားထောင်လိုက်၏။

"ဟဲ့. . . နင် ဘယ်ကလဲ၊ ဘယ်က ဖုန်းသရဲလဲ၊ ဒီနံပါတ်ကို ဘယ်ကရလို့ ဆက်တာလဲ၊ သူများတကာကို အနှောင့်အယှက် ပေးရလို့ ပျော်နေတယ် ဟုတ်လား၊ သူ့ဘာသာသူ အေးအေးနေပါစေ၊ မနှောင့်ယှက်နဲ့"

အသံက ခဏရပ်သွားသည်။ ပြီးမှ-

"အေး. . . ဒီမှာ နောက်ဆုံး ပြောလိုက်မယ် ကောင်လေး မသင်းဆီကို နောက်တစ်ခေါက် ဒီလိုပဲ ဖုန်းဆက် အနှောင့်အယှက် ပေးမယ်ဆိုရင် ရဲကို တိုင်ရလိမ့်မယ်၊ Voice Message လည်း မပေးနဲ့၊ ဖုန်းလည်း မဆက်ပါနဲ့ ဒါပဲ"

ဖုန်းချသွားသောကြောင့် တူဆိုသည့်အသံသာ မြည်ပြီး ကျန်ခဲ့သည်။ ထူးဝေအသံဖြစ်နေသောကြောင့် သူ့ကို မမှတ်မိခြင်း ဖြစ်မည်။ လင်းသစ်ရဲ့ ရင်ထဲမှာ ဝမ်းနည်းခြင်း၊ အားငယ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ဖြင့် ရောထွေးကာ ရှုပ်ယှက်ခတ်နေ၏။

အခု ထူးဝေခန္ဓာကိုယ်ကြီးနဲ့ ဘာဆက်လုပ်ရမှာလဲ။ ပြီးတော့ သူ့ခန္ဓာကိုယ်ရော ဘာဖြစ်နေပြီလဲဆိုပြီး ဆက်တွေးမိလိုက်



သေး၏။

"ဟာ. . . ထူးဝေ၊ ဘာဖြစ်နေတာလဲ၊ အတန်းမတက်ဘူးလား"

သူ့ရှေ့တွင် သူ မသိသော လူနှစ်ယောက်က ရပ်ပြီး သူ့ပခုံးကို ပုတ်လိုက်လေ၏။

ထူးဝေ သူငယ်ချင်းနှစ်ယောက် ဖြစ်ပုံရသည်။

"မင်းကို. . . မကြီးဆိုင်မှာ ရှိမယ်ထင်လို့ လိုက်ရှာနေသေးတယ်။ မင်းက ဒီရောက်နေတာကိုး။ နေပါဦး မင်းက ဒီဆိုင်မှာ တစ်ခါမှ မထိုင်ဘူးဘဲနဲ့ ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ"

"ခေါင်းကိုက်လို့ကွာ၊ တစ်ခုခု သောက်ချင်တာနဲ့ နီးစပ်ရာ ဆိုင်ထိုင်လိုက်တာ"

"သောက်လို့ပြီးပြီလား၊ ပြီးရင် အတန်းချိန်နီးနေပြီ သွားရအောင်"

ထူးဝေ ခန္ဓာကိုယ်ကြီးနဲ့ ဘာမှ လုပ်စရာမရှိသောကြောင့် သူတို့ခေါ်ရာ လိုက်သွားလိုက်သည်။

ရင်ထဲမှာတော့ အမေ့ကိုသာ သတိရနေမိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ကျောင်းကနေ အိမ်ပြန်ရောက်သောအခါ အပေါ်ထပ်ကနေ ကျယ်ကျယ်လောင်လောင် ဖွင့်ထားသော သီချင်းသံကို ကြားရသည်။

တံခါးပိတ်ထားသောကြောင့် လူခေါ်ဘဲလ်ကို နှိပ်လိုက်ရသည်။

ဘယ်သူတစ်ဦးတစ်ယောက်မှ ထွက်မလာချေ။

ထို့ကြောင့် ဘဲလ်ကို အဆက်မပြတ် နှိပ်ထားလိုက်၏။ ခဏအကြာတွင် ထူးဝေရဲ့အစ်မက ဆူဆူအောင့်အောင့်လုပ်ကာ တံခါးလာဖွင့်ပေးလေ၏။ မျက်နှာမှာတော့ မိတ်ကပ် အဖွေးသားနှင့် ဖြစ်သည်။

"ဒီမှာ. . . သော့ကို ဒီလိုကိုင်၊ အပေါက်ထဲကို ထိုးထည့်လိုက်၊ ပြီးလို့ရှိရင် ဒီလိုလေး လှည့်လိုက်ရင် တံခါးက ပွင့်သွားရော"

တံခါးဖွင့်ပုံကို လက်ဟန်နှင့်ပြပြီး ဒေါသတကြီး ပြောလေ



၏။ တံခါးလာဖွင့်ပေးရ၍ စိတ်တိုနေပုံရသည်။

"သော့. . . သော့ကို မနက်ကတည်းက ရှာမတွေ့လို့ပါ"

လင်းသစ်သည် ယုတ္တိရှိအောင်လို့ လိမ်ညာပြောလိုက်ရသည်။

သို့သော် ခဏအကြာတွင် ထူးဝေအစ်မက သူ့ကို ဆွဲကာ ခေါ်သွားပြီး-

"ဒီမှာ တွေ့လား၊ သော့ကို အရင်ချိတ်ထားတဲ့နေရာမှာပဲ ချိတ်ထားတာ မတွေ့ဘူးလား၊ ကန်းနေလား"

ဆိုပြီး ပြောကာ အိမ်ပေါ်ထပ် တက်သွားလေ၏။

ထူးဝေနာမည် ရေးထားသောသော့က နံရံရှိ သော့ချိတ်ထားသည့်နေရာတွင် တွဲလောင်း ရှိနေတာကို တွေ့ရသည်။

လင်းသစ်လည်း သက်ပြင်းတစ်ချက်ချကာ အိမ်ထဲက အခြေအနေများကို တစ်ချက်ကြည့်လိုက်သည်။

ထူးဝေ အဖေနှင့် အမေ ပြန်ရောက်သေးပုံ မပေါ်ချေ။ အိမ်မှာ ထူးဝေတို့ မောင်နှမနှစ်ယောက်ပဲ ရှိပုံရသည်။

ထို့ကြောင့် အပေါ်ထပ်ကိုတက်ကာ အခန်းထဲ ဝင်နေလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ခုတင်ပေါ်မှာ ပက်လက်လှန် လှဲချလိုက်ရင်း အပေါ် မျက်နှာကြက်ကို ငေးကြည့်နေမိသည်။

စိတ်ကို ငြိမ်သက်အောင် အသက်ကို ခပ်ဖြည်းဖြည်းချင်း ရှူနေလိုက်၏။ သူ့အမေ၊ အဖေ. . .။ ပြီးတော့ သူ့ညီလေးရဲ့ မျက်နှာများ ပေါ်လာ၏။

လက်ကလည်း ဟန်းဖုန်းခလုတ်က နံပါတ်များကို နှိပ်ဖို့ ကြိုးစားနေမိသည်။

သို့သော်လည်း မနှိပ်ဖြစ်ပေ။

ဒေါ်အေးမာ ပို့ထားသည့် Voice Message ကိုသာ ဖွင့်ပြီး နားထောင်နေမိသည်။

"ဟဲ့ နင်က ဘယ်ကလဲ၊ ဘယ်က ဖုန်းသရဲလဲ၊ ဒီနံပါတ်ကို ဘယ်ကရလို့ ဖုန်းဆက်တာလဲ၊ သူများတကာကို အနှောင့်အယှက်



ရလို့ ပျော်နေတယ် ဟုတ်လား၊ သူ့ဘာသာသူ နေပါစေ၊ မနှောင့် ယှက်ပါနဲ့"

Voice Message ကို ပိတ်ချလိုက်သည်။

နောက်တစ်ခေါက် ပြန်ခေါ်ဖို့ ကြိုးစားချင်သော်လည်း ကြိုင်မှာလည်း စိုးရိမ်ရသည်။

ဒီအတိုင်းဆိုပါက သူ့ကို ဘယ်သူမှ ယုံမှာ မဟုတ်ပေ။ သည် အိမ်ကနေ ခြောက်လလုံးလုံး ပျောက်နေခဲ့သည်။

အဲဒီခြောက်လလုံးမှာ သူ ဘယ်ကိုရောက်နေလဲ၊ ဘာတွေ ်နေခဲ့လဲဆိုတာကို သူ မသိတော့။

ထူးဝေ. . . ထူးဝေရော။ သူဝင်နေတဲ့ ခန္ဓာကိုယ်ပိုင်ရှင် ာတရော ထိုခြောက်လလုံးလုံး ပုံမှန်အတိုင်း ရှိနေသလား။

စားမယ်၊ အိပ်မယ်၊ ကျောင်းသွားမယ်၊ ရည်းစားနဲ့ တွေ့ ်စသည်ဖြင့်ပေါ့။

ဒါဆို သူစိမ်းတစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့ နိုးထမလာခင် ာလုပ်နေလဲဆိုတာကို သူ့ကိုယ်သူ မမှတ်မိတော့။

အခန်းထဲမှာရှိနေသော ထူးဝေ ကွန်ပျူတာကို မျက်စိ ်သွားသည်။

ထို့ကြောင့် ခုတင်ပေါ်ကထကာ ကွန်ပျူတာကို ဖွင့်လိုက် ကွန်ပျူတာမှာ Password ခံထားသောကြောင့် ဘာမှ ဖွင့်လို့ ဲ ပြန်ပိတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာ ဖန်သားပြင်တွင် ပေါ်နေသော သူ့ရုပ်ကို ပြန်မြင်နေရသည်။

သူရဲ့ မျက်နှာမဟုတ်သော ထူးဝေရဲ့ မျက်နှာကို သူ ပြန်တွေ့ရသည်။

သူ့ရဲ့ အတွေးတွေသည် လင်းသစ်ဆိုသော လူငယ် တစ်ယောက်ရဲ့ အတွေးတွေပဲ ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာအရရော၊ သူ့ရဲ့ မှတ်ဉာဏ်၊ စိတ်ခံစားမှုစသည်တို့အားလုံးသည် လင်းသစ်ဆိုတာကို ဖော်ပြနေသည်။

ဒါပေမယ့် မှန်ထဲကိုကြည့်ပြီး 'ကျွန်တော်က လင်းသစ်ပါ' ဟု ပြောလိုက်တဲ့ သူ့ရဲ့ စကားလုံးများသည် သူတစ်ခါမှ မတွေ့ဘူးသော ထူးဝေရဲ့ နှုတ်မှထွက်သည့် စကားလုံးများ ဖြစ်နေသည်။

ဒ့ါအပြင် ကျောင်းမှာတုန်းကလည်း သူ့လက်နှင့် ရေးလိုက်သော လက်ရေးပုံစံများသည် သူတစ်ခါမှ မမြင်ဖူးသော လက်ရေးပုံစံများ ဖြစ်နေတာကို သတိထားမိလိုက်သည်။

ထို့ကြောင့် စာအုပ်အရှေ့ စာမျက်နှာပေါ်ရှိ လက်ရေးများနှင့် တိုက်ကြည့်သောအခါ သူ အခုရေးလိုက်သော လက်ရေးပုံစံသည် ထူးဝေရဲ့ လက်ရေးပုံစံအတိုင်း ဖြစ်နေတာကို တွေ့ရ၏။

ကဲ. . . ဒါဆို သူ့ကို ဘယ်သူက လင်းသစ်လို့ ပြောကြတော့မလဲ။ စကားပြောတဲ့ လေသံကအစ ထူးဝေရဲ့ အသံ ဖြစ်နေသည်။



ထိုစဉ် ဖုန်းထဲသို့ စာတစ်စောင် ဝင်လာ၏။ ထူးဝေရဲ့ ညည်းစား 'နှင်းလေ့ဝါ'ဆီက ဖြစ်၏။

နေ့ခင်းက ဘာဖြစ်လို့ လာမတွေ့တာလဲဆိုပြီး အပြစ်တင် ရေးထားခြင်း ဖြစ်သည်။

နာရီကို ကြည့်မိလိုက်သည်။

၆ နာရီထိုးနေပြီပဲ။

ဒီအချိန်ဆို သူ့အမေ အိမ်ပြန်ရောက်နေလောက်ပြီ။

သူ့အိမ်ဖုန်းနံပါတ်ကို ပြန်ရွတ်ကြည့်လိုက်၏။ မှတ်မိနေသေးသည်။ စိတ်လှုပ်ရှားပြီး ဖုန်းကို လှမ်းကိုင်လိုက်ရာ ဖုန်းပင် ပြုတ်ကျတော့မလို ဖြစ်သွား၏။

ထို့နောက် အသက်ကို ခပ်ပြင်းပြင်းရှူကာ ဖုန်းနံပါတ် တစ်ခုချင်းကို နှိပ်လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ကိုင်ဖုန်းလိုပင် 'ခေါ်ဆိုသောဖုန်းနံပါတ်မှာ တပ်ဆင်ထားခြင်း မရှိပါ'ဆိုပြီး Operator ရဲ့ ဖြေသံကို ကြားရသောကြောင့် လင်းသစ်မှာ တအံ့တသြ ဖြစ်သွားလေသည်။ နောက်တစ်ခေါက် ပြန်ခေါ်ကြည့်သည်။

ထိုအတိုင်းပဲ ပြန်ဖြေသည်။

ဘယ်လိုဖြစ်တာလဲ။

အဲ့ဒါ သူ့ရဲ့အိမ်ဖုန်းနံပါတ်ပါ။

သူ ခဏခဏ ခေါ်နေကျဖုန်းပဲ။

ဘာဖြစ်လို့ အခုမှ တပ်ဆင်ထားခြင်း မရှိဘူးလို့ ပြောနေရတာလဲ။ ခုတင်ပေါ်ကို စိတ်ပျက်လက်ပျက်နဲ့ ပြန်လှဲချလိုက်၏။

(၁၁)

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် ရုတ်တရက် လန့်သွားသည်။

"သား. . . ထူးဝေ၊ အိပ်နေတာလား"

ထူးဝေအမေ ပြန်ရောက်လာပုံရသည်။

"မအိပ်ဘူး၊ လှဲနေတာ"

"နေမကောင်းဘူးလား"

ပြောပြောဆိုဆိုနဲ့ အခန်းထဲ ဝင်လာသည်။

"နေကောင်းပါတယ်"

"အောက်မှာ မင်းကို ရမ်ဘိုက စောင့်နေတယ်လေ"

"ဟင်. . . ဘာဖြစ်လို့လဲ"

ခွေးက သူ့ကို စောင့်နေတယ်ဆိုသောကြောင့် တအံ့တသြဖြစ်သွားပြီး ပြန်မေးလိုက်မိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်မက အမေ့ကို ပြန်ရောက်ရောက်ချင်း အမေ့သားက ဒီနေ့ ဘာဖြစ်လဲမသိဘူး၊ ရမ်ဘိုကို အပြင်မှာ ထွက်ကျောင်းဖို့ အပေါ်ထပ်ကနေ ဆင်းမလာဘူးတဲ့။ အဲ့ဒါ ရမ်ဘိုက အပြင်ထွက်ချင်လွန်းလို့ တံခါးကို တကုတ်ကုတ်နဲ့ ဖြစ်နေတယ်တဲ့"

ထူးဝေက ကျောင်းကပြန်လာလျှင် သူ့ခွေးနဲ့အတူ အပြင်ကို လမ်းထွက်လျှောက်ပုံရသည်။

"အင်း. . . မဟုတ်ပါဘူး၊ သားလည်း အခုပဲ ဆင်းပြီး လမ်းလျှောက်ထွက်မလို့ပါ"

ဟု ပြောလိုက်ကာ အခန်းထဲကထွက်ပြီး အောက်ထပ်ကို ဆင်းခဲ့လိုက်သည်။

သူ့ကိုမြင်တော့ ရမ်ဘိုက ထိုးဟောင်လေ၏။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

သူ့ကို အပြင်ကို လိုက်ပို့ဆိုပြီး ပြောနေတဲ့ပုံစံမဟုတ်ဘဲ သူ့သခင် မဟုတ်တဲ့သူကို တွေ့ရသဖြင့် ထိုးဟောင်နေတဲ့ပုံစံဖြစ်သည်။

သူသည် ထူးဝေမဟုတ်ဘူးဆိုတာကို တစ်အိမ်လုံးမှာ ထိုခွေးတစ်ကောင်ပဲ သိပုံရလေသည်။

ဘာပဲဖြစ်ဖြစ် ထိုခွေးကိုခေါ်ပြီး အပြင်ထွက် လမ်းလျှောက်လိုက်သည်။

■

(၁၂)

"ကဲ. . . ရမ်ဘို၊ မင်းကို မင်းသခင်က ဘယ်တွေ ခေါ်သွားသလဲ့ရှိလဲ"

ခွေးက သူ့ကို တစ်ချက်ထိုးဟောင်ပြီး ငေးကြည့်နေလေ၏။ ဒါနဲ့ သူလည်း ခြေဦးတည့်ရာ လမ်းတွေကို လျှောက်ဝင်ပြီး ခွေးကို ချောင်းနေလိုက်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါတွင် စာကြည့်တိုက်တစ်ခုရှေ့ကို ရောက်သွားလေ၏။

ထူးဝေစာအုပ်ထဲမှာ တွေ့ဖူးတဲ့ စာကြည့်တိုက် နာမည်တစ်ခုပဲ ဖြစ်သည်။

ထူးဝေ လာလေ့ရှိပုံရ၏။

အထဲကို လှမ်းကြည့်လိုက်သောအခါ ကောင်တာတွင် အမျိုးသမီးကြီးတစ်ဦး ထိုင်နေတာကို တွေ့ရပြီး ကွန်ပျူတာခန်းတစ်ခန်းကိုလည်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်တာနက် အသုံးပြုနိုင်ပုံရသည်။ ဒါနဲ့ လင်းသစ်သည် ခွေးကို သစ်ပင်တစ်ပင်တွင် ချည်ထားခဲ့ပြီး စာကြည့်တိုက်ထဲကို ဝင်လိုက်၏။

"အံမယ်၊ ထူးဝေ၊ နင် မလာတာတောင် ကြာပြီပဲ"

ကောင်တာက အမျိုးသမီးကြီးက သူ့ကို နှုတ်ဆက်သည်။

"ကွန်ပျူတာပဲ သုံးမလို့လား"

"ဟုတ်တယ်"

"အချိန်တော့ သိပ်မရှိတော့ဘူးနော်၊ ၆ နာရီခွဲဆိုတာနဲ့ ပိတ်တော့မှာ"

နာရီကိုကြည့်လိုက်တော့ ၁၀ မိနစ်ခန့် အချိန်ရသေးသည်။

လင်းသစ်၏စိတ်ကူးမှာ အီးမေးလ်ကနေတစ်ဆင့် သူ့သူငယ်ချင်း ထက်ကောင်း (သူနဲ့ နောက်ဆုံး Chess ထိုးခဲ့သူ)ဆီကို ဆက်သွယ်ပြီး သူ့ရဲ့ အဖြစ်အပျက်ကို ပြောပြဖို့ စိတ်ကူးမိခြင်း ဖြစ်သည်။

ထက်ကောင်းရဲ့ လက်ကိုင်ဖုန်းနံပါတ်ကိုလည်း သူ့မိဘ ဖုန်းနံပါတ်တွေလို အလွတ်မရ။ ဖုန်းထဲမှာပဲ မှတ်ထားမိခြင်း ဖြစ်သည်။

"ဟိုထောင့်က ကွန်ပျူတာမှာ ထိုင်လို့ရတယ်"

"ဟုတ်ကဲ့"

ကွန်ပျူတာရှေ့တွင် ထိုင်လိုက်သောအခါ နာမည်နှင့်



မွေးနေ့ ရိုက်ထည့်ရန်ဆိုပြီး ကွန်ပျူတာ Screen တွင် ပေါ်နေသောကြောင့် နာမည်နှင့် မွေးနေ့ကို ရိုက်ထည့်လိုက်၏။

ထိုအခါ ကွန်ပျူတာမှာ ပွင့်သွားပြီး အင်တာနက် အသုံးပြုလို့ရပြီဖြစ်သည်။ ပထမဆုံး သူ့ရဲ့ ကိုယ်ပိုင် အီးမေးလ်ကို ဖွင့်လိုက်သည်။

သူ့ရဲ့ အီးမေးလ်ကို ခေတ္တယာယီ ပိတ်ထားကြောင်း ပြန်ပြောတာကို တွေ့ရ၏။

ဟင်. . . ဘာဖြစ်လို့ ပိတ်ထားတာလဲ၊ ဘယ်သူက ပိတ်ခိုင်းလို့လဲ။

လင်းသစ်သည် နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်မိ၏။ သို့သော်လည်း ထူးမခြားနားပဲ ဖြစ်နေသည်။

Password မှားလို့လား။ ဒါနဲ့ သူ့ Password ကို ပြန်ရွတ်ကြည့်သည်။ မှန်ပါတယ်။ သူ့ရဲ့ Password ကလည်း မမှားပါဘူး။

လင်းသစ်သည် ကွန်ပျူတာ စကရင်ကို တွေတွေကြီး စိုက်ကြည့်နေမိသည်။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့။

"ထူးဝေ၊ အန်တီတို့ ပိတ်တော့မယ်၊ ၆ နာရီလည်း ခွဲနေပြီ"

စာကြည့်တိုက် ပိတ်တော့မယ်ဆိုသောကြောင့် ကွန်ပျူတာရှေ့မှ ထလိုက်သည်။

စာကြည့်တိုက်ထဲတွင် လင်းသစ်တစ်ဦးတည်းသာ ကျန်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထို့ကြောင့် တစ်ဝက်ပိတ်ထားသည့် စာကြည့်တိုက် တံခါးကို တွန်းဖွင့်ကာ အပြင်ကို စိတ်ပျက်လက်ပျက်နဲ့ ပြန်ထွက်ခဲ့ လိုက်သည်။

လင်းသစ်သည် လမ်းလျှောက်နေရင်းမှပင် ခေါင်းထဲကို အတွေးတစ်ခု ရောက်သွားလေ၏။

စာကြည့်တိုက်ထဲရှိ ကွန်ပျူတာမှ နာမည်နှင့်မွေးနေ့ကို ဖြည့်ရန် တောင်းသောအခါ ထူးဝေနာမည်နှင့် သူ၏ ကိုယ်ပိုင် မွေးနေ့ကို ရိုက်ထည့်မိခဲ့ခြင်း ဖြစ်သည်။

ကွန်ပျူတာကလည်း သူရိုက်ထည့်လိုက်တာ မှန်တယ်ဆို သောကြောင့် သူနှင့် ထူးဝေသည် မွေးနေ့၊ မွေးလ၊ မွေးရက် အတူတူ ပင် ဖြစ်ကြောင်းကို အံ့သြစွာနဲ့ တွေ့ရလေ၏။

ဒါဆို . . . ထူးဝေနဲ့ သူနဲ့က အမွှာညီအစ်ကိုတွေလား။ လမ်းကို ခပ်သွက်သွက် လျှောက်နေမိသည်။

မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ အမွှာမဖြစ်နိုင်ဘူး။ ရုပ်ကလည်း ဘယ်လိုနည်းနဲ့မှ မတူပေ။

ခန္ဓာကိုယ်ကလည်း အလွန်ကွာခြားသဖြင့် အမွှာဖြစ်နိုင် သည်ဆိုသော သူရဲ့ အယူအဆက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပေ။

အိမ်ပြန်ရောက်သောအခါ ဒေါ်ယုယုမေ (ထူးဝေ၏ အမေ နာမည်၊ ထူးဝေ ကျောင်းစာအုပ်ထဲက သိရ)တို့ မိသားစုမှာ ညစာ ထမင်းစားနေပြီ ဖြစ်သည်။



သူလည်း ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ကာ ထမင်းစားရန် ပြင်လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မေးတာလဲ၊ ကျောင်းက ဆရာတွေကများ လိုက်လို့လား"

"ဟုတ်တယ်၊ ကျောင်းမှာ ဝိညာဉ်နဲ့ပတ်သက်ပြီး စာတမ်း ဘောမျိုး ရေးရမှာမို့လို့"

ရောယောင်ပြီး ရှိုးလိုက်သည်။

ထိုအခါ ဦးမြင့်သန်းက-

"အင်း. . . ဝိညာဉ်ဆိုတာ. . . "

ဟု စကားစလိုက်ပြီး ထမင်းပန်းကန်ကို တွေတွေကြီး စိုက် နေ၏။ ဘာဆက်ပြောရမလဲ စဉ်းစားနေပုံရသည်။

"ဝိညာဉ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာရော၊ အဲ့ဒီအချိန်မှာ မြင် အမြင်ရော. . . ဘယ်လို ပြောရမလဲဆိုတော့. . . "

ဘယ်လိုမှ မပြောလိုက်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တီယုမေက ကြားဖြတ်မေးလိုက်သောကြောင့် ဖြစ်သည်။

"ဟဲ့. . . နေပါဦး ရမ်ဘိုကို တွေ့မိကြသေးလား"

သေပြီ၊ ရမ်ဘိုကို စာကြည့်တိုက်နားက သစ်ပင်နားမှာ သားခဲ့ပြီ ဖြစ်သည်။

အဲ့ဒါနဲ့ ထမင်းကို ခပ်မြန်မြန်စားပြီး စာကြည့်တိုက်ဘက် ရသေးသည်။

■

## (၁၃)

"ဟို တစ်ခုလောက် မေးလို့ ရမလား"

လင်းသစ်သည် ထူးဝေအဖေကို ကြည့်ပြီး မေးလိုက်

ပါးစပ်က ထူးဝေအဖေကို အဖေဟုခေါ် ရမှာ မဝံ့မရဲဖြစ်နေပြီး ဦးမြင့်သ

ဟု ပါးစပ်က မထွက်သွားအောင်လည်း မနည်းသတိ ထားရသည်

ခုနကတောင် အန်တီယုမေဆိုပြီး ထွက်သွားလို့ အားလုံး

သူ့ကို ကြောင်ကြည့်နေသေးသည်။ နောက်မှ သူက နောက်

ထင်ပြီး အားလုံး ရယ်ရယ်မောမော ဖြစ်သွားကြ၍သာ တော်

သည်။

"ဘာမေးမလို့လဲ"

"ဟို. . . ဝိညာဉ်ဆိုတာ ယုံလား"

သူ့အမေးကြောင့် အားလုံးက ထမင်းစားနေရင်းမှ

ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ည (၁၀)နာရီထိုးပြီ ဖြစ်သည်။

ထူးဝေရဲ့ စာအုပ်စင်နှင့် အဝတ်ဗီရိုကို မွှေကြည့်နေခြင်း ဖြစ်သည်။ စာအုပ်စင်တွင် စာအုပ်တော်တော်များများကို တွေ့ရသည်။ ထိုဘေးတွင်တော့ စာကြည့်စားပွဲ ရှိ၏။

စာကြည့်စားပွဲနှင့် ကွန်ပျူတာ တင်ထားသည့် စားပွဲတာတော့ ကပ်လျက်ဖြစ်သည်။

စာကြည့်စားပွဲမှာ ရှုပ်ပွနေပြီး စာရွက်တိုစာရွက်စုတ်များနှင့် ပြည့်နေသောကြောင့် တစ်ခုချင်းစီကြည့်ပြီး သပ်သပ်ရပ်ရပ် ထပ်ထားလိုက်သည်။

ထိုစာရွက်စုတ်တွေထဲမှ Password လိုလို ဂဏန်းနှင့် စာသားများ တွေ့သောကြောင့် ဘေးရှိ ကွန်ပျူတာကို ဖွင့်ကြည့်ရာ ကွန်ပျူတာမှာ ပွင့်သွားသောကြောင့် တစ်ခုခု ထူးခြားလိုထူးခြားငြား



ဆိုပြီး ကွန်ပျူတာထဲ လျှောက်ကြည့်နေမိသည်။

သီချင်းတွေသာ တွေ့ရသည်။ ဘာစာရွက်စာတမ်းမှ မရှိ၊ ဓာတ်ပုံဆိုလည်း တစ်ပုံမှ မရှိချေ။

အင်တာနက်ကတော့ အသုံးပြုလို့ရပေမယ့်လည်း Password ထပ်ခံထားသောကြောင့် ဖွင့်မရဘဲ ဖြစ်နေသည်။

ထို့ကြောင့် ကွန်ပျူတာကို ပြန်ပိတ်ထားလိုက်၏။

အဝတ်ဗီရိုထဲမှာကတော့ ထွေထွေထူးထူး မရှိချေ။ အကောင်းစား အကျီ၊ ဘောင်းဘီနှင့် ဖိနပ်များက နေရာယူထားသည်။

ထူးဝေရဲ့ အဖေနှင့်အမေက ဝင်ငွေကောင်းပုံရသည်။ ဘယ်မှာလုပ်လဲဆိုတာတော့ သူ မသိချေ။

သားသမီး သုံးယောက်ကိုတော့ လိုလေသေးမရှိအောင် ထားသည့်ပုံ ပေါ်သည်။

ဦးမြင့်သန်းမှာ ပိန်ပိန်ရှည်ရှည်နှင့် နှုတ်ခမ်းမွေး ရေးတေးရေးရှိသည်။ သဘောကောင်းပုံရသည်။

ဒေါ်ယုယုမေကတော့ အနည်းငယ်ဝပြီး အိမ်မှုကိစ္စရော၊ အပြင်အလုပ်ရော နိုင်နိုင်နင်းနင်း လုပ်နိုင်သည့် အမျိုးသမီးတစ်ယောက် ဖြစ်ပုံရသည်။

အိမ်ဖော်မခေါ်ထားဘဲ သူတစ်ယောက်တည်းသာ မညည်းမညူ လုပ်ဆောင်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီကို တစ်ချက် လှမ်းကြည့်လိုက်၏။

ည (၁၁)နာရီထိုးပြီ ဖြစ်သည်။

တစ်နေ့လုံး စိတ်ရှုပ်ထွေး ပင်ပန်းထားသောကြောင့် အိပ်ချင်လာပြီ ဖြစ်သည်။

အိပ်မက်လိုဖြစ်နေသော ဒီနေ့သည် နောက်တစ်နေ့ မနက်မိုးလင်းပါက ပုံမှန်အတိုင်း ပြန်ဖြစ်သွားနိုင်သည်။

ထိုမျှော်လင့်ချက်နဲ့ အိပ်ရာကို ဝင်ခဲ့လိုက်၏။

■

ဘယ်သူတများ အခြားလူတစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့

အိပ်ရာက နိုးထလာချင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ထူးဆန်းသော အိပ်မက်ကြောင့် လင်းသစ် အိပ်ရာက ထန်နိုးသွားသည်။ နိုးနိုးချင်းမှာပဲ သူမက်ခဲ့သော အိပ်မက်ကို ပြန် စဉ်းစား၍ မရတော့။

အိပ်မက်ထဲမှာ ပြေးနေတာကိုတော့ ရေးတေးတေး မှတ်မိ သည်။ ဘယ်မှာ ပြေးနေမှန်းတော့ မသိ။ ရေထဲမှာ နစ်နေသလို နွမ်းကြပ်မှုမျိုးလည်း အိပ်မက် မက်နေစဉ် ခံစားရ၏။

သူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးများပြန်နေပြီး ထစ်စုံတစ်ခုကြောင့် မောဟိုက်နေ၏။

အောက်ထပ်က လှမ်းအော်နေသော သူ့အမေ့အသံကို ခပ်သဲ့သဲ့ကြားရသည်။

မျက်လုံးကို ခဏပြန်မှိတ်ထားလိုက်ပြီး စိတ်ကို ငြိမ်အောင် အသက်မှန်မှန်ရှူနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားရေ အိပ်ရာက ထတော့လေ၊ နောက်ကျနေပြီ"

ဟင်. . . သူကြားဖူးသောအသံကို ကြားရသောကြောင့် လင်းသစ်မှာ ထိတ်လန့်သွားလေသည်။

ထို့ကြောင့် ခုတင်ပေါ်မှဆင်းပြီး ရေချိုးခန်းထဲ အမြန်ပြေးဝင်လိုက်၏။ ရေချိုးခန်းထဲရှိမှန်တွင်ကြည့်ပြီးနောက် လင်းသစ်သည် သက်ပြင်းခပ်ရှည်ရှည်တစ်ခု ချလိုက်လေ၏။

သူ့ရဲ့ ခန္ဓာကိုယ်သည် ထူးဝေရဲ့ ခန္ဓာကိုယ်ပဲ ဖြစ်နေသေးတာကို တွေ့ရသည်။

ထို့ကြောင့် စိတ်ပျက်လက်ပျက်ဖြစ်ပြီး ရေချိုးခန်းထဲက ပြန်ထွက်ကာ ခုတင်ပေါ်ပြန်တက်ပြီး စောင်နှင့်ခေါင်းမြီးခြုံကွေးကာ အားရပါးရ ငိုမိလိုက်သည်။ သူ ဘယ်တော့မှ လင်းသစ် ပြန်ဖြစ်တော့မှာလဲ၊ သူ့ရဲ့ ခန္ဓာကိုယ် ဘယ်မှာလဲ။

"ထူးဝေ. . . သား ၈ နာရီထိုးတော့မယ်"

အောက်က ထူးဝေအမေကလည်း အဆက်မပြတ် ခေါ်နေသောကြောင့် အိပ်ရာက မထချင်ဘဲ ထလိုက်ရသည်။

ထို့နောက် ပုံမှန်အတိုင်းပင် ဖြတ်သန်းပြီး တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ရတော့မည်။

■

(၁၆)

ပထမဦးဆုံး လုပ်ရမှာက သူ့သူငယ်ချင်း ထက်ကောင်းဆီကို အီးမေးလ် မရရအောင် ပို့ဖို့ပဲ ဖြစ်သည်။

သူ့ရဲ့ အီးမေးလ်ကတော့ ဖွင့်လို့ မရတော့။ ထို့ကြောင့် ထူးဝေအီးမေးလ်နဲ့ပဲ ပို့ဖို့ ဆုံးဖြတ်လိုက်သည်။

ထူးဝေ အီးမေးလ်နာမည်နဲ့ Password ကိုတော့ ထူးဝေရဲ့ ကျောင်းစာအုပ်နောက်ကျောမှာ ရေးထားတာကို တွေ့ရသောကြောင့် အဆင်ပြေလေသည်။

ထို့ကြောင့် ထူးဝေအမေက သူ့ကို ကျောင်းရှေ့တွင် ချပေးပြီးနောက်တွင် သူ၏ ခြေလှမ်းများက ကျောင်းစာကြည့်တိုက်ဆီကို ဦးတည်နေမိသည်။

မနေ့က သူနှင့် ကန်တင်းမှာတွေ့သော ထူးဝေ သူငယ်ချင်းမှ်ယောက်ထဲမှ တစ်ယောက်က စာကြည့်တိုက်မှာ အင်တာနက်

www.burmeseclassic.com

www.burmeseclassic.com



သွားသုံးလိုက်ဦးမယ်ဆိုပြီး ထွက်သွားတာကို သတိရလိုက်သောကြောင့် စာကြည့်တိုက်တွင် အင်တာနက် သုံးလို့ရနိုင်သည်။

စာကြည့်တိုက်ကို မေးစမ်းသွားရင်း ရောက်ခါနီးအချိန်တွင် သူ့ရှေ့၌ ကောင်မလေးသုံးယောက်က ပိတ်ရပ်လိုက်လေ၏။

ပထမတော့ ရှောင်သွားမလို့ဆိုပြီး ကွေ့လိုက်ရာ ထိုကောင်မလေးသုံးယောက်ကပဲ သူသွားမည့်လမ်းဘက်ကို ထပ်ပိတ်လိုက်လေ၏။

ဘာဖြစ်တာလဲဆိုပြီး ထိုကောင်မလေးသုံးယောက်ကို ကြည့်လိုက်၏။

"ဒါက. . . ဘာအချိုး ချိုးတာလဲ"

သုံးယောက်ထဲမှ အလယ်က ခပ်ချောချော ကောင်မလေးတစ်ယောက်က သူ့ကို ဒေါသတကြီးနဲ့ ပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါမှပဲ ထူးဝေရဲ့ ချစ်သူ 'နှင်းလဲ့ဝါ'ဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

"ဟို. . . ဘာအချိုးမှ ချိုးတာ မဟုတ်ပါဘူး။ ကိုယ်အရေးကြီးတဲ့ကိစ္စလေးတွေရှိနေလို့ အလုပ်ရှုပ်နေတာပါ"

"အံမယ်. . . သူ့ကိုယ်သူ ကိုယ်တဲ့၊ ဒါ ဘယ်ကောင်မလေးကိုပြောတဲ့ လေသံလဲ"

အရေးထဲ ခေါ်တဲ့နာမ်စားက မှားနေသေးသည်။ ထူးဝေက သူ့ကောင်မလေးကို 'မောင်'လို့ သုံးပုံရသည်။



ဒါနဲ့ ချက်ချင်းပဲ ပြောင်းခေါ်လိုက်ရသည်။

"မ. . . မဟုတ်ပါဘူး၊ ရုတ်တရက်ကြီး တွေ့လိုက်ရ . . . ပြီးတော့ တခြားလူတွေလည်း ပါတော့"

ကျန်တဲ့နှစ်ယောက်ကိုကြည့်ပြီး ပြောလိုက်ကာမှ ထိုနှစ်ယောက်က ပိုဆိုးတော့သည်။

"အမယ်လေး. . . ထူးဝေရယ်၊ ငါတို့ကို လွဲမချပါနဲ့"

ဆိုပြီး ပြိုင်တူအော်ပြောသောကြောင့် သူပင် လန့်သွားလေ

"ကဲ. . . အခုရော ဘယ်သွားမလို့လဲ"

"စာကြည့်တိုက် လာတာ၊ အရေးကြီးတဲ့ အီးမေးလ် တစ် ပို့စရာရှိလို့"

နှင်းလဲ့ဝါမှာ သူ့ကိုကြည့်ပြီး မျက်မှောင်တစ်ချက် ကုတ် ၏။ ဘာများ မှားသွားလို့ပါလိမ့်။

"ဘယ်လောက် ကြာမှာလဲ"

"သိပ်မကြာပါဘူး"

"ဒါဆို အပြင်က စောင့်နေမယ်၊ မြန်မြန်လုပ်၊ ပြီးရင် ရှင်နဲ့ ရှင်းစရာတွေ ရှိတယ်"

လင်းသစ်လည်း ဘာမှ ပြန်မပြောနိုင်ဘဲ စာကြည့်တိုက် ခပ်မြန်မြန် ဝင်ချလိုက်သည်။

ကျန်တဲ့ ကောင်မလေးနှစ်ယောက်ရဲ့ စကားသံများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ခပ်သဲ့သဲ့ကြားလိုက်ရသည်။

"ဟဲ့. . . ထူးဝေက ဘာဖြစ်နေတာလဲ မသိဘူး၊ တစ်ခုခု တော့ တစ်ခုခုပဲ။ ပုံစံကလည်း နင့်နဲ့ ငါတို့ကို မမှတ်မိသလိုပဲ"

■



(၁၇)

ထူးဝေ အီးမေးလ်ထဲတွင် ထွေထွေထူးထူး စာပြန်ထားတာ၊ ပို့ထားတာကို မတွေ့ရချေ။

အကြမ်းရေးထားတဲ့ စာများထဲတွင်လည်း ထူးထူးခြားခြား ရှာလို့တွေ့ပြား ရှာကြည့်သော်လည်း မတွေ့ရသောကြောင့် သူ့ သူငယ်ချင်း ထက်ကောင်းဆီကို အီးမေးလ် ပို့ရန်အတွက် Compose ကို အသစ်နှိပ်လိုက်၏။

ထိုအခါမှပဲ သူ့သူငယ်ချင်းဆီကို ဘယ်လိုက ဘယ်လို ရေးရမှန်းမသိဘဲ ဖြစ်သွားသည်။

'တိုင်း

သူငယ်ချင်း

ငါ လင်းသစ်ပါ'

အဲ့ဒီလိုက စရေးရင် ကောင်းမလား၊ မဖြစ်သေးဘူး ထင်တယ်၊ အီးမေးလ်နာမည်က ထူးဝေရဲ့ နာမည်ကြီး ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထက်ကောင်းကရော သူပြောတာကို ယုံပါ့မလား။ စာပို့ရန် အဆင်သင့်ဖြစ်နေသော်လည်း ဘာတစ်ခုမှ မရိုက်မိသေးဘဲ ငေးငေးငိုင်ငိုင် ဖြစ်နေသည်။

ထက်ကောင်းနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ညက အဖြစ်အပျက်တို့ အသေးစိတ် ထည့်ရေးလိုက်ရင်ရော. . .။ အကျိုး ဘာရောင်ဝတ် ထားကြတယ်။

သူထိုးတဲ့ Chess အကွက် ဘယ်လိုဖြစ်ပြီး ပြီးသွားတယ်။ နောက်ပြီး ဘယ်အချိန်မှာ ပြန်ခဲ့လဲဆိုတာတွေကိုလည်း ရေးလိုက် ရင် ထက်ကောင်း ယုံလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုရင် အဲ့ဒီတုန်းက သူနဲ့ ထက်ကောင်း နှစ် ယောက်တည်းရှိတာပဲ။ သူတို့နှစ်ယောက်ကလွဲပြီး တခြား ဘယ်သူမှ Chess အကွက်တွေကို သိတာမဟုတ်ဘူး။

ကောင်းတယ်။ အဲ့ဒီလိုပဲ ရေးပေးလိုက်မယ်။ ထို့နောက် လင်းသစ်သည် လွန်ခဲ့သည့် ခြောက်လခန့်က ထက်ကောင်း အခန်းထဲ တွင် Chess ကစားရင်း ကုန်ဆုံးခဲ့တဲ့ သောကြာနေ့ ညနေခင်းတစ်ခု အကြောင်းကို အသေးစိတ် ရေးလိုက်၏။ ပြီးနောက် သူရဲ့ အဖြစ် အပျက်ကို နောက်ဆက်တွဲရေးကာ အီးမေးလ် ပို့လိုက်လေသည်။

ထိုစဉ် ဖုန်းဝင်လာလေ၏။

အပြင်မှာ စောင့်နေသော 'နှင်းလဲ့ဝါ'ရဲ့ဖုန်းပင် ဖြစ်သည်။

■

(၁၈)

"ဘာဖြစ်လို့ ငါ့ကို Message ပြန်မပို့တာလဲ"

ကန်တင်းမှာ နှစ်ယောက်တည်း ထိုင်နေသော်လည်း သူ့ အတ်တ ထူးထူးခြားခြား ဘာမှမပြောဘဲ ငြိမ်နေသောကြောင့် သူမ အတ်တ စပြောခြင်း ဖြစ်သည်။

"ဟို. . . ဖုန်းဘက်ထရီ အားကုန်နေလို့ပါ"

အကြောင်းပြချက်တစ်ခုကို ရှာကြံပေးလိုက်သည်။ သိပ်ပြီး ခိုင်လုံလှသည်တော့ မဟုတ်။

"အားသွင်းပြီး ပြန်ပို့ပါလား၊ နေပါဦး နင် အခုတစ်လော ဘာဖြစ်နေတာလဲ"

နှင်းလဲ့ဝါမှာ သူ့ကို တော်တော်လေး စိတ်ဆိုးနေပုံရသည်။ အနင်တုန်းက သူ့ကိုယ်သူ ဘယ်လိုပြောလဲတော့ မသိ။ အခုတော့ ခင်တွေ ငါတွေနဲ့. . .။

www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ. . . နင် ငါ့ကို အဆက်ဖြတ်ချင်လို့လား”

သူ ငြိမ်နေလိုက်သည်။

စိတ်ထဲမှာတော့ သူ အခုမြင်နေရတာက သူ့ရည်းစား ခန္ဓာကိုယ်နဲ့ ထိုင်နေတဲ့ လင်းသစ်ဆိုတဲ့လူဆိုတာကို ပြောလိုက်ရရင် ကောင်းမလားဆိုပြီး တွေးနေမိသည်။

“ပြောလေ၊ ဘာငိုင်နေတာလဲ၊ သေချာနေပါပြီ၊ ရှင်. . . ကျွန်မကို လမ်းခွဲချင်လို့ မဟုတ်လား”

သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နေသောကြောင့် နှင်းလဲ့ဝါမှာ ငိုစပြုနေပြီဖြစ်သည်။

သူ့အနေနဲ့ကလည်း ဘာပြောရမှာလဲ။ သူ့ရည်းစား မဟုတ်တဲ့သူကို ဘယ်လို တီတီတာတာနဲ့ ချော့မလဲ။

ပြီးတော့ သူများရည်းစားဆိုတော့ သူ့စိတ်မလုံချေ။

“ပြောလေ၊ ငါ ဒေါသထွက်လာပြီနော်”

သူ့ရဲ့ လက်ကိုဆောင့်ဆွဲပြီး ပြောလည်းပြော ငိုလည်း ငိုနေသည်။

သူတစ်ခုခုတော့ ပြောမှဖြစ်မည်။

“ဟို. . . နှင်း. . .”

“ဘာ. . . နှင်းလဲ. . . ရှင်ခေါ်တာတွေလည်း ပြောင်းနေတယ်၊ ဘာဖြစ်နေတာလဲ”

သူ သက်ပြင်းတစ်ချက် ချလိုက်သည်။



ထို့နောက် သူမမျက်နှာကိုကြည့်ပြီး-

“ကိုယ်. . . ကိုယ်က ထူး. . . ထူးဝေ မဟုတ်ဘူး. . . ကိုယ့်နာမည်က လင်းသစ်ပါ”

“ဘာ. . .”

သူမ အော်သံကြောင့် ဘေးကလူများပါ အလန့်တကြား ငိုင်းကြည့်ကြလေ၏။

နှင်းလဲ့ဝါက သူ့ကို စူးစိုက်ကြည့်နေပုံမှာ အတော်ကြောက် စရာကောင်းလှသည်။

သူသည် ရည်းစားတစ်ခါမှ မထားခဲ့ဘူးပါ။ ထို့ကြောင့် ကောင်မလေးတွေကို ဘယ်လိုအဆင်ပြေအောင် ပြောရမယ်မှန်း မသိချေ။

နှင်းလဲ့ဝါက ဝုန်းခနဲ မတ်တတ်ထရပ်၏။

“ဒီမှာ. . . ထူးဝေ”

သူ ဘာမှ ပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။ သူ့တွင် ဘာမှ ပြောစရာမရှိပါ။

“မိန်းမတစ်ယောက်ကို ဖြတ်ချင်တယ်ဆိုရင် အခြားနည်း လမ်းနဲ့ ဖြတ်လို့ရပါတယ်၊ ဒီလိုမျိုး မျက်နှာပြောင်တိုက်ပြီး ရူးသလိုလို ကြောင်သလိုလိုနဲ့ လုပ်တာလောက် အောက်တန်းကျတာ မရှိဘူး”

ပြောပြောဆိုဆိုနဲ့ သူ့ကို ဆောင့်တွန်းကာ ကန်တင်းထဲမှ ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဆောင့်တွန်းတဲ့ အရှိန်ကြောင့် ပက်လက်လန်သွားကာ အတော်ပင် အီသွားလေသည်။

ခပ်လှမ်းလှမ်းကနေ အခြေအနေ စောင့်ကြည့်နေသော သူငယ်ချင်းနှစ်ယောက်က အပြေးအလွှားနဲ့ လာထူပေးသည်။

"အေးလေ...မင်းက သူပြောလည်း ပြောချင်စရာပဲ။ ဘယ့်နှယ် ကိုယ်က ထူးဝေ မဟုတ်ဘူးဆိုတော့ ဟိုက မပြောနဲ့ ငါတို့တောင် တင်းသလိုလို ဘာလိုလို ဖြစ်သေးတယ်"

"ဟ... ငါမှ ထူးဝေ မဟုတ်တာကွ"

ဟု သူတို့နှစ်ယောက်ကိုလည်း ဘုပြောပြီး ကန်တင်းထဲမှ ထွက်ခဲ့လိုက်သည်။

သူ၏ အဖြစ်အပျက်ကို သေချာစွာ အစအဆုံး စိတ်ဝင်တစား ကြည့်နေသော ကောင်မလေးတစ်ယောက်ကိုတော့ သူ သတိမထားမိလိုက်ချေ။

■

(၁၉)

ကျောင်းကနေ အိမ်ပြန်ရောက်တော့ ဘယ်သူမှ အော်ခေါ်နေလို့ဘဲ ကိုယ့်သော့နဲ့ကိုယ် ဖွင့်ဝင်လိုက်သည်။

နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်ဆို ထက်ကောင်းတစ်ယောက် ကျောင်းကနေ အိမ်ပြန်ရောက်နေလောက်ပြီ။

ထက်ကောင်းသည် အိမ်ရောက်လျှင် အင်တာနက် သုံးသောကြောင့် အခုအချိန်ဆိုပါက သူ့ရဲ့ အီးမေးလ်ကိုတွေ့ပြီးနေလောက်ပြီ ဖြစ်သည်။

ထို့ကြောင့် လင်းသစ်သည် အပေါ်ထပ်အခန်းကို အပြေးအလွှား တက်သွားပြီး ထူးဝေရဲ့ ကွန်ပျူတာရှေ့တွင် ဝင်ထိုင်လိုက်သည်။

ကွန်ပျူတာကို ကမန်းကတန်း ဖွင့်လိုက်ပြီး အင်တာနက်ချိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



Password တောင်းသောကြောင့် ထူးဝေရဲ့အီးမေးလ် Password ကိုပဲ ရိုက်ထည့်ကြည့်လိုက်သည်။

တော်တော်များများက Password တစ်ခုတည်းသာ ပေး လေ့ရှိသောကြောင့် စမ်းကြည့်လိုက်ခြင်းဖြစ်သည်။

သူ့အတွေးမှန်သွားပြီး အင်တာနက်ချိတ်လို့ ရသွားပြီ ဖြစ် သည်။ ဒါနဲ့ အီးမေးလ်ကို ခပ်မြန်မြန်ဖွင့်ကာ ထက်ကောင်းဆီက စာပြန်ထား/မထားကို ကြည့်လိုက်သည်။

စာတစ်စောင် ဝင်နေတာကို တွေ့ရ၏။

စိတ်လှုပ်ရှားသွားပြီး ကြည့်လိုက်သောအခါ ထက်ကောင်း ဆီမှ ဖြစ်နေတာကို တွေ့ရသည်။

စာကို ဖွင့်ကြည့်လိုက်၏။

**မင်းက ဘယ်သူလဲ။**

ဟု ရေးထားတာကို တွေ့ရ၏။

ချက်ချင်းပဲ စာပြန်ရေးလိုက်သည်။

**မင်းသူငယ်ချင်း လင်းသစ်ပါ။**

ထက်ကောင်းကလည်း ချက်ချင်း စာပြန်လေသည်။



**မဖြစ်နိုင်ဘူး။**

ထိုသို့ရေးပြီးနောက် ထက်ကောင်းသည် သူ၏ အီးမေးလ် ကို Block လုပ်သွားလေသည်။

လင်းသစ် စိတ်ပျက်သွားလေသည်။ သူရဲ့ အချစ်ဆုံး သူငယ်ချင်း၊ အရင်းနှီးဆုံးသူက မယုံတော့ သူလည်း ဘာဆက်လုပ် ရမှန်းမသိတော့ချေ။

သူတွေးထားတာက ထက်ကောင်း ယုံသွားလျှင် ကျန်တာ တွေကို ဆက်လုပ်ဖို့ အဆင်ပြေပြီဟု တွက်ထားခြင်း ဖြစ်သည်။

အခုတော့ လမ်းစပျောက်သွားပြီ ဖြစ်သည်။

သူ့အဖြစ်ကို ဘယ်သူမှ မယုံကြတော့။

သူ လင်းသစ်ဖြစ်ပါတယ်ဆိုတာကို ဘယ်လိုသက်သေပြ ရမလဲ ဘယ်လိုပြောပြရမလဲ။

ခဏအကြာတွင် လင်းသစ်သည် သူ့ရဲ့ အဖြစ်အပျက်ကို အင်တာနက်တွင် ရှာဖွေကြည့်ရန် စိတ်ကူးရလိုက်သည်။

ထို့ကြောင့် Google ကို ဖွင့်လိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မြန်မာလို တစ်ဖက်ပါအတိုင်း ရိုက်ထည့်ကြည့်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ရှာလို့ မရချေ။

www.burmeseclassic.com

www.burmeseclassic.com

ခပ်ဆင်ဆင်စကားလုံးများကို ရိုက်ထည့်ကြည့်သော်လည်း ထူးမခြားနား ဖြစ်နေသောကြောင့် အင်္ဂလိပ်လို ရှာကြည့်ရန် စဉ်းစားလိုက်သည်။

ထို့နောက် တစ်ဖက်ပါအတိုင်း ရိုက်ထည့်လိုက်ပြန်သည်။




www.burmeseclassic.com

www.burmeseclassic.com

ရှာလိုသော အကြောင်းအရာ တော်တော်များများ ကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျလာသည့်စာများကို တစ်ခုချင်းစီ လိုက်ဖတ်ကြည့်ရာ သူနားမလည်သည့် စာသားများကိုသာ တွေ့ရ၏။

Dictionary နှင့် တိုက်ကြည့်ပြီး ကြိုးစားပမ်းစား ဖတ်ကြည့်သော်လည်း ရှင်းလင်းသည့် အဖြေများကို မတွေ့ရချေ။

လူဝင်စား၊ လိပ်ပြာလွင့်ခြင်း၊ ဝိညာဉ် ကူးပြောင်းခြင်း ရုပ်ခန္ဓာ၊ လိပ်ပြာခန္ဓာကိုယ်ပွားများ စသည်ဖြင့် သူ သိပ်မရင်းနှီးသော စကားလုံးများကိုသာ တွေ့ရ၏။

အချိန်အတော်ကြာသည်အထိ Website များကို ဖတ်ကြည့်နေမိသည်။ ခန္ဓာကိုယ်တစ်ခုမှတစ်ခုသို့ ဝိညာဉ်ကူးပြောင်းခြင်း ဆိုသည့် အကြောင်းအရာပါ စာမျက်နှာများနှင့် ဗီဒီယိုဖိုင်များထိ သေချာကြည့်မိသည်။ ဘာသာရေး အယူအဆများနှင့် အမျိုးမျိုး ရေးသားထားကြတာကို တွေ့ရသည်။

သူတို့သည် ဝိညာဉ်ဆိုတာ ခန္ဓာကိုယ်တစ်ခုနှင့်တစ်ခု ရွှေ့ပြောင်းနိုင်သည်ဟု ယုံကြည်ထားကြသူများ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူတို့ရှုးသလို သူလည်း ရှုးနေပြီလို့ ယူဆ၍ မလိုဖြစ်နေသည်။ ဝိညာဉ်သည် ခန္ဓာကိုယ်တစ်ခုနှင့်တစ်ခု ပြောင်းနိုင်သည်ဆိုတာကို ယခု သူကြုံတွေ့နေရပြီ ဖြစ်သည်။

ဒါမှမဟုတ် သူက လူဝင်စားဖြစ်လာတာများလား။ အရင်ဘဝက အကြောင်းအရာများကို တစ်စိတ်တစ်ပိုင်း မှတ်မိနေတာ တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။



သို့သော် သူနှင့် နီးနီးစပ်စပ်တူသော အဖြစ်အပျက်မျိုးကို အွန်လိုင်း စာမျက်နှာတစ်ခုတွင် ရေးသားထားသည်ကိုလည်း တွေ့ရပြန်သည်။

ရေးသားထားချက်မှာ လန်ဒန်တောင်ပိုင်းက ကျောင်းသားလေးတစ်ယောက်သည် လအနည်းငယ်ကြာသောအခါ Yorkshine နယ်တွင် အခြားသူမသိသည့် ခန္ဓာကိုယ်ထဲရောက်နေသည်ဟု ရေးသားထားတာတွေ့ရ၏။

အခြားသူများ ဖတ်ကြည့်ပါက ယုံကြည်ရန် ခက်ခဲသော်လည်း လင်းသစ်မှာ သူ့ရေးထားတာကို ယုံကြည်လေ၏။

ဒါပေမယ့် နားမလည်ပါ။ လိပ်စာမပါ။ အထောက်အထားပါတော့ တော်တော်ပြောဖို့ ခက်နေ၏။

ဖတ်ရင်း ဖတ်ရင်းနှင့်ပင် သူ၏ အဖြစ်အပျက်ကို ဆုံးဖြတ်ဖို့ ခက်လာလေသည်။

ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ ထို့ကြောင့် ကွန်ပျူတာကို ပိတ်လိုက်သည်။

တစ်စုံတစ်ခုကို ပြေးသွားလိုက်ရသလို မောပန်းနေစဉ် အောင်ထူးဝေအမေ၏ လှမ်းခေါ်သံကို ကြားလိုက်ရလေ၏။

"သားရေ. . . ရမ်ဘိုကို အပြင်ကျောင်းရဦးမယ်နော်"

နာရီကိုကြည့်လိုက်သည်။ ဟုတ်သားပဲ။ ရမ်ဘိုနဲ့ အပြင်ထွက်ဦးမှပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက်တော့ စာကြည့်တိုက်ဘက် မသွားဘဲ အခြားဘက်လမ်းသို့ လျှောက်လာခဲ့ရာ တံတားတစ်ခုကို တွေ့ရ၏။

ရမ်ဘို အရှေ့ကနေ သွားနေသောကြောင့် သူလည်း ရမ်ဘိုနောက်ကနေ အလိုက်သင့် လိုက်ပါလာခဲ့သည်။

ဆယ်မိနစ်ခန့်ကြာသောအခါတွင် လင်းသစ်သည် ပတ်ဝန်းကျင်ကို သေချာကြည့်လိုက်သောအခါတွင် သင်္ချိုင်းတစ်ခုနားသို့ ရောက်နေမှန်း သိလိုက်ရသည်။

"ရမ်ဘို. . . ငါ့ကို ဘယ်ခေါ်လာတာလဲ"

ပါးစပ်က ရေရွတ်လိုက်ရင်း သင်္ချိုင်းဂူများကို လိုက်ကြည့်နေမိသည်။ ဖြစ်ကတတ်ဆန်းလုပ်ထားသော သင်္ချိုင်းမဟုတ်ဘဲ အုတ်ဂူများနှင့် အမှတ်တရစာများဖြင့် လုပ်ထားသည့် သပ်ရပ်သော သင်္ချိုင်းတစ်ခု ဖြစ်သည်။

လင်းသစ်လည်း သိပ်ကြာကြာမနေရဲဘဲ ခွေးရဲ့ကြိုးကို ဆွဲပြီး နောက်ပြန်လှည့်လာခဲ့သည်။

အုတ်ဂူတစ်ခုနားက ဖြတ်သွားရတော့ ဘာရယ်မဟုတ် လှမ်းကြည့်မိသည်။

နာမည်တစ်ခုကို မှုန်မှုန်ဝါးဝါး တွေ့ရသော်လည်း မွေးဖွားသည့်ခုနှစ်နှင့် သေဆုံးသည့်ခုနှစ်ကို ထင်ထင်ရှားရှား မြင်ရသည်။

၁၉၅၀ ခုနှစ် မွေးဖွားပြီး ၅ ရက် မေလ ၁၉၅၄ ခုနှစ်တွင် သေဆုံးကြောင်း ဖော်ပြထားသည်။



သေဆုံးချိန်တွင် လေးနှစ်သားပဲ ရှိပုံရသည်။ လင်းသစ်သည် အုတ်ဂူတစ်ခုချင်းကို ဖြတ်သန်းလျှောက်လှမ်းရင်း ရမ်ဘိုတို့ ဒီနေရာ အကြောင်းမဲ့ ခေါ်လာတာမှ ဟုတ်ရဲ့လား။

ဒါမှမဟုတ် လင်းသစ်ဆိုတာ သေသွားပြီဖြစ်တဲ့ လူ တစ်ယောက်လား။ ထူးဝေဆိုတဲ့ ခန္ဓာကိုယ်နဲ့ နောက်တစ်ယောက် ထပ်မြင်နေတာလား။

တစ်လမ်းလုံး စဉ်းစားလာပြီးနောက် လင်းသစ်သည် သူ့ဘိုးသူ သေပြီးသားလူတစ်ယောက်ဆိုပြီး ထင်မြင်လာမိသည်။ ဆုံးဖြတ်ချက် ထင်မြင်ချက် မှန်မမှန် မိုင် (၂၅၀)ကျော်ဝေးသည့် (ရထားဘူတာရုံတွင် ဖော်ပြထားသော မိုင်အရှည်) သူ့နေရပ်သို့ ပြန်ထွက်မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် သူ့တွင် ပိုက်ဆံမရှိချေ။ တစ်နေ့တစ်နေ့ ရသော သိုလှောင် အနည်းငယ်သာရှိသည်။

လောက်တော့ မလောက်ချေ။ တစ်နေ့တစ်နေ့ရသော မုန့်ဖိုး အနည်းငယ်ထဲက စုသွားဖို့ကလည်း ရက်အတော်ကြာဦးမည်။

ဤသို့ဖြင့် လင်းသစ်သည် ထူးဝေမိဘများဆီမှ ပိုက်ဆံ နည်းနည်းငယ် ခိုးယူရန် ဆုံးဖြတ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တွေ့ရာနေရာမှာ အကျီတင်ထားခြင်း ဖြစ်ပုံရသည်။ အကျီကို စမ်းကြည့်လိုက်တော့ ပိုက်ဆံတစ်ထပ်ကို တွေ့ရ၏။ ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

သူ့အစ်မနှင့် အငယ်ကောင်ကလည်း အပေါ်မှာ ရောက်နေသည်။ ဦးမြင့်သန်းကလည်း နိုးသေးပုံ မပေါ်ချေ။

ထို့ကြောင့် သူလိုသလောက် ပိုက်ဆံကို နှိုက်ယူလိုက်သည်။ ပြီးနောက် သူ့ရဲ့ ကျောပိုးအိတ်နှင့် အိမ်သော့ကိုယူကာ အပြင်ထွက်လိုက်သည်။

နောက်ထပ် မိနစ်နှစ်ဆယ်ကြာသောအခါ လင်းသစ်သည် ရထားဘူတာရုံကို ရောက်နေပြီ ဖြစ်သည်။

■

(၂၀)

ထုံးစံအတိုင်း နောက်တစ်နေ့မနက်တွင် အိပ်မက်ဆိုးဖြင့် နိုးထလာသည်။ ဒီနေ့မှာတော့ လင်းသစ်သည် တက်ကြွရွှင်လန်း နေ၏။

မျက်နှာသစ်၊ ကျောင်းသွားဖို့ အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထူးဝေအမေက အရေးကြီးကိစ္စရှိသောကြောင့် ရုံးသို့ စောစောထွက်သွားပြီ ဖြစ်သည်။

ဦးမြင့်သန်းကတော့ ရုံးသွားသေးပုံမပေါ်ချေ။ ထမင်းစား ခန်းထဲတွင် ဘယ်သူမှမရှိဘဲ သူတစ်ယောက်တည်းရှိနေသော ကြောင့် ခပ်မြန်မြန်စားပြီး အပြင်ထွက်လိုက်သည်။

တန်းပေါ်တွင် ဦးမြင့်သန်း အကျီကို ဖရိုဖရဲနှင့် တွေ့ရ သည်။ ညက အရက်မူးပြီး ပြန်လာသံတော့ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

ရထား စထွက်သောအခါ လင်းသစ်သည် နည်းနည်းထိတ်လန့်လာသည်။

သူ့ရဲ့အိမ်ကိုရောက်ရင် သူ ဘယ်ကနေ ဘယ်လိုစလုပ်ရမှာလဲ။ ဘာတွေ စပြောရမှာလဲ။

သူတို့ကရော သူ့ကို ဘယ်လိုထင်ကြမှာလဲဆိုတဲ့ မေးခွန်းများစွာက သူ့ခေါင်းထဲဝင်လာသည်။ သူ့ကို မှတ်မိလိမ့်မယ်လို့တော့ သူ မထင်မိချေ။

အမေ. . . အမေကရော သူ့ကို ဘယ်လိုတွေးမလဲ။

သူသိသမျှ သူ့ရဲ့ဘဝအကြောင်းတွေ၊ မိသားစုအကြောင်းတွေ၊ ငယ်ငယ်တုန်းက အကြောင်းတွေကို သူမှတ်မိသလောက် ပြန်ပြောပြရင်ရော သူက ယုံမှာတဲ့လား။

နှစ်ပေါင်းများစွာ ကျေးမွေးပြုစု ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ မိခင်တစ်ယောက်တောင် သူ့ကို မယုံဘူးဆိုရင် သူ ဘာလုပ်မလဲ။



ထူးဝေဘဝမှာ သူ မနေတော့ဘဲ တောထဲသွားပြီး လူမသိသူမသိ နေတော့မည်ဟုဆိုတာ စိတ်ကူးယဉ်ဆန်ဆန် တွေးလိုက်သည်။

ထိုအတွေးသည် ခဏသာဖြစ်ပြီး ချက်ချင်း ပျောက်သွားပြန်၏။

ထူးဝေခန္ဓာကိုယ်ထဲက လွတ်မြောက်နိုင်မည့် နည်းလမ်းတော့ မဟုတ်ချေ။

ဘာပဲဖြစ်ဖြစ် သူဘာဖြစ်ခဲ့လဲဆိုတာတော့ နောက်ဆုံးအနေနဲ့ သိရပေမည်။

တကယ်တမ်းတော့ သူသည် သူ့ဘဝအဖြစ်မှန်ကို သိရဖို့ ကြောက်ရွံ့နေလေသည်။

ယခုပင် ရထားပေါ်က ဆင်းပြေးချင်လောက်အောင်လည်း ဖြစ်နေမိ၏။ စိတ်ကို အတတ်နိုင်ဆုံး စုစည်းကာ ရထားအပြင်ဘက်ကို ကြည့်နေလိုက်ရသည်။

ခဏအကြာတွင် ဗိုက်ဆာလာသောကြောင့် ရထားပေါ်တွင် ရောင်းချသော မုန့်တစ်ခုကို ဝယ်စားပြီးနောက် ရထား၏ လှုပ်ရှားမှုနှင့်အတူ အိပ်ပျော်သွားလေ၏။

ထို့နောက် သူသည် ထူးဝေခန္ဓာကိုယ်ထဲ ရောက်ပြီး နောက်ပိုင်း ခဏခဏမက်သော အိပ်မက်ကိုပြန်မက်ပြီး နိုးလာပြန်၏။

ဒီတစ်ခါ မက်ခဲ့သော အိပ်မက်ကို မှုန်မှုန်ဝါးဝါး ပြန်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေသည်။ လေထဲလွင့်သွားသလို သူ၏စိတ်သည် အိပ်မက် မက်စဉ်၌ ဟာခနဲဖြစ်သွား၏။

ရှေ့မှာ မှောင်မည်းနေတာပဲ မှတ်မိသည်။ အမှောင်ထဲကို ပြုတ်ကျနေတာလား၊ အမှောင်ထဲက ပြန်တက်နေတာလားဆိုတာကို မခွဲခြားနိုင်ဘဲ ရင်ထဲမှာ အေးခနဲ အေးခနဲ ဖြစ်သွားတာကိုသာ မှတ်မိသည်။

အဲဒီနောက်ပိုင်းအရာတွေကိုတော့ မမှတ်မိတော့။

ရထားပေါ်တွင်ပါလာကြသော သူများကတော့ သူနှင့်မတူ ဘဲ သက်တောင့်သက်သာနဲ့ လိုက်ပါလာကြသည်။

သူတစ်ယောက်သာ ယောက်ယှက်ခတ်နေပြီး ဇောချွေးများ ပြန်နေလေသည်။

သိပ်မကြာသောအချိန်တွင် ရထားသည် သူနေသောမြို့မှာ ရပ်လိုက်လေ၏။

အချိန်မှာ ညနေ ငါးနာရီခန့် ရှိပြီဖြစ်သည်။

■

(၂၂)

ရထားဘူတာရုံကနေ သူ့အိမ်ကို ဘတ်စ်ကား တစ်ဆင့် ...ဦးမည် ဖြစ်သည်။

ဘူတာရုံထဲရှိ ကော်ဖီဆိုင်တွင် မုန့်နှင့်ကော်ဖီ မှာသောက် ...အကြာတွင် ဘတ်စ်ကားတစ်စီး ရပ်လာသောကြောင့် ...မြန် ငွေရှင်းကာ ဘတ်စ်ကားပေါ်သို့ တက်လိုက်သည်။

...တားပေါ်ကနေ မြင်ရသော မြင်ကွင်းများသည် သူနှင့်ရင်းနှီး ...မြင်ကွင်းများဖြစ်သောကြောင့် စိတ်အားတက်ကြွလာသည်။

...လမ်းများ၊ သစ်ပင်များ၊ အိမ်ပုံစံများသည် အရင်တုန်းက ... မြင်နေရသောကြောင့် ရိုးအီနေသော မြင်ကွင်းများ ...သော်လည်း အခုအခါတွင် ကြည့်မဝနိုင်သော မြင်ကွင်းများ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် သူနှင့်သိသော လူတချို့ပါလာသော်လည်း သူ နှုတ်မဆက်ဘဲ မသိမသာ နေလိုက်သည်။

အခုအချိန်လောက်ဆို အိမ်မှာ သူ့အမေနှင့် သူ့ညီလေး သာရှိမည် ဖြစ်သည်။

သူ့အဖေက အိမ်ကိုနောက်ကျမှ ပြန်ရောက်လာတတ် သောကြောင့် ဖြစ်သည်။

အမေ့ကိုတွေ့ရင် သူ ဘယ်လိုစခေါ်ရမလဲ။

ဝမ်းသာအားရပြေးပြီး ဖက်ရမလား။ တကယ်တော့ သူ သည် သူ့မိသားစုကို လွမ်းနေမိသည်။

သူ့ညီနှင့် ဆော့ခဲ့သော တီဗွီဂိမ်းတွေကိုလည်း သတိရသည်။ သူ့အမေ ကျော်ပေးသော ကြက်ကြော်နှင့်အားလူးကိုလည်း သတိရ နေမိသည်။

အဖေကတော့ သူနှင့်သိပ်စကားပြောလေ့ မရှိ။ ဘာသိ ဘာသာနေတတ်သူတစ်ဦးဟု လင်းသစ်က ထင်မိသည်။

သို့သော် အခုအချိန်ဆိုရင် သူ့အဖေကို တွေ့ပါက စကား တွေ အားရပါးရ ပြောဖြစ်မည်ထင်သည်။

ဒါပေမယ့် သူ၏ခန္ဓာကိုယ်သည် ထူးဝေ၏ ခန္ဓာကိုယ်ဖြစ် နေသည်။

"ကျွဲ"



ကားရပ်သွားသည်။

နောက်တစ်မှတ်တိုင်သည် သူဆင်းရမည့် ကားမှတ်တိုင် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ခပ်လှမ်းလှမ်းတွင် သူ့အိမ်ကို မြင်လိုက်ရသောကြောင့် ခြေလှမ်းတို့က ခုနကထက် ပိုသွက်လာသည်။

သူ့ခန္ဓာကိုယ်နှင့် အခြားလူတစ်ယောက်ကို မြင်တွေ့ရမှာလားဆိုတဲ့ အတွေးသည် သူ့စိတ်ကို လှုပ်ရှားစေသည်။

အပေါ်ထပ်က သူ့အခန်းပြတင်းပေါက်ကို လှမ်းမြင်ရသည်။ တံခါးပိတ်ထားတာကို တွေ့ရ၏။

သူ့ပတ်ဝန်းကျင်သည် သူနေတုန်းကထက် အနည်းငယ်ပြောင်းလဲနေသည်။

သူ့အိမ်ဘေးက အိမ်နံပါတ် 157 သည် အိမ်ကိုတစ်ထပ်ထပ်မြှင့်ကာ ဆောက်ထား၏။ ထို့ပြင် ရှေ့မှာလည်း 'အိမ်ရောင်းရန်'ဆိုပြီး ဆိုင်းဘုတ်တပ်ထားသေးသည်။

တချို့ အိမ်တွေကတော့ ဘာမှမပြောင်းလဲပေ။ တချို့တတော့ ဆေးပြန်သုတ်ထားတဲ့ အိမ်ရှိသလို အသစ်ပြန်ဆောက်နေတဲ့



အိမ်တွေကိုလည်း တွေ့ရသည်။

သူနေတဲ့လမ်းသည် သူနေခဲ့သလို မဟုတ်ပဲ နည်းနည်းတော့ ပြောင်းလဲနေသည်။

သူသိသော လမ်းသွားလမ်းလာအချို့ကို တွေ့ရသော်လည်း သူ့ကို မမှတ်မိကြချေ။

အေးလေ. . . သူ့ကို ဘယ်သူက မှတ်မိမှာလဲ။

ခဏအကြာတွင် လင်းသစ်သည် အိမ်ရဲ့ ခြံတံခါးရှေ့ကို ရောက်လာ၏။

သူတို့အိမ်ရဲ့ခြံသည် အမြဲတမ်း တံခါးဖွင့်ထားသောကြောင့် ခြံတံခါးကို တွန်းဖွင့်ကာ အိမ်ရှေ့တံခါးပေါက်ရှိရာကို ခြံဝန်းထဲမှ ဖြတ်လျှောက်လိုက်သည်။

ခြံဝန်းကတော့ သူရှိနေစဉ်ကအတိုင်း မပြောင်းလဲပဲ ရှိနေသည်။ ခဏအကြာတွင် တံခါးရှေ့ရောက်ပြီးနောက် တံခါးကို ခပ်ဖွဖွပြင်းပြင်းလေး ခေါက်လိုက်သည်။

"ခေါက်. . . ခေါက်. . . ခေါက်"

အထဲကနေ "လာပြီ"ဟု အော်ပြီး တံခါးဝကို လျှောက်လာနေသော အသံတစ်သံကို ကြားရသည်။

ဟုတ်တယ်. . .။ အမေ. . . အဲဒါ သူ့အမေအသံဆိုတာကို လင်းသစ် ချက်ချင်းမှတ်မိလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"အန်တီသင်းလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော့်ကိုတော့ အန်တီသိမှာ မဟုတ်ပါဘူး။ ကျွန်တော့်နာမည်က ထူးဝေပါ။ ဟို. . . လင်းသစ်ရဲ့ သူငယ်ချင်းပါ"

"ဪ. . ."

သူ့အမေရဲ့ မျက်နှာသည် အနည်းငယ် ပြောင်းလဲသွားတာကို တွေ့ရ၏။

ဘာကြောင့်မှန်းတော့ သူ မသိချေ။

"အခုလို လာခဲ့ရတာ စိတ်တော့မရှိပါနဲ့"

စကားကို ရပ်လိုက်သည်။ သူ့အမေဆီမှ 'ရပါတယ်'ဆိုတဲ့ စကားများ ပြန်ပြောမလားဆိုသည့် အတွေးဖြင့် ရပ်လိုက်ခြင်းဖြစ်သည်။



ဒါပေမယ့် သူ့အမေက ဘာမှပြန်မပြောဘဲ ကြည့်နေသောကြောင့်. . .

"ဟို. . . လာရတဲ့ ကိစ္စက အန်တီနဲ့ စကားနည်းနည်းပြောချင်လို့ပါ"

ဆိုပြီး ဆက်ပြောလိုက်ရသည်။

"လင်းသစ် အကြောင်းလား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ဒါဆို. . . အိမ်ထဲဝင်လေ"

အမေ့ရဲ့ပုံစံက အေးတိအေးစက်ပုံစံ ဖြစ်နေသည်။

အိမ်ထဲကို သူမနဲ့အတူ ဝင်လိုက်သောအခါ ပထမဆုံး ...ားမိတာက အိမ်ရဲ့အနံ့ပဲ ဖြစ်သည်။

သူ ဒီအိမ်မှာနေလာတာ ကြာပြီဖြစ်သော်လည်း ဒီလိုအနံ့...ကို တစ်ခါမှ သတိမပြုမိခဲ့ပေ။

ဟုတ်တယ်။ ဒါဟာ အိမ်တစ်အိမ်ရဲ့ ကြည်နူးစရာကောင်းတဲ့ ...ငွေ့ အသက်လား။ လင်းသစ်သည် ဆိုဖာပေါ်တွင် ထိုင်ကာ ...ပိုးအိတ်ကို ဘေးမှာ ချထားလိုက်သည်။

အိမ်အတွင်းပိုင်းကို ကြည့်လိုက်သောအခါ သူရှိနေစဉ်က ...တိုင်းပဲ ဘာမှပြောင်းလဲတာကို မတွေ့ရချေ။

စားပွဲ၊ ပန်းအိုး၊ တီဗီစနေရာ၊ စားပွဲခင်းကအစ ဘာဆိုဘာမှ ...ပြောင်းလဲမှုကို မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်နှင့် လူကိုလည်း အရိပ်အယောင် မတွေ့ရချေ။ တစ်အိမ်လုံးကို ဖြုကြည့်ပြီး သူရှိနေစဉ်ကအတိုင်း ဘာမှမပြောင်းလဲသော်လည်း နံရံပေါ်တွင် သူ့ဓာတ်ပုံချိတ်ထားတာကတော့ ပြောင်းလဲနေသည်။

သူရှိနေစဉ်တုန်းက မိသားစုဓာတ်ပုံသာ ရှိခဲ့သည်။ အခုတော့ သူတစ်ယောက်တည်း ဓာတ်ပုံကို နံရံမှာ ချိတ်ထားတာကို တွေ့ရ၏။

သူ တကယ်ပဲ သေဆုံးသွားခဲ့လို့ သူ့အဖေ၊ အမေက ချိတ်ထားတာလား။

ရုတ်တရက် သူ့အရှေ့တွင် ထိုင်နေသော အမေ့တို သတိရလိုက်သည်။ အမေက သူ့ကို အူကြောင်ကြောင်နဲ့ ကြည့်နေပြီး မချိပြုံးလေး ပြုံးပြ၏။ စိတ်ထဲမှာလည်း ဒွိဟဖြစ်နေပုံရသည်။

"ဒါက ဧည့်ခန်းလေ"

အမေက အိမ်လာဝယ်မယ့် လူတစ်ယောက်လို ရှင်းပြနေတော့ နည်းနည်းတော့ ရယ်ချင်သွားသည်။

ဒါပေမယ့် အခုအချိန်မှာတော့ သူက ဒီအိမ်ရဲ့ သူစိမ်းတစ်ယောက်ပဲ ဖြစ်သည်။

ခပ်လှမ်းလှမ်းမှာတော့ သူ့ညီ 'ရဲစွမ်းပြည့်'က တီဗီဂိမ်းကစားနေသည်။

သူ့ကိုတော့ တစ်ချက်မှ လှည့်မကြည့်ချေ။ ဂိမ်းကတော့ သူနဲ့ ရဲစွမ်းပြည့် ကစားနေကျ ကားမောင်းပြိုင်သည့် ဂိမ်းဖြစ်သည်။



"ရဲစွမ်း. . . ဒါ. . . နင့်အစ်ကို့ သူငယ်ချင်းလေ"

အမေက သူကြည့်နေတာကို တွေ့တော့ အငယ်ကောင် ရဲစွမ်းပြည့်ကို လှမ်းမိတ်ဆက်ပေးသည်။

"ဟုတ်. . . ဟုတ်"

တစ်ချက်သာ လှည့်ကြည့်ပြီး ဂိမ်းဘက် ပြန်လှည့်သွားသည်။

အမေက သူ့ကိုအားနာသည့် အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး. . .

"သူက အဲဒီလိုပဲ ကျောင်းကပြန်လာရင် ဂိမ်းမှဂိမ်းပဲ၊ ဘာမှ စိတ်မဝင်စားတော့ဘူး"

"ရပါတယ်. . . အန်တီ"

သူနဲ့ တစ်ခါတစ်ခါ ဂိမ်းလုရင်း ရန်ဖြစ်ခဲ့တာကို သတိရလိုက်သည်။

"အို. . . သား၊ ကော်ဖီသောက်မလား၊ နေဦး. . . အန်တီ …ာက်ဖေးသွားပြီး ကော်ဖီဖျော်လိုက်ဦးမယ်"

ပြောပြောဆိုဆို ထွက်သွားသောကြောင့်. . .

"ကော်ဖီတော့ မသောက်တော့ဘူး အန်တီ၊ ရေလေး တစ်ခွက်ပဲ သောက်ချင်တယ်"

ဟုဆိုပြီး လှမ်းပြောလိုက်ရသည်။

တကယ်လည်း သူ့ရင်တွေမောနေပြီ ဖြစ်သည်။ အမေသည် ခြောက်လကျော်အတွင်း အတော်လေးကို ပိန်သွားတာ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လထက်မက အိုစာသွားတာကိုလည်း သတိထားမိသည်။ အရင်တုန်းက မျက်နှာဝင်းပခဲ့သော အမေသည် အခုတော့ ဖျော့တော့မှေးမှိန်နေသည်။

"သားက လင်းသစ်အတန်းကပဲလား"

ရေတစ်ခွက်ကိုင်ပြီး ပြန်ထွက်လာတော့ အမေက သူ့ကို လှမ်းမေးသည်။

"မဟုတ်ဘူး၊ ကျွန်တော်က ဘော်တနီ (Botany) ကပါ"

"ဪ. . ."

အမေက သူ့သူငယ်ချင်းထဲမှာ ထူးဝေဆိုတဲ့သူကို မမြင်ဖူးသောကြောင့် တအံ့တဩ ဖြစ်နေပုံရသည်။

"ကျောင်းမှာပဲ ခင်ကြတာလား"

"ဟုတ်. . . Chess ထိုးတဲ့ အခန်းမှာ ခင်ကြတာပါ"

"ဪ. . . ဟုတ်တယ်၊ လင်းသစ်က Chess အရမ်းထိုးတာ. . . သူ့အဘိုးရှိတုန်းကဆို သူ့အဘိုးနဲ့ Chess ထိုးနေတာ နာရီတော်တော်ကြာတယ်။ သူ့အဘိုးပဲ သူ့ကိုသင်ပေးထားတာလေ"

အမေသည် စကားတတွတ်တွတ် ပြောရင်း သူ့ရှေ့ကို ရေခွက်လေး တိုးပေး၏။

အမှတ်မထင် အမေ၏ လက်ကို အကြည့်ရောက်သွားပြီး ချက်ချင်းဆိုသလို လှမ်းကိုင်ကာ 'အမေ'ဆိုပြီး အော်ဟစ်ချင်စိတ် ပေါက်နေမိသည်။



"သား. . . သား. . . က. . . လင်းသစ်လေ"ဆိုပြီး ပြောချင်နေသောကြောင့် ပါးစပ်ကို မနည်းထိန်းထားရသည်။ မဆီမဆိုင် အမေက သူ့ကို "သားက လင်းသစ်လား"ဆိုပြီး ရုတ်တရက် အမေးကိုလည်း မျှော်လင့်နေမိသည်။

"သောက်လေ. . . သား. . . ဘယ်သူ"

သူ့နာမည်ကို မေ့သွားပုံရသည်။

"ထူးဝေပါ. . . အန်တီ"

"ဪ. . . ထူးဝေ၊ ထူးဝေ. . . လင်းသစ်ရဲ့ သူငယ်ချင်းထဲမှာ အန်တီသိတာဆိုလို့ ထက်ကောင်းတစ်ယောက်ပဲ သိတာ၊ သားက သူနဲ့အတွဲများတော့ သူ့တစ်ယောက်ပဲ သူငယ်ချင်း ရှိနေတယ် ထင်တာ"

"အင်း. . . သူနဲ့လည်း ခင်ပါတယ်. . . အန်တီ"

အခုချိန်ထိ ရောက်တတ်ရာရာ စကားများကိုသာ ဦးတည်ရာမရှိ ပြောဖြစ်နေကြသည်။

သူသိချင်တာက 'လင်းသစ် ဘာဖြစ်သွားလဲ . . .' ဆိုတဲ့ အမေးပင် ဖြစ်သည်။

ဒါပေမယ့် ဘယ်လိုကနေ ဘယ်လိုစမေးလို့ မေးရမှန်းသေး၊

"လင်းသစ်က. . . သေသွားတာလား အန်တီ"

အဲဒီလိုလည်း မမေးရဲဘူး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . လင်းသစ်ရော အန်တီ၊ အခု အိမ်မှာမရှိဘူးလား"

ဒါကတော့ သင့်တော်တဲ့ အမေးဖြစ်ပေမယ့်လည်း ဖြေကြားရမယ့်အဖြေကို ရင်မဆိုင်ရဲသောကြောင့် ပါးစပ်က မမေးမိဘဲ စွံ့အနေသည်။

"တကယ်တော့. . . အန်တီက လင်းသစ်ကို အပေါင်းအသင်း ဆန့်စေချင်တာ သားရဲ့၊ သားကို အန်တီက ရုတ်တရက်ဆိုတော့ မသိဘူးပေါ့၊ ဒီအိမ်ကိုကလည်း သားသူငယ်ချင်းဆိုလို့ ထက်ကောင်းတစ်ယောက်ပဲ လာဖူးတာလေ"

"ရပါတယ် အန်တီ"

"အန်တီက. . . အန်တို့သားကို သိပ်ချစ်တာ၊ သိပ်ချစ်တော့လည်း ဟိုပြောမိ၊ ဒီပြောမိတာလေးတွေ ရှိတာပါ. . . ဒါတလည်း သူ့ကိုချစ်လို့ ပြောတာတွေပါ"

သူကြားဖြတ်ပြောမလို့ ပြင်လိုက်သေးသည်။

အမေက ဆက်ပြောနေသောကြောင့် မပြောပဲ ငြိမ်နေလိုက်သည်။

"ဒါကလည်း မိဘမေတ္တာလေ. . .၊ ကောင်းစေချင်တာပေါ့၊ အခုလို ဖြစ်တော့လည်း အန်တီ စိတ်မကောင်းဘူး၊ အချိန်တော့ နည်းနည်းလိုတာပေါ့ သားရယ်"

အမေ့မျက်လုံးက မျက်ရည်စို့လာတာကို မြင်ရသည်။ အမေ ဘာကိုဆိုလိုတာလဲ။ 'အခုလို ဖြစ်တော့လည်း'ဆိုတာ ဘာ



အဓိပ္ပာယ်လဲ။ ပြီးတော့ 'အချိန်လိုတာပေါ့'ဆိုတာကရော။

သူ့စိတ်တွေ တဖြည်းဖြည်း လှုပ်ရှားလာသည်။

"ဒီတစ်ပတ်ဆိုရင် ခြောက်လပြည့်နေပြီလေ. . . သား သိတယ်မှတ်လား"

"ဟို. . . မ. . . အင်း၊ သိ. . . သိပါတယ် အန်တီ၊ အဲဒါကြောင့် သားလာတာပါ"

"တစ်ခါတစ်ခါကျတော့လည်း မနေ့တစ်နေ့ကလိုပဲလို့ ထင်နေမိတယ်"

အမေက စကားကို ခဏရပ်ပြီး ပြတင်းပေါက်ကနေ အပြင်ကို ငေးနေ၏။

သူစိမ်းတစ်ယောက်ရှေ့မှာ မျက်ရည်မကျအောင် ထိန်းနေပုံရသည်။ မျက်နှာမှာ ညိုမှိုင်းနေပြီး လက်ကလည်း ထိုင်ခုံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

အမေ. . . အမေ ငိုနေတာလား။ သား. . . သား တကယ်ပဲ သေဆုံးသွားခဲ့ပြီလား. . . အမေ။

ရင်ထဲက လှိုက်ခနဲ တစ်ချက်ဖြစ်သွားသည်။ သူလည်း မျက်ရည်ဝဲတက်လာသောကြောင့် ငိုချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။ ခဏအကြာမှာ အမေက သူ့ကို သတိထားမိသွားပြီး. . .

"ဆောရီးပဲသား. . . လင်းသစ်ကို သတိရသွားလို့ပါ"

"ရပါတယ်. . . အန်တီ"

www.burmeseclassic.com



"တချို့ဟာတွေက ဆုံးဖြတ်ချက် ချရတာခက်တယ်"

ပြောပြောဆိုဆို အမေသည် ထိုင်နေရာမှထကာ ပြတင်းပေါက်နားမှာ ရပ်နေပြန်၏။

သူဘာလုပ်ရမလဲ။ သူငိုရမလား။ လင်းသစ် တကယ်ပဲ သေသွားပြီလားလို့ သူမေးလိုက်ရမလား။

အခုအချိန်မှာတော့ သူငိုချင်နေမိသည်။

"အန်တီ. . . အိမ်သာခဏသွားချင်လို့"

"အင်း. . . သွားလေ၊ အောက်ထပ်အိမ်သာက ပျက်နေတယ်၊ အပေါ်မှာတော့ အိပ်သာတစ်လုံး ရှိတယ်၊ အပေါ်ပဲသွားလိုက်ပါ"

သူရှိနေကတည်းက ပျက်နေသော အိမ်သာကို အခုထိ ပြင်ရသေးပုံမပေါ်။

သားဇောဖြင့် တစ်အိမ်လုံး မောနေကြပုံရသည်။ ထိုသို့ဖြင့် အပေါ်ထပ်ကို သူ တက်ခဲ့လိုက်သည်။

■

(၂၅)

သူ့အခန်းရှေ့ ရောက်တော့ တံ့ခနဲ ရပ်လိုက်မိသည်။ တံခါး ဆက်ကိုင်ဘုကို ကိုင်ပြီး လှည့်ကြည့်လိုက်ရာ ပွင့်သွားသောကြောင့် သူအခန်းထဲကို ဝင်လိုက်မိသည်။

"အို"

သူ့အခန်းသည် အရင်တုန်းက အတိုင်းပါပဲလား။ နံရံက ပိုစတာများ၊ ဓာတ်ပုံများ၊ အံဆွဲများက သူရှိနေခဲ့တဲ့အတိုင်းပဲ ဖြစ်သည်။

ခုတင်ပေါ်မှာကတော့ စောင်နဲ့ခေါင်းအုံးလေးကို သပ်သပ်ရပ်ရပ် ခေါက်ပြီး တင်ထားသည်။

ကက်ဆက်ပေါ်ရှိ သူ့ CD တွေတတော့ မပျက်မယွင်းပဲ ရှိနေသည်။

စာအုပ်တွေကိုတော့ နံရံထောင့်မှာ တသီးတသန့် စီထား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မွေ့ယာကို လက်ကလေးဖြင့် ကိုင်ကြည့်နေမိသည်။

လွန်ခဲ့တဲ့ ခြောက်လလောက်က သူနောက်ဆုံးအိပ်ခဲ့တဲ့ အိပ်ရာဆိုတာကို သူမှတ်မိနေသည်။

သူ့စာရေး စားပွဲပေါ်ရှိ ဘောပင်ထည့်သည့် ခွက်ထဲမှာတော့ ဘောပင်များကို မတွေ့ရတော့ချေ။

သူ့ညီ ယူလိုက်ပုံရသည်။ ပြီးတော့ သူကြိုက်နှစ်သက်သည့် CD တွေဆီကို အကြည့်က ရောက်သွားသည်။

CD တွေကတော့ သူရှိနေစဉ်ကအတိုင်း အကုန်ရှိသည်။ သူ့ညီနဲ့ သူနဲ့က Music အကြိုက် မတူသောကြောင့် CD တွေကိုတော့ ထိထားပုံ မရချေ။

ရုတ်တရက် သူ့ဂစ်တာကို သတိရလိုက်မိသည်။ လိုက်ရှာကြည့်တော့ အခန်းထောင့်မှာ ထောင်ထားတာကို တွေ့ရ၏ ။

သူနှစ်သက်ရသော ဂစ်တာလေးကို ပြန်တွေ့ရသောကြောင့် ဝမ်းသာအားရဖြစ်ပြီး ဂစ်တာကိုကိုင်ကာ ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။

ဖုန်နည်းနည်းတက်နေတာကလွဲ၍ ဂစ်တာမှာ အကောင်းလေးတိုင်း ရှိနေသေးသည်။ ဂစ်တာရဲ့ ထောင့်နားမှာရှိတဲ့ သူ့နာမည် အတိုကောက် LT ကိုလည်း ကိုင်ကြည့်မိသည်။

"မင်းဘယ်သူလဲ"

ရုတ်တရက် ထွက်လာတဲ့ အသံကြောင့် လန့်ပြီး ခုတင်



ပေါ်ကနေ မတ်တတ်ရပ်လိုက်မိသည်။

"ဟင်"

သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော အဖေ့ရဲ့မျက်နှာကို တွေ့လိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

အိမ်ရှေ့ညှော့ခန်းသည် ကြောက်စရာ ကောင်းလော အောင် တိတ်ဆိတ်နေ၏။

သူ့ရှေ့မှာ ရှိနေသော စားပွဲပေါ်က ပန်းအိုးကို မမှိတ်မသု စိုက်ကြည့်နေမိသည်။ အဖေက သူကို အကဲခတ်နေလိမ့်မယ်ဆို စိတ်ထဲက တွေးနေမိသည်။

ဟုတ်မဟုတ် မျက်လုံးကို လှမ်းကြည့်လိုက်တော့ တတ သူကိုကြည့်နေတာ တွေ့ရသည်။

"ဒါက. . . သားရဲ့သူငယ်ချင်း ထူးဝေတဲ့၊ အိမ်တို လည်တာ"

အမေက သူ့ကို အဖေနဲ့ မိတ်ဆက်ပေးနေသည်။

အဖေက သူ့ကို ဘာမှပြန်မပြောဘဲ မျက်နှာထား တည်ကြီးနဲ့ ကြည့်နေ၏။



သူနည်းနည်းတော့ ထိတ်လန့်လာသည်။ အရင်တုန်းတ ည်းက အဖေ သူ့ကို အဲဒီလိုကြည့်ရင် သူ မနေတတ်။

အိမ်ပြန်နောက်ကျတာတို့၊ တစ်ခုခု မဟုတ်တာ လုပ်ခဲ့တဲ့ အချိန်တို့ဆိုရင် အဖေက သူ့ကိုမယုံသင်္ကာနဲ့ ကြည့်တတ်တဲ့ အကြည့်မျိုးဖြစ်တာကို သူမှတ်မိနေသည်။

"မင်းကို တစ်ခါမှ မတွေ့ဘူးပါလားကွ"

အဖေရဲ့ အေးတိအေးစက် အပြောကြောင့် သူနည်းနည်း ငန်လှပ်သွားသည်။ သူ ဖြေမလို့ပြင်စဉ်မှာ အမေက ကြားဖြတ် ပြောလိုက်၏။

"ဟုတ်တယ်၊ မေဂျာအတူတော့ မဟုတ်ဘူး၊ ချက်ထိုးရင်း ကျောင်းမှာ ခင်ကြတာတဲ့"

အဖေက အသိအမှတ်ပြုတဲ့အနေနဲ့ ခေါင်းညိတ်ပြသည်။

ထို့နောက် အမေသည် လေသံကိုလျှော့ပြီး အဖေ့နားကပ် တိုးတိုးလေး ပြောလိုက်၏။

"ရှင် ဘာတွေဖြစ်လာတာလဲ. . . အဆင်ရောပြေရဲ့လား"

အသံတိုးပေမယ့် သူကြားရသည်။

"မပြေဘူး၊ နှစ်မတွေနဲ့ ရန်ဖြစ်လာလို့၊ ပြီးရင် ပြန်သွား မှာ"

အဖေ့ စကားကြောင့် အမေ့ မျက်နှာလေး ညှိုးသွားတာကို ရသည်။

www.burmeseclassic.com



ဘာဖြစ်လို့ပါလိမ့်။ အဖေ ဘယ်ကိုသွားပြီး ဘယ်သူတွေနဲ့ ပြဿနာတတ်လာလို့လဲ။

ပြီးနောက် အမေသည် သူရှိတာကို သတိရသွားပြီး စကား ဆက်မပြောကြတော့ချေ။

ဒါ့အပြင် အဖေရဲ့ပုံစံသည် သူ့ကို မယုံသင်္ကာ ဖြစ်နေသေးတဲ့ပုံစံ ဖြစ်သည်။

အခုအချိန်မှာ သူ့အတွက် အရေးကြီးတာက လင်းသစ် ဘယ်ရောက်နေလဲ။

လင်းသစ် ဘာဖြစ်သွားလဲဆိုသည့် မေးခွန်းတွေပဲ ဖြစ်သည်။

အခုအချိန်မှာလည်း သူတို့သုံးယောက်ကြားထဲတွင် ပြောစရာစကား မကျန်တော့သလို ဖြစ်နေသည်။

ထို့ကြောင့် အဖေနှင့်အမေကို အရဲစွန့်ပြီး မေးခွန်းတစ်ခု မေးလိုက်သည်။

"ဒါ. . . ဒါနဲ့. . . လင်း. . . လင်းသစ်က ဘယ်မှာလဲဟင်"

သူ့အမေးကြောင့် နှစ်ယောက်စလုံးရဲ့ မျက်နှာများမှာ တအံ့တသြဖြစ်သွားပြီး သူ့ကိုလည်း စူးစိုက်ကြည့်နေကြသည်။

နဂိုကတည်းကမှ မသင်္ကာဖြစ်နေသော အဖေရဲ့ မျက်နှာမှာ ပို၍ကြောက်စရာကောင်းလာပြီး. . .



"မင်းဘယ်သူလဲ. . . မှန်မှန်ဖြေစမ်း"

ဟုဆိုကာ ထိုင်နေရာမှထလာပြီး သူ့ကို ထိုးတော့မည့်အသို့ ဖြစ်လာတော့၏။

"မင်းက လင်းသစ် သူငယ်ချင်း မဖြစ်နိုင်ဘူး. . .၊ မှန်မှန်ပြောစမ်း၊ မပြောရင် ငါအခု ရဲတိုင်လိုက်မှာ၊ ငါတို့ မိသားစုကို လာနှောင့်ယှက်နေတယ်ဆိုပြီး. . ."

အဖေသည် ပြောပြောဆိုဆိုနှင့် တယ်လီဖုန်းရှိရာကို သွားလေသည်။

သူလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိကာ ပြာယာခတ်သွားပြီး သူ့အမေကိုသာ လှမ်းကြည့်လိုက်မိသည်။

အမေက သူ့ကို ဘာမှမတတ်နိုင်သည့် ပုံစံဖြင့် ကြည့်နေပြီး-

"သူ. . . ဒေါသထွက်လာလို့ပါကွယ်၊ ပြန်ပါတော့"

ဆိုပြီး နှင်လွှတ်နေ၏။

ထိုအချိန်တွင် အဖေမှာ ရဲစခန်းကို တယ်လီဖုန်း ဆက်နေပြီ ဖြစ်သည်။ မကြာမီ ရဲများရောက်လာရင် ရှင်းပြရခက်သည်။

အခုအချိန်ကျမှ သူက လင်းသစ်ပါဆိုပြီး ရှင်းပြပါကလည်း ဘယ်သူ့မှ ယုံမည်မဟုတ်။

ခွင့်လွှတ်နေသော အမေ့ကိုကြည့်ပြီး ရင်ထဲမှာ အပုံလို ဝမ်းနည်းလာသည်။ စိုးရိမ်တကြီး ဖြစ်နေသော အမေ့ကို ရင်မဆိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘဲ အိမ်ထဲကနေ အလျင်အမြန် ပြေးထွက်လာခဲ့လိုက်သည်။

မျက်ရည်များနှင့်အတူ ဝမ်းနည်းမှုတို့က ရင်ထဲမှာ ပြည့်နှက်နေသည်။ ပြေးရင်းလွှားရင်းနှင့် အမေများ အနောက်ကနေ ပြန်လိုက်ခေါ်မလားဆိုပြီး မျှော်လင့်နေမိသည်။

သို့သော် သူ့နောက်က ဘယ်သူမှ မလိုက်လာခဲ့။ သူ ဆက်ပြေးနေမိသည်။

ခြေကုန်လက်ပန်းကျပြီး ဆက်မပြေးနိုင်တော့မှသာ နီးစပ်ရာ လမ်းဘေးပလက်ဖောင်းပေါ်တွင် ထိုင်ချလိုက်သည်။

သူ ဘာဆက်လုပ်ရမလဲ။ ယခုအချိန်မှာ ထူးဝေ အိမ်ကိုလည်း မပြန်ချင်သေး။ မိုးလည်း ချုပ်တော့မည် ဖြစ်သည်။ ခဏနားပြီးသောအခါ သူ့စိတ်ထဲမှာ မရှင်းတာတစ်ခု ပေါ်လာပြန်၏။

လင်းသစ် ဘယ်မှာလဲမေးတာကို အဖေက ဘာကြောင့် ဒေါသတကြီး ဖြစ်နေရတာလဲဆိုသည့် အတွေးပင်ဖြစ်သည်။

ဒါမှမဟုတ် အဖေသည် လင်းသစ်ကိုစွန့်ပစ်သက်ပြီး ပြန်လာစဉ် မေးလိုက်လို့ စိတ်ဆိုးသွားတာလား။

ဒါကတော့ ဖြစ်နိုင်ချေ အရှိဆုံးဖြစ်သည်။ ဒါဆို လင်းသစ် ဘယ်မှာလဲ။ လင်းသစ် ဘာဖြစ်သွားတာလဲ။ ခဏအကြာတွင် ဘာလုပ်ရမလဲဆိုသည့် အတွေးကို ရသွားသည်။

ထို့ကြောင့် ထိုင်နေရာမှထပြီး သူ့အိမ်နှင့် ခပ်လှမ်းလှမ်း



မှာရှိသော လမ်းကြားကို ချိုးဝင်လိုက်သည်။ ထိုနေရာကကြည့်လျှင် သူ့အိမ်ကို လှမ်းမြင်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၇)

ခဏကြာလျှင် မှောင်လာတော့မည် ဖြစ်သည်။ လမ်းကြားလေးမှာ ငုတ်တုတ်ထိုင်ရင်း သူ့အိမ်ကို တစ်ချက်တစ်ချက် လှမ်းကြည့်နေသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ မတွေ့သေးချေ။

ခုနတုန်းက ကြားခဲ့ရသည့် "ပြန်သွားရဦးမယ်"ဆိုတဲ့ သူ့အဖေရဲ့ စကားသံအရ ထိုင်စောင့်နေခြင်း ဖြစ်သည်။

သူ့အဖေ ဘယ်ကိုသွားလဲဆိုတာ သူစောင့်ကြည့်ရမည်။ သေချာအောင် နောက်က လိုက်ကြည့်ရင်လည်း လိုက်ကြည့်ရမည်။

သူထိုင်စောင့်နေသော နေရာသည် လူသွားလူလာ ပျတ်သောနေရာ ဖြစ်သည်။

အုတ်နီခဲ ခုထိုင်နေသော သူ့ကို မည်သူတစ်ဦးတစ်ယောက်မှ သတိမထားမိချေ။

နောက်ထပ် နာရီဝက်ခန့် ကြာသောအခါ အိမ်ရှေ့တံခါး



ဖွင့်သွားတာကို လှမ်းမြင်လိုက်သည်။

ထင်သည့်အတိုင်းပင် သူ့အဖေနှင့်အမေသည် ခပ်သုတ်သုတ်လေးထွက်လာပြီး တံခါးကိုပြန်ပိတ်ကာ အိမ်မှ ထွက်သွားလေ၏။

လမ်းကြားလေးနား ရောက်သောအခါ လင်းသစ်သည် အဆောက်အဦ တစ်ခုနောက်၌ ပုန်းအောင်းနေလိုက်ပြီး သူ့ကို ကျော်သွားသောအခါမှသာ ပုန်းနေရာမှ ထွက်လာပြီး သူ့အဖေနှင့်အမေနောက်ကို ခပ်လှမ်းလှမ်းကနေ လိုက်သွားလိုက်သည်။

အဖေ့ပုံစံက အလျင်စလိုဖြစ်နေပြီး အမေကတော့ ခြေလှမ်းတွေ ခပ်သွက်သွက် လှမ်းနေသည်။ သူတို့နှစ်ဦးစလုံးမှာ ဘေးပတ်ဝန်းကျင်ကို သတိမူမိပုံမရဘဲ အတွေးထဲမှာ နစ်မျောနေပုံရသည်။

"ဘယ်သွားနေကြတာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် အလောတကြီး ဖြစ်နေရတာလဲ"

နောက်ကလိုက်နေသော လင်းသစ်မှာ သူ့မိဘတွေ ဘယ်သွားနေမှန်း စဉ်းစားမရ ဖြစ်နေသည်။

ခဏအကြာတွင် လမ်းမကြီးတစ်ခုကို ရောက်သွားလေသည်။ တစ်ဖက်တစ်ချက်ကို ကြည့်ပြီး လမ်းမကြီးကို ဖြတ်ကူးကာ အဆောက်အအုံတစ်ခုထဲ ဝင်သွားလေ၏။

"ဟင်. . ."

www.burmeseclassic.com

www.burmeseclassic.com



နောက်ကလိုက်နေသော သူ့ရဲ့ခြေလှမ်းများ ရပ်တန့်သွားသည်။

သူ့မိဘတွေ ဝင်သွားသော အဆောက်အအုံမှာ သူတို့မြို့ရဲ့ ဆေးရုံတစ်ခုဖြစ်နေတာကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

■

(၂၈)

ဆေးရုံထဲ ဝင်လိုက်သော သူ့ရဲ့ခြေလှမ်းတွေက လေးလံနေ၏။ တစ်ခုခုကို ရင်မဆိုင်ရဲသောကြောင့် ဝင်သင့်၊ မဝင်သင့် ချီတုံ့ချတုံ့ ဖြစ်နေသည်။

သူ ဘာကိုတွေ့ရမှာလဲ၊ သူ့မိဘတွေက ဒီထဲကို ဘာဝင်[illegible]တာလဲ။ ဆေးရုံအဝင်အဝမှာတော့ လူရှင်းနေသည်။

လုံခြုံရေးအစောင့်က တစ်ဖက်လှည့်ပြီး ရေနွေးထည့်နေ[illegible] ဆေးရုံထဲကို ခပ်မြန်မြန် ဝင်လိုက်၏။

ဆေးရုံကောင်တာမှ အမျိုးသမီးနှစ်ဦးက ဝတ္ထုဖတ်နေသောကြောင့် သူ့ကို သတိမထားမိလိုက်ချေ။

အဘိုးဆုံးခါနီးတုန်းက ဒီဆေးရုံထဲကို ရောက်ဖူးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတာကို သူ အကုန်သိ သည်။

ထို့နောက် ဆေးရုံကောင်တာကို မသွားတော့ပဲ ရှေ့မှာ မြင်နေရသည့် ထောင့်ချိုးရှိရာကို လှမ်းဝင်လိုက်၏။

လူနာ နာမည်များနှင့်ယှဉ်ပြီး အခန်းနံပါတ်များကို ရေး ထားသည့် Whiteboard တစ်ခုကို တွေ့ရသည်။

Whiteboard အောက်တွင် ထွန်းထားသော မီးရောင်မှာ မှိန်မှိန်လေးဖြစ်သော်လည်း လူနာ နာမည်များကိုတော့ ပြတ်ပြတ် သားသား ထင်ထင်ရှားရှား မြင်တွေ့ရသည်။

| | | |
|---|---|---|
| **ဦးထွန်းဇော်** | **နှလုံးရောဂါ** | **အခန်း- ၁၆** |
| **ဒေါ်သိန်းအေး** | **လေးဘက်နာ** | **အခန်း- ၂၇** |

အဖေက သူ့ဘာသာသူ ကျန်းမာရေး တစ်ခုခုဖြစ်လို့ လာ ပြတာလည်း ဖြစ်နိုင်တာပဲ။

| | | |
|---|---|---|
| **မသိမ့်သိမ့်** | **မျက်စိနာ** | **အခန်း- ၈** |

နာမည်များကို ရင်တထိတ်ထိတ်နဲ့ ဆက်ကြည့်ရင်း ထ နေရာ အရောက်တွင် သူ့အကြည့်က ရပ်သွားသည်။



နောက်တစ်ခေါက် ပြန်ကြည့်မိသည်။

သေ. . . သေ. . . သေချာသည်။ သူ တွေ့နေရသည့် နာမည် သည် သူတို့မြို့မှာ နှစ်ယောက် မရှိပေ။

ရေးထားသော နာမည်နဲ့ အကြောင်းအရာများကို အထိတ် တလန့်နဲ့ ရေရွတ်ကြည့်မိသည်။

| | | |
|---|---|---|
| **လင်းသစ်** | **ကိုမာ (Coma)** | **အခန်း- ၃၁** |

ဆေးရုံတင်သည့် ရက်စွဲကို ကြည့်လိုက်သောအခါ လွန် ခဲ့တဲ့ ခြောက်လခန့်က သူ့နှင့် ထက်ကောင်းတို့ ချက်(စ်)ထိုးခဲ့သည့် နေ့ဖြစ်နေတာကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ခုတင်ပေါ်မှာ ပိုက်တန်းလန်းနဲ့ လဲနေသော သူ့ရဲ့ ခန္ဓာကိုယ်ကို မှန်ထဲကနေတစ်ဆင့် ချောင်းကြည့်လိုက်မိသည်။

ယခုလို သူ့ခန္ဓာကိုယ်ကို အပြင်မှာ တစ်ခါမှ မတွေ့ဘူးသောကြောင့် ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။

မျက်ဝန်းက မျက်ရည်များ သူ့အလိုလို စီးကျလာသည်။ သူ မမျှော်လင့်ထားသော ကိစ္စကြီးကို ဝုန်းခနဲ တွေ့လိုက်ရသောကြောင့် ခဏတာ မှင်သက်မိနေသည်။

သူ သိပ်တွေ့ချင်နေသော သူ့ရဲ့ ခန္ဓာကိုယ်သည် သူ့မျက်စိရှေ့တွင် သတိမေ့မျောနေ၏။

ခေါ်မကြား၊ အော်မကြားနဲ့ သတိမေ့နေတာ ခြောက်လလုံးလုံး ရှိနေပြီဖြစ်သည်။

မှန်ထဲမှာပဲ ကိုယ့်ကိုကိုယ် ပြန်ကြည့်ဖူးပေမယ့် အခုလို



ခန္ဓာကိုယ်ကြီးကို အပြင်မှာ မြင်လိုက်ရသောကြောင့် မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေမိသည်။ ဒါပေမယ့် သူတွေ့ချင်တဲ့ သူ့ရဲ့ ခန္ဓာကိုယ်သည် ယခု သူမြင်နေရသော အခန်းထဲရှိ ခုတင်ပေါ်မှာ လဲလျောင်းနေ၏။

အဖေသည် ခုတင်ဘေးတွင်ရပ်နေပြီး အမေကတော့ သတိမေ့မျောနေသော သူ့သားလက်ကိုကိုင်ကာ မမှိတ်မသုန် စိုက်ကြည့်နေသည်။

ဘေးက နာ့စ်မတစ်ယောက်ကလည်း အဖေ့ကို တစ်စုံတစ်ခု ပြောနေလေ၏။ ဘာတွေပြောနေမှန်းတော့ သူ မသိချေ။

ဘာပဲဖြစ်ဖြစ် သားတစ်ယောက် အသက်ရှင်သန်ရေးအတွက် ခြောက်လလုံးလုံး သူတို့ ပင်ပန်းနေကြရောပေါ့။

အခန်းထဲကို ပြေးဝင်သွားချင်သော်လည်း သူ့အသိစိတ်က ခဝင်ဖို့ တားနေသည်။

သူ၏ ခန္ဓာကိုယ်သည် တစ်နေရာတွင် ရှိနေပြီး ဝိညာဉ်သည် အခြားတစ်ဦး၏ ခန္ဓာကိုယ်ထဲတွင် ရောက်နေလေသည်။

သူဘယ်လို ရှင်းပြရမလဲ။

အဲဒါထက် အရေးကြီးတာက သူ့ရဲ့ ခန္ဓာကိုယ်ထဲကို သူ ဘယ်လိုပြန်ဝင်မလဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

အခြေအနေ အားလုံးကို သူနားလည်သွားပြီ ဖြစ်သည်။ ထိုနေ့က ထက်ကောင်းနှင့် Chess ထိုးပြီး အပြန်လမ်းမှာ တစ်ခုခု ဖြစ်ပြီး သူ Coma (ကြာရှည်သတိမေ့မျောခြင်း)ဝင်သွားခြင်း ဖြစ်ပုံရသည်။

သို့သော် သူ့ရဲ့ ဝိညာဉ်ကတော့ ထူးဝေခန္ဓာကိုယ်ထဲ ဘယ်လိုဘယ်ပုံ ဝင်နေလဲဆိုတာတော့ သူ မသိ။

အဖေ့ရဲ့ ဒေါသတကြီး ငြင်းဆိုမှုကြောင့် သူ့အတွေးများက အခန်းထဲကို ပြန်ရောက်သွားသည်။

အခုအချိန်ထိ သူသည် အခန်းနံပါတ် (၃၀)ရဲ့ အပြင် မှန်တံခါးလေးကနေ အထဲကို ချောင်းကြည့်နေဆဲပင် ဖြစ်သည်။

"ကျွန်တော်တို့ လင်မယားနှစ်ယောက်က သဘောတူမှာ မဟုတ်ဘူး ဆရာမ"



"အဲဒါတော့ ဆရာဝန်ကြီးနဲ့ ဆွေးနွေးလိုက်ပါလား။ အခုဟာက ခြောက်လရှိနေပြီဆိုတော့ မျှော်လင့်ချက်ကလည်း မဲ့ပြီလေ"

ကြားရတဲ့ စကားများက ထိတ်လန့်ဖို့ ကောင်းနေသည်။ အဖေရဲ့အသံက တိုးသွားသောကြောင့် ကောင်းကောင်း မကြားရချေ။ ဆက်လက် ငြင်းဆန်နေပုံရ၏။

ထိုစဉ် သူ့ရဲ့အကြည့်များက အခန်းထဲရှိ ခုံပေါ်တွင် တင်ထားသော သတင်းစာဆီကို ရောက်သွားသည်။

သူလှမ်းကြည့်သော နေရာနှင့်မဝေးသောကြောင့် သတင်းစာအား ရှင်းရှင်းလင်းလင်း မြင်နေရသည်။

သတင်းစာ မျက်နှာဖုံးပုံမှာ ပိုက်တန်းလန်းနှင့် သတိမေ့မျောနေသော သူရဲ့ပုံပင်ဖြစ်သည်။

ပုံပေါ်ရှိ ခေါင်းစီးစာတန်းကို ပြူးပြဲကြည့်မိသည်။ သိပ်မတွေ့ရသောကြောင့် ရှေ့ကိုနည်းနည်း တိုးကပ်ကြည့်ချိန်တွင် အဖေက သူ့ကိုမြင်သွားလေသည်။

"ဟေ့ကောင်. . . ဟင်. . . မင်း. . . မင်း ဘာလုပ်နေတာလဲ၊ ခုနက ငါတို့အိမ်ကို လာသွားတဲ့ကောင်မှတ်လား"

ပြောပြောဆိုဆို သူ့ဆီကို ပြေးလာသောကြောင့် လင်းသစ်လည်း ကြောက်အားလန့်အားနှင့် ပြေးမိပြေးရာ ပြေးရလေသည်။

စကြီလမ်းတွေ တစ်ခုပြီးတစ်ခု ကျော်ဖြတ်ပြီး ဆေးရုံအပြင်ကို ဘယ်လိုရောက်လို့ ရောက်လာမှန်း မသိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းရှိ အကွယ်တစ်ခုတွင် ပုန်းနေလိုက်ပြီး ဆေးရုံဘက်ကို ပြန်ကြည့်လိုက်သောအခါ လုံခြုံရေးတစ်ယောက်နှင့် စကားပြောနေသော သူ့အဖေကို တွေ့ရသည်။

ဆေးရုံထဲကို ထပ်ဝင်လို့ မဖြစ်တော့။

■

(၃၁)

ပိတ်ခါနီးနေပြီဖြစ်သော ဆိုင်ထဲကို လှမ်းဝင်လိုက်သည်။

"ဆိုင်ပိတ်ပါပြီ ခင်ဗျာ"

ဆိုင်ရှင်ဦးထွန်းဝေက ပစ္စည်းတွေ သိမ်းနေရင်းမှ လှမ်းပြောသည်။ အရင်တုန်းက သူခဏခဏ လာဝယ်နေကျဆိုင် ဖြစ်သည်။

"ဟုတ်ကဲ့. . . သိပါတယ်၊ ဟို ဒီနေ့ထုတ် သတင်းစာလေး လိုချင်လို့ပါ"

ဆေးရုံထဲမှာ သူတွေ့ခဲ့သော သတင်းစာက သူတို့မြို့မှာ ထုတ်ဝေသည့် သတင်းစာ ဖြစ်သည်။

သူတို့မြို့မှာ ထုတ်ဝေသည့် သတင်းစာ သုံးစောင်ရှိသည့် အထဲက သူတွေ့ခဲ့သော သတင်းစာသည် အရောင်းရဆုံးဖြစ်ပြီး သူတို့မြို့ရဲ့ သတင်းတွေအစုံဆုံး သတင်းစာတစ်စောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းစာလဲကွ"

". . . သတင်းစာလေ"

"တစ်စောင်ပဲ ရှိတော့တယ် ထင်တာပဲ"

သတင်းစာပုံကြီးထဲကနေ ရှာပေးလေ၏။

"ဪ. . . ဒီမှာတွေ့ပြီ၊ တစ်စောင်ပဲ ကျန်တော့တယ် ရော့"

လှမ်းပေးသော သတင်းစာရဲ့ ရှေ့အဖုံးကို ကြည့်လိုက်သည်။

ဆေးရုံမှာ သူတွေ့ခဲ့တဲ့ မျက်နှာဖုံးမဟုတ်ပဲ အခြားမျက်နှာဖုံး ဖြစ်နေတာကို တွေ့ရသည်။

ဒါဆို သူတွေ့ခဲ့တာ မနေ့က သတင်းစာ ဖြစ်မည်။

"မနေ့က သတင်းစာရော ကျန်သေးလား"

"အဲဒါတော့ ကုန်သွားပြီကွ၊ မင်းက ဘာသိချင်လို့ ရှာနေတာလဲ"

ဦးလေးကြီးက သူ့ကိုမယုံသလိုကြည့်ပြီး မေးလေ၏။

"ဟို. . . ကျွန်တော့် သူငယ်ချင်းအကြောင်းပါတဲ့ သတင်းစာတွေကို ရှာနေတာပါ"

"မင်း သူငယ်ချင်းက ဘယ်သူလဲ"

"လင်းသစ်ပါ"

"ဪ"



ဦးလေးကြီးက သူ့ကို မထူးဆန်းသလို ပြန်ကြည့်ပြီး ဆိုင်နောက်ဘက် ဝင်သွားလေ၏။

ထို့နောက် သတင်းစာတစ်ထပ်ကြီး ယူလာကာ သူ့ရှေ့ချ ပေးကာ. . .

"ယူသွား"

ဟု ပြောလိုက်၏။

"ဟင်. . . အားလုံးလား"

"မင်းလိုချင်တဲ့ဟာတွေ ရွေးယူသွားလေ၊ အကုန်ယူချင်တယ်ဆိုလည်း ယူသွားလို့ ရပါတယ်။ သူက ဦးနဲ့သိတော့ သူ့အကြောင်းပါသမျှ အားလုံး စုထားတာ ကောင်လေးက သနားပါတယ်"

ထိုသို့ပြောပြီးနောက် ဦးလေးကြီးသည် ဆိုင်ကို ဆက်ပိတ်နေ၏။

လင်းသစ်ကတော့ သတင်းစာပုံကြီးကို ကြည့်ပြီး ခဏ ဆွေ့ဝေနေမိ၏။

သတင်းစာတွေထဲတွင် သူ့ဓာတ်ပုံကို တစ်ခါမှ မတွေ့ဖူး သောကြောင့် စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။

ခဏအကြာတွင် သူ့ဓာတ်ပုံပါသော သတင်းစာတစ်ခုကို သောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# THE DAILY NEWS

www.dailynews.com THE LOCAL FAVORITE NEWSPAPER - Since 1979 -

## ယမန်နေ့က လူငယ်တစ်ဦး ကားတိုက်မိပြီးနောက် ဆေးရုံတွင် ကိုမာ (Coma) ဖြစ်နေကြောင်း သိရ



ယမန်နေ့က မြို့ခံလူငယ်တစ်ဦးဖြစ်တဲ့ လင်းသစ်သည် ညဘက်တွင် သူငယ်ချင်းဖြစ်သူရဲ့ အိမ်ကအပြန်မှာ ကားတိုက်ခံရကြောင်းသိရပါတယ်။

ဖြစ်စဉ်မှာ (. . .) အိမ်တွင် နေထိုင်သူ လင်းသစ်သည် သူငယ်ချင်းဖြစ်သူ ထက်တောင်းအိမ်မှ အပြန်တွင် တစ်ဖက်ထမ်းကနေ မူးပြီး မောင်းနှင်လာသော အိမ်စီးကားနံပါတ် (. . .) မှ ဝင်တိုက်မိခဲ့ခြင်း ဖြစ်ပါတယ်။

တိုက်တိုက်မိခြင်းမှာ နီးစပ်ရာလူများမှ လင်းသစ်အား ဆေးရုံကို ပို့ဆောင်ပြီး ဆေးကုသမှုခံယူခဲ့သော်လည်း ယခုထက်တိုင် သတိမရသေးကြောင်း သိရပါတယ်။

"ဒုန်းဆိုတဲ့ အသံကြီးက တော်တော်ကြီး၊ကျယ်တော့ ဘာများဖြစ်တာလဲ ဆိုပြီး၊ ထွက်ကြည့်တာ သွေးအိုင်ထဲ လဲနေတဲ့ လင်းသစ်ကို တွေ့ရတာပဲ" ဆိုပြီး လင်းသစ်ကို ဆေးရုံသို့ ပို့ခဲ့သူများထဲမှ တစ်ဦးဖြစ်သူ ဦးမိုးသံက ပြောပါတယ်။

"ခေါင်းမှာက နည်းနည်းတော့ ပြင်းတယ်။ ဘာဖြစ်ခဲလဲတော့ ကြည့်ရဦးမယ်၊ အခုအချိန်ထိတော့ သတိရသေးဘူး ကိုမာ ဖြစ်ဖို့ မှာ နိုင်နှုန်းတော့ နည်းနည်းများနေပြီ" ဆိုပြီး တာဝန်ကျ ဆရာဝန်က ပြောကြားခဲ့ပါတယ်။

တကယ်လို့များ လင်းသစ်ဟာ ကိုမာဖြစ်ခဲ့ပါက မြို့ရဲ့ ပထမဦးဆုံး ကိုမာဖြစ်တဲ့သူ ဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

■


www.burmeseclassic.com

www.burmeseclassic.com

# THE DAILY NEWS

www.dailynews.com THE LOCAL FAVORITE NEWSPAPER - Since 1979 -

## တစ်ပတ်ကြာတဲ့အထိ လင်းသစ် သတိမရသေး



လွန်ခဲ့သော တစ်ပတ်က ကားတိုက်ခံရတဲ့ လင်းသစ်သည် ယခုအချိန်ထိ ဆေးရုံတွင် သတိမရသေးကြောင်း ဆရာဝန်တစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။

၎င်းမှာ ဆက်လက်ပြီး သတိမရဘူးဆိုပါက Coma ဖြစ်နိုင်ချေ ရာခိုင်နှုန်း တော်တော်များကြောင်းလည်း သိရပါသည်။

ဆရာဝန် က Coma နှင့် ပတ်သက်ပြီးပြောပြရာတွင် -

"Coma ဆိုတာက လူတစ်ဦး ကြာရှည်စွာ သတိလစ်နေတဲ့ အခြေအနေကို ပြောတာပါ။ အဲဒီလို လူတစ်ယောက်က Coma ဖြစ်နေတဲ့အချိန်အတွင်း ဝတ်ဝန်းကျင်မှာဖြစ်နေတဲ့ အခြေအနေတွေကို ဘာဆိုဘာမှ မတုန့်ပြန်နိုင်တော့ပါဘူး။ ဘယ်လိုပြောရမလဲဆိုတော့ မသေတော့မသေသေးဘူး။ သူ့ပုံစံက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ပုံစံမျိုး ဖြစ်နေတာပေါ့။ ဒါပေမယ့် သူ့ကို ဘယ်လိုပဲ လှုပ်နှိုးနှိုး ထုရိုက်ရိုက် ပြန်မနိုးလာဘဲနဲ့ ကာလကြာရှည်စွာ သတိမေ့နေတာပေါ့။ Coma ဆိုတာ အဲဒီလိုမျိုးပါ။"

"အင်း. . . ပြန်နိုးလာဖို့ရှိလားဆိုတော့ နိုင်ငံတကာမှာလည်း Coma ဖြစ်ရာကနေ ပြန်နိုးလာပြီး အသက်ဆက်ရှင်နေတဲ့ သူတွေလည်း ရှိပါတယ်။ ဒါကတော့ လူနာရဲ့ အခြေအနေပေါ် မူတည်ပါတယ်" ဟု ဆရာဝန်က ဆက်လက်ရှင်းပြပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာများကို တစ်ခုပြီးတစ်ခု ဖတ်ရင်း လင်းသစ်သည် သူ့ရဲ့အခြေအနေကို သဘောပေါက်လာလေသည်။

ထက်ကောင်းတို့ အိမ်ကအပြန်မှာ သူ ကားတိုက်ခံရသည်။ ပြင်းထန်စွာ ဒဏ်ရာရခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ်မှာ ဆေးရုံတွင် သတိမေ့မျောနေခဲ့တာ ၆ လခန့်ရှိပြီ ဖြစ်သည်။

သူ့ရဲ့ ဝိညာဉ်ကတော့ သူ့ရဲ့ခန္ဓာကိုယ်နှင့် မိုင် ၂၅၀ ခန့်ဝေးတဲ့နေရာမှာ နေထိုင်သော ထူးဝေဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေသည်။

ဘယ်လို ရောက်လာသလဲ။ ကြားထဲမှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာတော့ သူ မသိချေ။ ယခု သူ့ရဲ့ ခန္ဓာကိုယ်ကတော့ ဆေးရုံမှာပဲ ရှိနေသေးသည်။

လင်းသစ်သည် သူ့ရှေ့တွင် ရှိနေသေးသော နောက်ဆုံး သတင်းစာကို လှမ်းယူလိုက်သည်။

ထိုသတင်းစာသည် ဆေးရုံမှာ သူတွေ့ခဲ့ရသော သတင်း ဖြစ်ပြီး ပိုက်တန်းလန်းနှင့် သူ့ပုံကို မျက်နှာဖုံးတင်ထားသည်။

ထို့နောက် သတင်းခေါင်းစီးကို ကြည့်မိပြီး လင်းသစ်မှာ ထိတ်လန့်သွားလေ၏။

သေချာအောင် နောက်တစ်ခေါက် ထပ်ဖတ်မိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

THE DAILY NEWS
www.dailynews.com THE LOCAL FAVORITE NEWSPAPER - Since 1979 -

# လင်းသစ်ရဲ့ အသက်ကယ်ပိုက်များကို (၇) ရက်အတွင်း ဖြုတ်ပစ်ရန် ဆရာဝန်များ ဆုံးဖြတ်

ယနေ့တွင် လင်းသစ်၏ ခန္ဓာကိုယ်တွင် တပ်ဆင်ထားသော အသက်ကယ်ပိုက်များအား ဖြုတ်ပစ်ရန် ဆရာဝန်များက ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

"သူ့မိဘတွေနဲ့တော့ ဆွေးနွေးနေဆဲပါပဲ။ ဒါပေမယ့် တစ်ပတ်အတွင်း ဆုံးဖြတ်ချက်ချဖို့ တိုက်တွန်းထားပါတယ်။ သူ အသက်ရှင်ဖို့ အခွင့်အရေးနည်းနေပါပြီ" ဟုဆိုပြီး တာဝန်ကျဆရာဝန် တစ်ဦးက ပြောကြားခဲ့ပါသည်။

ထိုကိစ္စနဲ့ ပတ်သက်ပြီး လင်းသစ်၏ ဖခင်က "ကျွန်တော့်သားက အသက်ဆက်ရှင်ဖို့ အခွင့်အလမ်းတော နည်းသွားပေမယ့်လည်း ကျွန်တော်တို့ လက်မလျှော့နိုင်သေးပါဘူး။ ဒီအတိုင်းပဲ သူ့ကို ရှိနေစေချင်ပါတယ်" ဟု ဆိုပြီး ပြောကြားခဲ့ပါသည်။

လင်းသစ်ရဲ့ မိခင်မှာ တစ်ချိန်လုံးငိုနေသောကြောင့် မေးမြန်းခွင့် မရခဲ့ပါ။ လင်းသစ်ရဲ့ အိမ်နီးချင်း တစ်ဦးကတော့ "သူ့ကို စွန့်လွှတ်ချိန်တန်ပါပြီ။ သူတို့ မိသားစုကို စိတ်ပင်ပန်း လူပင်ပန်းနဲ့ တွေ့ရတော့ ကျွန်တော်တို့တွေလည်း စိတ်မကောင်းပါဘူး။ လင်းသစ်ကို စွန့်လွှတ်လိုက်ဖို့ ကျွန်တော်တို့ တိုက်တွန်းဖို့ စဉ်းစားထားပါတယ်" ဟု ဆိုပြီး ပြောပြခဲ့ပါသည်။



လင်းသစ်တာ လွန်ခဲ့တဲ့ ခြောက်လခန့်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပြီး နောက်ပိုင်းတွင် သတိမေ့မျောနေသော လူငယ်တစ်ဦး ဖြစ်ပါသည်။

ဆရာဝန်များက သူ သတိပြန်လည်ရရှိရန်အတွက် ကြိုးစားခဲ့ကြသော်လည်း ယခုအချိန်ထိ ပြန်လည်သတိမရသေးပဲ Coma ဖြစ်နေသော သူတစ်ဦး ဖြစ်ပါသည်။

ယခုအခါ သူသတိမရနေသောကာလမှာ ခြောက်လခန့်ရှိပြီဖြစ်သည့်အတွက် ယခုလို ဆုံးဖြတ်ကြခြင်း ဖြစ်ကြောင်းလည်း သိရပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၇၂)

သတင်းစာကို ကိုင်ထားရင်းမှ မျက်ရည်များ စီးကျလာသည်။ လက်များလည်း တဆတ်ဆတ်တုန်လာပြီး နှလုံးခုန်နှုန်းသည်း မြန်လာ၏ ။

နောက်တစ်ပတ် . . . နောက်တစ်ပတ်ဆိုရင် . . . သူ့ခန္ဓာကိုယ် မရှိတော့ဘူး။ ဒါဆို . . . သူ . . . သူက . . . ထူးဝေ ခန္ဓာကိုယ်ထဲမှာပဲ တစ်သက်လုံး နေရတော့မှာလား။

မဟုတ်ဘူး။ မဟုတ်ဘူး။ ငါ့ခန္ဓာကိုယ်ထဲမှာပဲ ငါနေမယ်။ ငါ့ခန္ဓာကိုယ်ထဲကို ငါပြန်ဝင်မယ်။

သူတို့ကို အဲဒီလို လုပ်ခွင့်ပေးမှာ မဟုတ်ဘူး။

တစ်ယောက်တည်း သွေးရူးသွေးတန်း တွေးနေမိသည်။ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။ ယခုအချိန်မှာ သူလုပ်နိုင်တာက အားရပါးရ ငိုဖို့ပဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတတ်နိုင်သလောက် လုပ်ခဲ့ပြီးပြီ ဖြစ်သည်။ သူ့ကို ယုံမယ့်သူလည်း မရှိ. . .။

သူ ဘာပြောပြော အရူးတစ်ယောက်လို ဆက်ဆံမယ့်သူတွေချည်းပဲ တွေ့နေရသည်။

ဒီအခြေအနေမှာ သူဘာလုပ်ရမှာလဲ။ လင်းသစ်သည် ရှိုက်ကြီးတငင် ငိုချလိုက်သည်။ အဖေ့ကို သတိရသည်။

အမေလည်း သူ့အတွက် ငိုနေတာကို သိရတော့ စိတ်ထဲမှာ အလိုလို ဝမ်းနည်းလာမိ၏။

"ဟင်. . . ကောင်လေး မင်းငိုနေတာလား"

နောက်ဖေးကနေ ထွက်လာသော ဆိုင်ရှင်ဦးလေးကြီးသည် သူငိုနေတာကိုကြည့်ရင်း လှမ်းမေးလိုက်တဲ့ အသံကြောင့် လင်းသစ်မှာ ထူပူသွားပြီး ဆိုင်ထဲကနေ တစ်ချိုးတည်း ပြေးထွက်လာခဲ့လိုက်သည်။

အပြင်မှာ မှောင်နေပြီဖြစ်သည်။ ဒီတစ်ညတော့ သူတို့မြို့ရဲ့ တည်းခိုခန်းတစ်ခုမှာ အိပ်ရတော့မည်။

■

(၃၃)

မနက်အိပ်ရာနိုးတော့ သူ့စိတ်သည် ပြန်လန်းဆန်းလာသည်။ ဘာဆက်လုပ်ရမလဲဆိုပြီး တစ်ခုချင်းစီတွေးရင်း နောက်ဆုံးတွင် သူ့သူငယ်ချင်း ထက်ကောင်းကို သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။

ထက်ကောင်းကတော့ သူ့ကို ယုံနိုင်လိမ့်မည်။ အီးမေးလ်လည်း ပို့ထားသောကြောင့် သူ့ကိုလည်း သိနေလောက်ပြီ။

သူ့ကို အကျိုးအကြောင်း ဖွင့်ပြောပြီး အကူအညီ တောင်းရမည်။ ဟုတ်တယ်။ ဒါဟာ သူ့အတွက် အခွင့်အရေးတစ်ခုပင်ဖြစ်သည်။

ထို့နောက် ရေမိုးချိုးပြီး အခန်းခရှင်းကာ တည်းခိုခန်းထဲမှ ထွက်လာခဲ့၏။

နာရီကိုကြည့်လိုက်သောအခါ ကျောင်းတက်ဖို့ ၁၅ မိနစ်

www.burmeseclassic.com

www.burmeseclassic.com



ခန့်လိုသေးသည်။

ထက်ကောင်းကတော့ ကျောင်းတက်ခါနီး မိနစ်အနည်းငယ်အလိုမှ ရောက်လာလေ့ရှိသူ ဖြစ်သည်။

ကျောင်းဝင်းထဲက စောင့်ပြီးတွေ့ရင် သူ့ကို တွေ့နိုင်သည်။

■

ခြေလှမ်းတွေ ယိုင်ခဲ့တော့
ခရီးဘယ်လောက်နီးနီး
သွားရမှာ ဝေးလွန်းလှတယ်

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

လွယ်နေကျ ကျောပိုးအိတ်ကြီးလွယ်ပြီး ကျောင်းဝင်းထဲကို ငိုက်စိုက်ငိုက်စိုက်နဲ့ လှမ်းဝင်လာသော ထက်ကောင်းကို တွေ့လိုက်ရသည်။

မတွေ့တာကြာသောကြောင့် ရုတ်တရက်ကြီး ပြန်တွေ့ရသော ဝမ်းသာအားရ ပြေးနှုတ်ဆက်ချင်မိသည်။

သို့သော် သူသည် လင်းသစ် မဟုတ်တော့။ ထူးဝေ ဖြစ်နေပြီ။ ထို့ကြောင့် ထက်ကောင်းတစ်ယောက် သူ့ရှေ့ရောက်လာခါနီးအထိ စိတ်ရှည်ရှည် စောင့်နေလိုက်သည်။

ထက်ကောင်း ပုံစံကြည့်ရသည်မှာ သူ့စိတ်ကပဲ ထင်လို့လားမသိ။ တမှိုင်မှိုင်တတွေတွေ ဖြစ်နေပုံရသည်။

အရင်လို လန်းဆန်းတဲ့ ပုံစံမဟုတ်ဘဲ လေးလံနေသော [illegible] ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် သူ့ရှေ့နား ရောက်လာသော ထက်ကောင်းရဲ့ရှေ့တွင် ပိတ်ရပ်လိုက်ပြီး. . .

"သူငယ်ချင်း"

ဟု ခေါ်လိုက်၏။

အောက်ကို ငုံ့ကြည့်ပြီး လျှောက်လာသော ထက်ကောင်းမှာ သူ့အသံကြောင့် လန့်သွားပြီး သူ့ကိုလည်း ပြူးကြောင်ကြောင် မျက်နှာဖြင့် ပြန်ကြည့်နေ၏။

"သူငယ်ချင်း"

နောက်တစ်ခေါက် ထပ်ခေါ်လိုက်သည်။

"မင်းဘယ်သူလဲ"

ထက်ကောင်း၏အသံမှာ မမာလွန်း၊ မပျော့လွန်းဘဲ၊ အံ့ဩသည့်ပုံနှင့်သာ ဖြစ်နေသည်။

"ငါ. . . အီးမေးလ်ပို့တဲ့ တစ်ယောက်ပါ"

"ဟင်"

ထက်ကောင်းရဲ့ပုံစံမှာ အံ့ဩတဲ့ ဟန်ပန်မှ စိတ်ညစ်သွားသည့် ဟန်ပန်ကို ချက်ချင်းပင် ပြောင်းလဲသွားလေသည်။

"မင်း. . . လင်းသစ်ရဲ့ အဖေနဲ့အမေဆီကိုလည်း ရောက်သေးတယ်မှတ်လား"

ထက်ကောင်းရဲ့ မထင်မှတ်သော အပြောကြောင့် သူ ဘာဆက်ပြောရမှန်း မသိတော့ချေ။



သူ့အဖေက သူ့သူငယ်ချင်းဖြစ်သည့် ထက်ကောင်းဆီကို ဆက်ပြီး 'ထူးဝေဆိုတဲ့ ကောင်လေးတစ်ယောက် အကြောင်း'ကို မေးမြန်းခဲ့ပုံရသည်။

"အင်း. . . ရောက်ခဲ့တယ်။ ငါ. . . မင်းကို စကားလေး နည်းနည်းပြောချင်လို့ အခု ဒီကိုလာခဲ့တာ"

"ငါမအားဘူး၊ ကျောင်းတက်ရဦးမယ်"

"ခဏလေးပါပဲကွာ၊ ငါ. . . ခဏလေး ပြောမှာပါ"

ထက်ကောင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ကောင်းပြီလေ၊ ခဏစောင့်ဦး၊ အတန်းထဲကို ငါ လွယ်အိတ်သွားထားလိုက်ဦးမယ်"

ဟုဆိုပြီး သူ့ရှေ့ကနေ ထွက်သွားလေသည်။

"ငါဒီမှာပဲ စောင့်နေမယ်နော်. . . သိပ်မကြာနဲ့ဦး"

ထိုသို့ လှမ်းပြောပြီး ခုနက ရပ်စောင့်နေသော သစ်ပင်အောက်ဘက်ကို ပြန်သွားလိုက်သည်။

သူလာရင် ဘယ်က စပြောရမလဲ။

ငါအခု ထူးဝေဆိုတဲ့ ခန္ဓာကိုယ်ထဲ ရောက်နေတယ်လို့ ချက်ချင်း ပြောပြရမလား။

ဒါမှမဟုတ် ထက်ကောင်းနဲ့ သူနဲ့သာ သိတဲ့ကိစ္စတွေကို ပြောရင်း သူယုံကြည်လာအောင် အရင်လုပ်ရမလား။

သူက အချိန်သိပ်မရဘူးလို့ ပြောသည်။ တိုတိုနှင့် လိုရင်းသာ

www.burmeseclassic.com



ပြောရပေမည်။ လိုအပ်ပါက နောက်တစ်နေ့ အေးအေးဆေးဆေး တွေ့နိုင်ရန် ထပ်မံချိန်းရမည်။

သူ့အိမ်မှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ထိုင်နေကျ ဆိုင်တစ်ဆိုင်မှာပဲဖြစ်ဖြစ်ပေါ့။ ကျောင်းဆောင်အနား ရှိရာဘက်ကို အကြည့်တစ်ချက် ရောက်သွားသည်။

ထက်ကောင်း ပြန်ထွက်လာတာကို တွေ့ရသည်။ တွေ့ပိုးအိတ်ကြီးနဲ့ ပြန်ထွက်လာသောကြောင့် အိတ်သွားမထားရသေးဘူးလို့ ထင်လိုက်ပြီး တွေးမိလိုက်စဉ် သူ့နောက်က လိုက်လာသောလူများကြောင့် လင်းသစ် ထိတ်လန့်သွားလေသည်။

မည်သို့ဆိုသော် သူ့နောက်က လိုက်လာသောသူများအကျောင်းလုံခြုံရေးများ ဖြစ်သောကြောင့် ဖြစ်သည်။

ထို့ပြင် ထက်ကောင်းက သူရှိရာဘက်ကို ကျောင်းလုံခြုံရေးများအား လက်ညှိုးထိုးပြနေတာကိုလည်း တွေ့ရသည်။

မဖြစ်တော့၊ သူဒီနေရာက သွားမှဖြစ်မည်။ ထက်ကောင်းသည် သူပြောသည့် စကားများကို မယုံတော့။

သူ့သူငယ်ချင်းရဲ့ မိဘများကို ဒုက္ခပေးခဲ့တဲ့ လူတစ်ယောက်လို့သာ နားလည်သွားပုံရသည်။

သူသည် ခြေလှမ်းကို ခပ်မြန်မြန်လှမ်းရင်း ကျောင်းထဲမှ ပြန်ထွက်လာခဲ့ရပြန်သည်။

သူ၏ နောက်ဆုံးအကြံသည်လည်း ရေစုံမျောခဲ့ပြီ ဖြစ်သည်။



ဒီမြို့ကလေး၊ သူ့မိဘ၊ သူ့သူငယ်ချင်း၊ သူ့ပတ်ဝန်းကျင်အားလုံးက သူ့ကို ပြန်လက်မခံတော့။

သူသည် အခုဆိုရင် အားကိုးရာမဲ့နေသည့် ဝိညာဉ်တစ်ခုဖြစ်နေလေသည်။ သူ့အမေ၊ အဖေနဲ့ ပြန်နေချင်သည်။

သူ့အခန်းမှာ အရင်လိုပဲ သူငယ်ချင်းတွေ တရှုန်းရှုန်းနဲ့ဆင်းဆော့ချင်သည်။ အရင်လိုပြန်နေရရင် သူ့ညီနဲ့လည်း ရန်မဖြစ်တော့ဟု ကိုယ့်ကိုကိုယ် ကတိပေးနေမိသည်။

သို့သော် ဒါတွေအားလုံး တစ်ခုမှ မဖြစ်နိုင်တော့ဘူးဆိုတဲ့ အသိကြောင့် လမ်းသွားနေရင်း သူ့ရှေ့က ပုံရိပ်တွေက ဝေဝါးနေသလို ဖြစ်နေ၏။

ထူးဝေ ခန္ဓာကိုယ်ထဲမှာ သူ မနေချင်တော့. . .။

ဒီခန္ဓာကိုယ်က သူနှင့် သူစိမ်းဆန်လွန်းလှသည်။

ပါးလှတဲ့ ကိုယ်သင်းရနံ့ တချို့က သူ့ကို စိတ်တိုစေသည်။ အစ်သက်လုံး ဒီခန္ဓာကိုယ်ကြီးနဲ့ နေရတော့မယ်ဆိုတဲ့ အသိကြောင့်လည်း အခုအချိန်မှာ သူသည် မွန်းမေ့မတတ် ခံစားနေရသည်။

ဘာပဲဖြစ်ဖြစ်၊ ယခုအချိန်မှာတော့ ဒီခန္ဓာကိုယ်နဲ့ သူဆက်နေရဦးမှာဖြစ်ပြီး ထူးဝေအဖေနှင့်အမေကိုပဲ သူ့အဖေ အမေလို ဆက်ဆံပြောဆိုနေရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေသူငယ်ချင်း၊ ထူးဝေပတ်ဝန်းကျင် အားလုံးတွင်

နေသားကျအောင် ကြိုးစားရပေဦးမည်။

လင်းသစ်၏ ခန္ဓာကိုယ်သည် နောက်ခုနစ်ရက်အကြာတွင်

ပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

ဒီခန္ဓာကိုယ်အသစ်နဲ့ အသက်ဆက် ရှင်သန်နေအောင်

သူကြိုးစားရပေမည်။

ခဏအကြာတွင် သူလာခဲ့သည့် ဘူတာရုံသို့ ပြန်ရောက်

လာ၏။ လက်မှတ်အရောင်းကောင်တာတွင် အမြန်လက်မှတ်

စောင်ဝယ်လိုက်သည်။

ယခု အပြန်ခရီးသည် သူ့အတွက် ဘဝအသစ် ဖြစ်တော့

မည်ဆိုသည့် အသိက ပိုပြီး စိတ်ညစ်ဖို့ ကောင်းနေသည်။

■

ကျွန်တော်၏ အမည်မှာ——ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၅)

အိမ်ရောက်တော့ သူ့ကို ထူးဝေအဖေနှင့် အမေက [illegible]ထွေထူးထူး မေးမြန်းခြင်း မရှိပေ။

တည်းခိုခန်းကနေ သူ့သူငယ်ချင်းတစ်ယောက်အိမ်မှာ [illegible]ညအိပ်မည်ဟု ဖုန်းလှမ်းဆက်ထားသောကြောင့် သူ့ကို ဘာမှ [illegible]ခြင်းလည်း ဖြစ်ပုံရသည်။

အရင်တုန်းကလည်း ထူးဝေက မကြာခဏဆိုသလို သူငယ်ချင်း [illegible]အိမ်မှာ ညအိပ်ပုံရသည်။

အဖေကတော့ သူ့ပိုက်ဆံအချို့ ပျောက်တယ်ဆိုပြီး ပြန် [illegible]သံတော့ မကြားရချေ။

အထားမှားလို့ ပျောက်တာပဲဆိုပြီး ထင်နေပုံရသည်။ အဲဒီ [illegible]ခဲ့ လင်းသစ်သည် သူ၏ဘဝကို ထူးဝေအဖြစ်နဲ့ မြှုပ်နှံဖို့ ဆုံး[illegible]ပြီး နေ့စဉ် ပုံမှန်အလုပ်များကိုသာ လုပ်ကိုင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဆိုရင် ကျောင်းသွားသည်။ တစ်ခါတစ်ရံ ထူးဝေ အမေက လိုက်ပို့သည်။ တစ်ခါတစ်ရံတော့ ကိုယ့်ဘာသာကိုယ် ကျောင်းသွားရ၏။

ထူးဝေအရင် ရည်းစားနဲ့လည်း ပြတ်သွားပြီ ဖြစ်သည်။ ကျောင်းမှာတောင် မတွေ့ဖြစ်အောင် မနည်းရှောင်နေရသည်။

သူငယ်ချင်းတွေကတော့ ထူးဝေရဲ့ သူငယ်ချင်းတွေနဲ့ပဲ ဆက်ပေါင်းဖြစ်သည်။

သူတို့ကလည်း သူ့ကို ထူးဝေအဖြစ်နဲ့သာ သိထားကြသည်။ သူ့ရဲ့ ထူးထူးခြားခြား ပြောင်းလဲချက်များကို သတိမပြုမိဘဲ ပုံမှန်အတိုင်းပဲ သွားလာနေထိုင်ကြသည်။

ကျောင်းမှာကလည်း စာသင်စရာရှိရင် စာသင်သည်။ မရှိရင် သူငယ်ချင်းတွေနဲ့ ကန်တင်းထိုင်. . .။ မထိုင်ရင် စာလေးဘာလေးဖတ်နဲ့ ကျောင်းသားဘဝအတိုင်း သူနေထိုင်ခဲ့သည်။

ကျောင်းသွားရင် သူ့မြို့က ယူလာခဲ့သည့် သတင်းစာတိုတော့ အားရင်အားသလို ပြန်ဖတ်ကြည့်နေမိသည်။

ဖတ်မိတိုင်း သက်ပြင်းချရတာလည်း ခဏခဏပါပဲ။ အိမ်ပြန်ရောက်ရင်တော့ ရမ်ဘိုကို အပြင်မှာ ထွက်ကျောင်းသည်။ ပြီးရင် ညနေစာစား. . . စာဖတ်. . . အိပ်. . . (ဒါမှမဟုတ်) တီဗွီ ကြည့်ပေါ့။

ဒါဟာ ထူးဝေဘဝမှာ ရှင်သန်နေရသည့် တစ်နေ့တာ ပုံမှန်အလုပ်တွေပဲဖြစ်သည်။



ကြာတော့ သူ ပျင်းရိလာသည်။ သူ့အိမ်ကို လွမ်းလာသည်။ သူ့အရင် ခန္ဓာကိုယ်ကို လွမ်းမိသည်။ ထိုသို့ တွေးမိသည့် ရက်တ နေ့တိုင်းလိုလိုဖြစ်သည်။

ထိုရက်တွေမှာပဲ သူ့ကျောင်းတွင် ထူးခြားမှုတစ်ခုကို တောင် သတိထားမိလာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ထိုကောင်မလေးကို တွေ့တွေ့နေရသည်။

တိုက်ဆိုင်တာပါဟု ထင်သော်လည်း ထိုတိုက်ဆိုင်မှုက ငါးခေါက်လောက်ကျတော့ မသင်္ကာစရာ ဖြစ်လာသည်။

ထိုကောင်မလေး ရှိရာကိုသွားပြီး. . .

"မင်းဘယ်သူလဲ၊ ငါ့နောက်ကို ဘာဖြစ်လို့ လိုက်နေရတာလဲ"ဆိုပြီး သွားမေးလို့ကလည်း မသင့်တော်ချေ။ တော်ကြာ မဟုတ်ဘူးဆိုမှ ဒုက္ခရောက်လိမ့်မယ်။

ဒါ့အပြင် ကောင်မလေးပုံစံက သူ့ကို စိတ်ဝင်စားလို့ အနောက်ကနေ လိုက်နေသည့် ပုံစံမဟုတ်ဘဲ သာမန်အသိ တစ်ယောက်လို အကြည့်တွေကြောင့်လည်း နားလည်ရခက်လာသည်။

ထူးဝေသူငယ်ချင်းတွေကို မေးကြည့်တော့လည်း သူတို့လည်း မသိဘူးလို့ ဆိုကြသည်။

ဘယ်လိုဖြစ်လို့ သူ့နောက်ကို လိုက်နေပါလိမ့်။

ကောင်မလေးသည် အေးဆေး တည်ငြိမ်ပြီး အချောအလှစာရင်းဝင်သည့်သူတစ်ယောက် ဖြစ် သည်။ အရပ်မှာ အနည်းငယ်ရှည်ပြီး ဆံပင်ကို ခပ်တိုတို ညှပ်ထား၏။

အဲဒီလိုနဲ့ တစ်နေ့မှာ သူတစ်ယောက်တည်း ကန်တင်းထိုင်နေတုန်း ထိုကောင်မလေးသည် သူ့ရှေ့တွင် လာရပ်လေ၏။

■

## (၃၆)

ထိုထူးခြားမှုမှာ သူ့ကို ကောင်မလေးတစ်ယောက်က နောက်ကနေ လိုက်ကြည့်နေသည်ဟု ခံစားလာရခြင်းပင် ဖြစ်သည်။

ပထမတော့ သူသည် ထူးဝေ၏ အရင်ရည်းစားဟောင်းထဲက သူငယ်ချင်းတစ်ယောက်ယောက်က မကျေနပ်လို့ နောက်ယောင်ခံလိုက်တာပဲဆိုပြီး ထင်မိသေးသည်။

သို့သော် သေချာသတိထား ကြည့်မိတော့ ထူးဝေ အရင်ရည်းစားကောင်မလေးအဖွဲ့က သူ့ကို ဂရုပင် မစိုက်တော့တာကို တွေ့ရတော့ ထိုကောင်မလေးသည် ဘယ်သူလဲဆိုပြီး တွေးမိလာ၏။

ထူးဝေရဲ့ အသိကောင်မလေး တစ်ယောက်ပဲလား။ အသိဆိုရင် ဒီလို လိုက်လာဖို့ အကြောင်းမရှိချေ။

အခုဟာက သူ ကန်တင်းထိုင်ရင် ခပ်လှမ်းလှမ်းကနေ သူ့ကို အကဲခတ်နေတာမျိုးတို့ စသည်ဖြင့် တစ်နေရာမဟုတ် တစ်

www.burmeseclassic.com

အသက်ကယ်ပိုက်ဖြုတ်ဖို့
၂ ရက်အလို...

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

"ခဏလေး ထိုင်မယ်နော်"

ဘာမှပြန်မပြောနိုင်ခင်မှာပဲ ကောင်မလေးက သူ့ရှေ့ရှိ ခုံလွတ်တွင် ဝင်ထိုင်လိုက်ပြီ ဖြစ်သည်။

လက်ထဲမှာ ကိုင်ထားသော ကျောင်းစာအုပ်များနဲ့ စာရွက်များကို စားပွဲပေါ် တင်လိုက်ပြီး သူ့လွယ်အိတ်ကိုလည်း ဘေးရှိခုံလွတ်တစ်ခုတွင် တင်လိုက်သည်။

ထို့နောက် သူ့တည့်တည့်ကို လှည့်လိုက်ပြီး. . .

"လင်းသစ်လို့ပဲ ခေါ်မယ်နော်"

ဟု ပြောလိုက်သောကြောင့် လင်းသစ်မှာ အံ့ဩသွားပြီး ထိုင်ခုံမှ လဲမကျအောင် ထိန်းထားလိုက်ရလေသည်။ ပြီးနောက် သတိပြန်ဝင်လာပြီး-

"ကျွန်တော်က လင်းသစ်မှန်း ခင်ဗျား ဘယ်လိုလုပ်သိလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက အနည်းငယ် ပြုံးရယ်လိုက်ပြီး-

"ကျွန်မ နာမည်အရင်းကတော့ မေလဆန်းလို့ ခေါ်ပါတယ်. . .။ ရှင်အခု မြင်နေရတဲ့ ခန္ဓာကိုယ်ရဲ့ နာမည်ကတော့ ရတနာလင်းသူလို့ ခေါ်ပါတယ်"

"ဟင်"

ရုတ်တရက် ထိုင်နေရာမှ ထရပ်မိလိုက်သည်။

ခေါင်းကို ခါယမ်းလိုက်ပြီး တစ်ခုခု ပြောချင်နေသော်လည်း ဘာမှပြောမထွက်ပဲ ဖြစ်နေလေသည်။

■

(၃၈)

"လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ရှင်အခု မြင်နေရတဲ့ ရတနာလင်းသူဆိုတဲ့ ခန္ဓာကိုယ်ထဲကို ကျွန်မ ဘယ်လိုရောက်လို့ ရောက်မှန်း မသိခဲ့ရပါဘူး"

သူဘာမှ ပြန်မပြောနိုင်ဘဲ မတ်တတ်ရပ်နေမိဆဲ ဖြစ်သည်။

"ကျွန်မ မေလဆန်းရဲ့ မူရင်းခန္ဓာကိုယ်ကတော့ မရှိတော့ပါဘူး။ ကျွန်မ မိဘတွေက ကျွန်မ (၂)နှစ်လောက် Coma ဖြစ်နေတာကို မကြည့်ရက်လို့ဆိုပြီး အသက်ကယ်ပိုက်ကို ဝမ်းနည်းစွာနဲ့ ဖြုတ်ပစ်ခဲ့ကြပါတယ်"

"ဒါ. . . ဒါ. . . ဆို. . . ခင်. . . ဗျားလည်း ကျွန်တော့်လိုပဲ ဖြစ်နေတာလို့ ဆိုလိုတာလား"

သူ့စကားတွေ ထစ်နေလေသည်။ သူပြောတာကို ဘယ်သူမှ မယုံခဲ့တာဟာ အခုတော့ သူနားလည်ခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ထိုင်နေသော ကောင်မလေး၏ ပြောစကားများ တိုလည်း သူကိုယ်တိုင် ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်နေသေးသည်။

"ဒါနဲ့. . . ကျွန်မလည်း အခု ရတနာလင်းသူဆိုတဲ့ ခန္ဓာ ကိုယ်နဲ့ ဆက်နေခဲ့တာ အခုဆိုငါးနှစ်လောက် ရှိနေပါပြီ နေသားလည်း ကျနေပါပြီ၊ ထိုင်ပါဦး၊ ရှင်က ကျွန်မပြောတာကို မယုံလို့လား"

"မ. . . မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဘယ်လိုသိပြီး. . ."

ဘာဆက်ပြောရမှန်း မသိသောကြောင့် စကားကို ရပ်လိုက် ပြီး ခုံမှာ ပြန်ထိုင်လိုက်၏။

"ရှင်. . . နှင်းလဲ့ဝါနဲ့ ရန်ဖြစ်တဲ့နေ့ကို မှတ်မိလား"

"အင်း. . . မှတ်မိတယ်"

"အဲဒီတုန်းက ရှင်တို့နှစ်ယောက်ရဲ့ တစ်ခုံကျော်မှာ ကျွန်မ ထိုင်နေတာလေ"

သူသဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

သူမက ဆက်ပြောပြန်၏။

"အဲ့ဒီတုန်းက ရှင်က နှင်းလဲ့ဝါကို ရှင်ကိုယ့်ရှင် ထူးဝေ မဟုတ်ဘူးဆိုပြီး ပြောနေတာကို ကျွန်မ ကြားလိုက်ရတယ်"

"အင်း. . . ဟုတ်တယ်"

"ပထမတော့ ကျွန်မ အံ့ဩသွားတယ်၊ ဘယ်လိုဖြစ်လို့ ထူးဝေက သူ့ကိုယ်သူ ထူးဝေမဟုတ်ဘူး ပြောနေတာလဲဆိုပြီးတော့ ပေါ့"



သူ သက်ပြင်းချလိုက်သည်။

"ပထမတော့ ချစ်သူချင်း စိတ်ဆိုးပြီး ပြောတယ်ပဲ ထင် ခဲ့တာ၊ နောက်မှ ရှင့်သူငယ်ချင်းတွေကိုလည်း အဲဒီ့လို ပြောလိုက် တော့ ရှင်တကယ် အတည်ပြောနေတာမှန်း ကျွန်မ သတိထားမိ လိုက်တယ်။ ပြီးတော့ ကျွန်မ ရတနာလင်းသူရဲ့ ခန္ဓာကိုယ်ထဲ စပြီး ရောက်တုန်းက အခြေအနေကိုလည်း ပြန်သတိရလာမိတယ်။ ရှင့် လိုပဲ ကျွန်မလည်း လူတချို့ကို ပြောပြဖို့ ကြိုးစားခဲ့ဖူးတယ်လေ"

"ဒါပေမယ့် ဘယ်သူမှ မယုံဘူးမှတ်လား"

"ဟုတ်တယ်"

"နောက်ပြီး ရှင်က ကျွန်မကို မမှတ်မိဘူး"

"ဘယ်လို"

"ထူးဝေက ကျွန်မကို အကူအညီ နှစ်ခါလောက် ပေးဖူး တယ်၊ ခင်နေတယ်ဆိုပါတော့"

"သူ့သူငယ်ချင်းတွေ မေးကြည့်တော့ ဟို. . ."

ဘယ်လိုခေါ်ရမှန်းမသိတော့ ခဏရပ်သွားသည်။

"မေလဆန်းလို့ပဲ ခေါ်ပေးပါ"

"အင်း. . . သူတို့က မေလဆန်းကို မတွေ့ဖူးဘူးတဲ့"

"ဟုတ်တယ်. . . ထူးဝေနဲ့ပဲ သိခဲ့တာပါ၊ ဒါပေမယ့် ရှင့် ရှေ့က ဖြတ်လျှောက်တိုင်းမှာ ရှင်က ကျွန်မကို မမှတ်မိဘူးဆိုတော့ ရှင်က ထူးဝေ မဟုတ်ဘူးဆိုတာ သေချာသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ သူနားလည်လာပြီ ဖြစ်သည်။

အခု သူ့ရှေ့တွင် ထိုင်နေသော ရတနာလင်းသူ (ခ) မေလဆန်းသည်လည်း သူ့လိုပဲ လူတစ်ယောက်ဖြစ်သည်။

တစ်လောကလုံးမှာ သူတစ်ယောက်တည်းပဲ ဒီလိုဖြစ်တယ်လို့ ထင်ခဲ့တဲ့ သူ့အတွက် အခုလို ဘဝတူတစ်ယောက် တွေ့လိုက်ရတော့ အတိုင်းမသိ ဝမ်းသာမိသည်။

သို့သော် သူမကတော့ သူပျော်သလို ပျော်တဲ့ပုံတော့ မတွေ့ရ။

"ဒါပေမယ့် ကျွန်တော် မရှင်းတာ မေးရဦးမယ်"

"ဘာလဲ. . . မေးလေ"

"ဘယ်အချိန်မှာ ကျွန်တော်က လင်းသစ်ပါဆိုတာ သေချာသိသွားတာလဲ"

"ရှင် ခဏခဏ ထုတ်ဖတ်နေတဲ့ သတင်းစာရှိတယ် မှတ်လား အဲ့ဒီထဲမှာ ရှင့်နာမည် ပါတယ်လေ"

"ဪ. . . မေလဆန်းက ကျွန်တော် သတင်းစာဖတ်တာကို မြင်လိုက်တာကိုး"

"ဒါတင် မဟုတ်သေးပါဘူး. . . ရှင်. . . ရှင့်မြို့တို့ ပြန်သွားတဲ့ကိစ္စတွေ၊ ရှင့်မိဘတွေနဲ့ ပြန်တွေ့တာတွေနဲ့ သူငယ်ချင်း ရှင့်ကို လက်မခံတာတွေ အားလုံးကို ကျွန်မ သိပါတယ်"

"ဘာ. . . ဘာဖြစ်လို့ အဲဒီလို. . ."



"ရှင် ထူးဝေ မဟုတ်ပဲ အခြားတစ်ယောက်ဆိုတာ သေချာအောင်လို့ စုံစမ်းထားရတာပါ"

"နေပါဦး၊ ဒီလိုအဖြစ်မျိုးကို ကျွန်တော်တို့နှစ်ယောက်တည်း ကြုံရတာလား"

"တော်တော်များများ ဖြစ်ဖူးကြတယ်လို့ ကျွန်မ ထင်တယ်"

"အခုလို ရတနာလင်းသူရဲ့ ခန္ဓာကိုယ်ထဲမှာ နေခဲ့တော့ အဲ့ဒီ ရတနာလင်းသူရဲ့ ဝိညာဉ်ကရော"

"အဲ့ဒါတော့ ကျွန်မ မသိဘူး။ ကျွန်မလည်း သူ့ဝိညာဉ်ကို တွေ့ချင်နေတာ"

"ဟင်"

သူ၏ ခြေဖျား၊ လက်ဖျားများ အေးစက် စပြုလာပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၉)

"ကျွန်. . . ကျွန်တော် တစ်ခုလောက် မေးချင်တယ်"

"အင်း. . . ဘာမေးမလို့လဲ"

"ကျွန်တော့်မှာ မျှော်လင့်ချက် ရှိသေးလား"

သူ့ရဲ့ ခန္ဓာကိုယ် အစစ်အမှန်နဲ့ ပြန်နေရဖို့ သူ့မှာ မျှော်လင့်ချက်ရှိလားလို့ မေးလိုက်ခြင်း ဖြစ်သည်။

ဒါကို သူမကလည်း နားလည်ပုံရ၏။ သက်ပြင်းလေး တိုးတိုးလေးချကာ စားပွဲပေါ်တင်ထားသော သူမရဲ့ စာအုပ်တွေထဲက နေ စာရွက်တစ်ထပ်ကို ဆွဲထုတ်လိုက်၏။

ပြီးနောက် ထိုထဲမှ စာရွက်တစ်ရွက်ကိုယူကာ သူ့ရှေ့တိုး တိုးပေးလိုက်သည်။

ဓာတ်ပုံတစ်ပုံကို တွေ့ရ၏။





"ဒီဓာတ်ပုံထဲက ကောင်မလေးက ခရိုအေးရှားသူ၊ နာမည်က Sandra Ralic လို့ခေါ်တယ်။ အသက်က ၁၅ နှစ်ပဲ ရှိသေးတယ်"

"အင်း"

"ကိုမာဖြစ်ပြီး ၂၄ နာရီအကြာမှာ ပြန်သတိရလာတယ်။ ဒါပေမယ့် သူအရင်တုန်းက ပြောနေတဲ့ ခရိုအေးရှားစကားကို မပြောတတ်တော့ပဲနဲ့ ဂျာမန်စကားကိုပဲ ရေရေလည်လည် ပြောနိုင်တော့တယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဆရာဝန်တွေကရော၊ အခြားလူတွေကရော အခုထိ အဖြေရှာလို့ မရသေးဘူး၊ သူကိုယ်တိုင်လည်း ဘာမှပြန်မပြောနိုင်ဘူး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းကရော ဂျာမန်စကား သင်ဖူးလား"

"သူ့အမေ ပြောတာတော့ သူက ဂျာမန်စကားကို စတွေ့လာကစပဲ ရှိသေးတယ်တဲ့၊ ပိုထူးခြားတာက သူ့မိခင်စကားကို မပြောတတ်တော့တာပဲ"

"သူ ပြန်သတိရလာတာက ဘယ်အချိန်"

"သတိမေ့မျောပြီး ၂၄ နာရီ အကြာမှာ ပြန်သတိရလာတယ်"

သူနားလည်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

ထိုကောင်မလေး ဘာတွေကြုံခဲ့လဲဆိုတာကို သူ မခန့်မှန်းနိုင်. . .။

ဒါမှမဟုတ် အခြားလူမျိုးတစ်ဦးက သူ့ခန္ဓာကိုယ်ထဲ. . .

သူအတွေးမဆုံးခင် မေလဆန်းက သူ့ရှေ့ကို ဓာတ်ပုံတစ်ပုံပြပြန်သည်။

"သူကတော့ ကိုမာဖြစ်ပြီး ၁၉ နှစ်ကြာမှ ပြန်နိုးလာတဲ့ လူတစ်ဦးပေါ့၊ သူ့နာမည်က Terry Wallis လို့ခေါ်တယ်"

"ဟင်. . .၊ ၁၉ နှစ်ကြာမှ ဟုတ်လား"

"ဟုတ်တယ်"

သူစိတ်ဝင်စားသွားပြီး ဓာတ်ပုံကို ဆွဲယူကြည့်လိုက်သည်။ ဓာတ်ပုံ၏ နောက်ကျောတွင်လည်း ထိုလူရဲ့ အကြောင်းအရာလေးကို ရေးထားလေ၏။





၁၉၈၄ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်၊ သောကြာနေ့တွင် Mr. Wallis စီးလာသော ကုန်ကားသည် လမ်းမပေါ်ရှိ အရာတစ်ခုနှင့် တိုက်မိပြီး ကားသည် ချောက်ထဲကို ၂၅ ပေခန့် ပြုတ်ကျသွားလေသည်။

ကားကို ၂၄ နာရီကြာမှ ရှာဖွေတွေ့ခဲ့ကြပြီး ထိုအချိန်တွင် Mr.Wallis မှာ လည်ပင်းမှစပြီး တစ်ကိုယ်လုံးတွင် ထိခိုက်ဒဏ်ရာရကာ သတိမေ့မြောနေပြီး (ကိုမာ) ဖြစ်နေပြီဖြစ်သည်။

ထိုနေ့က သူ့မိန်းမက သမီးလေး မွေးတဲ့နေ့လည်း ဖြစ်သည်။

ဆရာဝန်များက သူပြန်လည်သတိရရန် အခွင့်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



နည်းပါးလွန်းသည်ဟု ပြောဆိုခဲ့ကြသော်လည်း Mr.Waillis ရဲ့ မိခင်နှင့်ဇနီးက သူ့ကိုပြန်လည် ထူထောင်ရေးစင်တာကို ပို့ခဲ့ကြသည်။

တစ်ပတ်တစ်ခါဆိုသလို သူတို့နေတဲ့ နေရာကနေ ၂၆ မိုင်ဝေးတဲ့ စင်တာကိုလာပြီး သူ့ခုတင်ဘေးနားမှာ မိသားစု ဝိုင်းဖွဲ့ပြီး စကားတွေ ပြောခဲ့ကြသည်။

Mr.Wallis ပြန်သတိရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ သူတို့တွေက အပတ်စဉ် မိသားစု စကားဝိုင်းလေးကို လုပ်ခဲ့ကြလေသည်။ အဲဒီလိုနဲ့ သူတို့ ပုံမှန်သွားနေကျ တစ်နေ့မှာ Mr. Wallis ဟာ အံ့ဩစွာနဲ့ မျက်လုံးဖွင့်ပြီး ပြန်သတိရလာခဲ့သည်။

သူ၏ သမီးလေး Amber မှာလည်း ၁၉ နှစ် သမီးရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် သူ မေ့မျောနေခဲ့တာ ၁၉ နှစ်တိတိ ရှိသွားခဲ့ပြီဖြစ်ပြီး ပြန်သတိရလာချိန်တွင် သူသည် ၁၉၈၄ ခုနှစ်ဝဲ ရှိနေသေးတယ်လို့ ထင်နေသေးသည်။

သူ့အမေက သူ့သားကို နိုင်ငံတော် သမ္မတ ဘယ်သူလဲလို့ မေးတဲ့အခါမှာလည်း ရော်နယ်ရီဂင်ဟု ပြန်ပြောခဲ့လေသည်။

သူသည် ၁၉ နှစ်ကြာမှ ပြန်နိုးလာခဲ့သော အံ့ဩဖွယ်ကိုမာ (Coma)ရောဂါသည်တစ်ဦး ဖြစ်ခဲ့သည်။



"ဒါ. . . ဒါဆို ကျွန်တော်လည်း မျှော်လင့်ချက်ရှိသေးတာပေါ့"

"အသက်ကယ်ပိုက် ဖြုတ်လိုက်ရင်တော့ ရှင့်မှာ မျှော်လင့်ချက် မရှိတော့ဘူးပေါ့"

သူ တွေဝေသွားသည်။ သူ့အတွက် (၂)ရက်သာ ရှိတော့သည်။ အကြည့်များက မေလဆန်းရှေ့ရှိ ဓာတ်ပုံများနှင့် စာအုပ်များပေါ်ကို ရောက်သွားပြန်သည်။

"နောက်ထပ် Coma ရောဂါရှင်တွေလား"

"ဟုတ်တယ်. . . ကျွန်မ ရှာဖွေပြုစုထားတာလေ"

သူအကုန်လုံးကို ဆွဲယူကြည့်လိုက်သည်။

အတော်များသော Coma ရောဂါရှင်များကို တွေ့လိုက်ရသည်။ တချို့က တစ်ပတ်တည်းနဲ့ ပြန်နိုးထလာကြသည်။

တချို့က တစ်ရက်၊ နှစ်ရက်. . . ကြာသည်။

လပိုင်းနဲ့ နှစ်အကြာကြီးမှ ပြန်နိုးလာသူတွေလည်း ပါဝင်သည်။ ထိုအထဲတွင် (၃)နှစ်သမီးအရွယ် ကလေးမလေးတစ်ယောက် အကြောင်းလည်း ပါဝင်၏။

ထိုကလေးမလေးရဲ့ ဓာတ်ပုံကို ကြည့်နေတာတွေ့တော့ မေလဆန်းက. . .

"အဲ့ဒီ ကောင်မလေး အဖြစ်ကလည်း နည်းနည်းဆန်းတယ်၊ ကျွန်မအထင်ပြောရရင် သူ့ထဲမှာ ရောက်နေတဲ့ ဝိညာဉ်တာ

www.burmeseclassic.com



သူမဟုတ်ဘဲ အခြားတစ်ယောက်များ ဖြစ်နေမလားဆိုပြီး သံသယ ဖြစ်မိတယ်"



ဓာတ်ပုံနောက်က စာများကို သေချာဖတ်ကြည့်လိုက်သည်။



သူမနာမည်က Ya Wen ဖြစ်ပြီး အသက် (၃)နှစ်အရွယ်ရှိသော မိန်းကလေးတစ်ဦး ဖြစ်သည်။

ကားတိုက်မှုဖြစ်ပြီး ဆေးရုံပေါ်တွင် Coma (၅)ရက်ကြာ သတိမေ့မျောသွားပြီးနောက် ပြန်သတိရလာချိန်တွင် ဆေးလိပ်နှင့် အရက်၊ ဘီယာများကို သောက်တတ်လာခဲ့သည့်သူတစ်ဦး ဖြစ်သည်။

သူမအမေက "ဆေးရုံက ဆင်းလာပြီး နောက်ပိုင်း အပျိုလိုပဲ နေထိုင်တဲ့ပုံစံက ပြောင်းလာတယ်။ တစ်ရက် အိမ်သာမှာ သူ့အဖေ ဆေးလိပ်တွေကို ခိုးသောက်နေတာ မိသွားတယ်။ ဘယ်လိုမှလည်း ပြောလို့မရဘူး။ အခုဆိုရင် တစ်နေ့ကို ဆေးလိပ် တစ်တောင့်လောက် ကုန်တယ်။ ဘီယာဆိုရင်လည်း ရေခဲသေတ္တာထဲက တာတွေ ယူသောက်တော့တာပဲ"

ဟုဆိုပြီး ပြောပြခဲ့သည်။

ဒါ့အပြင် သူမ၏ ဝတ်စားပုံတွေလည်း ပြောင်းလဲခဲ့တယ်လို့ ပြောဆိုခဲ့ပါသေးသည်။

"ယောကျ်ားလေးလို ဝတ်တာကို သိပ်ကြိုက်နေတယ်၊ အခုလည်း ယောကျ်ားလေးလိုပဲ ဝတ်တော့တယ်၊ ဆေးလိပ်ကတော့ မသောက်နဲ့လို့တားတာ ငိုယိုပြီး လုပ်နေလို့ ဘယ်လိုမှ တားလို့မရဘူး"

ဟုဆိုပြီး သုံးနှစ်အရွယ် သူ့သမီးအကြောင်းကို ပြောပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေးသည် တရုတ်ပြည်မှဖြစ်ပြီး သူ့အမေ နာမည်က တော့ Gao ဖြစ်သည်။

အခုတော့ Ya Wen ရဲ့အဖေက သူကိုယ်တိုင် စီးကရက် သောက်တာကို စွန့်လွှတ်လိုက်ပြီး မိသားစုတစ်ခုလုံး အခြားမြို့သို့ ပြောင်းရွှေ့သွားခဲ့လေသည်။

သူ၏ သမီးမှာတော့ အခုထိ ဆေးလိပ် တွေ့တာနဲ့ အော်ငိုနေတုန်းပဲဟု သိရပါသည်။

လင်းသစ်သည် သူ့လက်ထဲမှာရှိသော ဓာတ်ပုံနှင့်စာရွက်ကို ချလိုက်ပြီးနောက် သူ့ရှေ့တွင်ရှိနေသော မေလဆန်းကို ကြည့်လိုက်လေသည်။

ထို့နောက် စကားတစ်ခွန်းကို ခပ်သွက်သွက် ပြောချလိုက်လေသည်။

"ကျွန်တော့် ခန္ဓာကိုယ်ထဲ ပြန်ဝင်ချင်တယ်"

"အဲဒီမေးခွန်းကိုတော့ ကျွန်မ မဖြေနိုင်ဘူး။ ဒါပေမယ့် Website လိပ်စာတစ်ခုတော့ ပေးလိုက်မယ်။ ရှင် ဝင်ကြည့်ပေါ့။ အခု ကျွန်မပြောတာထက်ပိုပြီး ရှင် သိလာလိမ့်မှာပါ။ ကျွန်မတို့လို လူမျိုးတွေ အဲဒီ Website ထဲမှာ တော်တော်များများ ရှိပါတယ်"

ထို့နောက် စာရွက်အလွတ်တစ်ခုတွင် Website လိပ်စာတစ်ခုကို ရေးပေးလေ၏။

■

(၄၀)

ခင်ဗျားက ဝိညာဉ်ကူးပြောင်းခဲ့သူဆိုရင်တော့ အဲဒီ အဖြစ်မျိုးဟာ အမှန်တကယ် ရှိနေတဲ့အရာဖြစ်မှန်း သိမှာပါပဲ။ သိပ္ပံနည်းကျ ဖြစ်နေတာမျိုးတော့ မဟုတ်ဘူးပေါ့။ စိတ် ဒါမှမဟုတ် ဝိညာဉ်ဆိုတာက အကောင်အထည်ရှိတာမျိုး မဟုတ်ဘူးလေ။ မော်လီကျူးတွေနဲ့ တည်ဆောက်ထားတာမျိုး မဟုတ်ဘူး။ ဒီတော့ ဝိညာဉ်ဆိုတာ ရှိနေကြောင်းကို ဘယ်လိုမှ စနစ်တကျ သက်သေပြလို့ မရဘူး။ ဝိညာဉ်ကူးပြောင်းမှုဆိုတာကလည်း ဒီသဘောအတိုင်းပါပဲ။ ဘာသာရေးအချို့မှာတော့ အယူအဆတွေ ရှိကြတယ်။ ဥပမာ-

(၁) လူမှာ ဝိညာဉ်တစ်ခု ရှိမယ်။

(၂) လူတို့ သေတဲ့အခါ ထိုဝိညာဉ်ဟာ ခန္ဓာကိုယ်တို့ ... ကောင်းကင်ဘုံရှိရာကို တက်မယ်လို့ ယုံယုံကြည်ကြည် ...

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က ဝိညာဉ်တစ်ခုဟာ ခန္ဓာကိုယ်တစ်ခုကို စွန့်ခွာပြီး နောက်တစ်ခုဆီ ဝင်ရောက်နိုင်တယ်လို့ ပြောလိုက်ရင် အဲဒီဘာသာဝင်တွေက ကျွန်တော်တို့ကို အရူးလို့ထင်တုန်းရော။ လူဝင်စားတာ၊ ကံကြမ္မာဆိုတာတွေကို ယုံကြည်ကြတဲ့ တချို့ဘာသာဝင်တွေကတောင် ကျွန်တော်တို့လို ဝိညာဉ်ကူးပြောင်းခဲ့သူတွေကို မယုံကြည်ကြဘူး။

တကယ်တော့ ကျွန်တော်တို့က အမှန်တကယ် ဖြစ်နေကြတာပါ။

ကဲ. . . အခု ကျွန်တော့်ရင်ထဲပေါ့သွားအောင် ရှင်းရှင်းလင်းလင်း ပြောပါရစေ။ ဒီဝက်ဘ်ဆိုက်ဟာ ဝိညာဉ်ကူးပြောင်းခြင်းဆိုတာကို သိပ္ပံအသိုင်းအဝိုင်း၊ ဘာသာရေး အသိုင်းအဝိုင်းတလက်ခံလာအောင် စည်းရုံးနေတာ မဟုတ်ဘူး။ ထူးခြားနေတဲ့ ဖြစ်ရပ်လေးကို စုံစမ်းစစ်ဆေးဖို့လည်း မဟုတ်ဘူး။ ဒီဝက်ဘ်ဆိုက်မှာလာပြီး ကိုယ်ကိုယ်တိုင် ဒါမှမဟုတ် တခြားဝိညာဉ်ကူးပြောင်းမှုတွေအကြောင်း တိကျတဲ့အဖြေမျိုး ရှာမယ်ဆိုရင်တော့ ခင်ဗျားတို့ စိတ်ပျက်သွားလိမ့်မယ်။ ဒီနေရာဟာ ကမ္ဘာအနှံ့က ဝိညာဉ်ကူးပြောင်းမှုကြုံခဲ့ရသူတွေအတွက် အွန်လိုင်းဆုံမှတ်တစ်ခုပါ။ ကိုယ်ကြုံခဲ့တဲ့အတွေ့အကြုံကို စိတ်ကြိုက်ရေးတင်နိုင်သလို၊ ကိုယ်နဲ့စိတ်တူကိုယ်တူ၊ စာနာတတ်သူတွေနဲ့ လွတ်လွတ်လပ်လပ် စကားပြောနိုင်တဲ့ အွန်လိုင်းဖိုရမ်တစ်ခုပါပဲ။



ကျွန်တော်တို့အတွက် အပြင်ကမ္ဘာကြီးဟာ ကြမ်းတမ်းပြီးအထီးကျန်လွန်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ကြုံခဲ့တာတွေ၊ ဝိညာဉ်ကူးပြောင်းခဲ့ရတဲ့ လက်ရှိဘဝသစ် တစ်လျှောက်လုံးဖြတ်သန်းရမှာတွေကို နားလည်ပေးမယ့်သူ၊ ယုံကြည်မယ့်သူ မရှိလို့ပါပဲ။ တခြား ခန္ဓာကိုယ်တစ်ခုမှာ ပြောင်းရွှေ့ရှင်သန်ရတဲ့ ဘဝတာ ဆုံးရှုံးပူဆွေးစရာမျိုး ဖြစ်ပါတယ်။ အရင်ခန္ဓာကိုယ်နဲ့ ပတ်သက်ခဲ့သမျှကို စွန့်ပစ်ခဲ့ရပြီး၊ လက်ရှိရောက်နေတဲ့ ခန္ဓာကိုယ်ရဲ့ပတ်ဝန်းကျင်အသစ်မှာ ကြိုးစားပေါင်းစပ်ပြီး နေရတာပါ။ ကိုယ့်ခန္ဓာအဟောင်း၊ ကိုယ့်ဘဝ၊ ကိုယ့်အချစ်ဆုံး လူတွေဆီကနေ ဆွဲထုတ်ခံလိုက်ရပြီး၊ တခြားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ပစ်ထည့်ခံရတာမျိုးလေ။ ကိုယ်လက်ရှိ ဝင်နေတဲ့ ခန္ဓာကိုယ်ရဲ့ အရင်ဝိညာဉ်အပေါ်အပြစ်စိတ်မလုံသလိုလည်း ခံစားရပါတော့တယ်။

ခန္ဓာကိုယ်ဟောင်းဆီ မပြန်နိုင်တော့ပါလားဆိုပြီး တုန်လှုပ်စွာ နားလည်လာရတယ်။

ဒီအကြောင်းတွေထဲမှာ ခင်ဗျားတို့နဲ့ တစ်ခုခု တိုက်ဆိုင်မှုရှိနေရင်တော့ ကြိုဆိုပါတယ်။ ခင်ဗျား နေရာမှန် ရောက်လာတာပဲလေ။ ခင်ဗျားအနေနဲ့ ထပ်ပြီး တိတ်တိတ်လေး တစ်ယောက်တည်းအထီးကျန်နေစရာ မလိုတော့ဘူး။ ကျွန်တော်တို့ ဇာတ်လမ်းတွေကိုဖတ်ကြည့်ပြီး၊ ခင်ဗျား ကြုံခဲ့ရတာကို ပြန်မျှဝေပေးပေါ့။ ခင်ဗျားအတွက် ယုံကြည်စရာဆိုလို့ ကျွန်တော်တို့ပဲ ရှိနိုင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မသွားနိုင်တော့ဘူးတဲ့လား"

Website မှာ အင်္ဂလိပ်လို ရေးထားချက်များကို ကြိုးစားပြီး ဖတ်ကြည့်ရင်း တိုးတိုးလေး ရေရွတ်လိုက်သည်။

လင်းသစ်က မြင်နေရတာတွေကို ပိတ်ပစ်လိုက်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ ဖတ်လိုက်ရတဲ့ စကားလုံးတွေက သူ့နားထဲမှာ တိတ်ဆိတ်မသွားတော့ဘူး။ သူဟာ ထူးဝေဆိုတဲ့ လူတစ်ယောက် ရဲ့ ခန္ဓာကိုယ်ထဲမှာ တစ်သက်လုံး အကျဉ်းချခံလိုက်ရပြီဆိုတာ အမှန်ပဲလား။

ဒါနဲ့ သူက အောက်ပါ အဓိပ္ပာယ်ရတဲ့ လင့်တစ်ခုကို နှိပ်ကြည့်လိုက်ပြန်၏။

## "ဝိညာဉ်ကူးပြောင်းခြင်းဆိုတာ ဘာလဲ"

တိုတိုပြောရရင်တော့ ဝိညာဉ်ကူးပြောင်းခြင်းဆိုတာ လူတစ်ယောက်ရဲ့ ဝိညာဉ်ဟာ သူ့မူလခန္ဓာကိုယ်ကနေ တခြား ခန္ဓာကိုယ်တစ်ခုဆီ ရွှေ့သွားတာပါ။ ပြောင်းရွှေ့မယ့် ခန္ဓာကိုယ်အသစ်ရဲ့ ဝိညာဉ်နေရာမှာ အစားထိုးဝင်ရောက်တာ ဖြစ်တယ်။ ကြုံခဲ့ကြသူတွေရဲ့ ဇာတ်လမ်းတွေက အမျိုးမျိုး ကွဲပြားကြပေမယ့် အဓိက အခြေအနေ နှစ်မျိုးပဲ ရှိပါတယ်။



(၁) ဝိညာဉ်ကူးပြောင်းမှုဟာ ခန္ဓာကိုယ်ဟောင်းရဲ့ သေဆုံးချိန် (သို့) သေဆုံးခါနီး အချိန်မှာ ဖြစ်ပွားတယ်။

(၂) ကူးပြောင်းမှုဟာ အမွှာကဲ့သို့ ဆင်တူသူတွေ (သို့) စိတ်ပိုင်းဆိုင်ရာ နီးစပ်မှုရှိသူတွေကြားမှာ ဖြစ်ပွားတတ်တယ်။ (ဆိုလိုတာက မွေးဖွားချိန်၊ နေ့ရက်၊ မွေးတဲ့နေရာ နီးစပ်မှုရှိသူတွေမှာ ဖြစ်ပွားတတ်တယ်)

လက်ရှိ သိထားသမျှ ဇာတ်လမ်းတွေအရ ဝိညာဉ်ကူးပြောင်းခဲ့သူတွေနဲ့ ပတ်သက်ပြီး ဘာတွေပြောနိုင်သလဲဆိုတော့. . .

ငယ်ရွယ်သူတွေမှာ ဖြစ်ပွားတတ်ပါတယ်။ မှတ်တမ်းတွေအရ အငယ်ဆုံး အသက် ၁၂ နှစ်ကနေ ၂၄ နှစ် ဖြစ်တယ်။ ရုတ်တရက် သေဆုံးခဲ့တာတွေကြောင့်ချည်းပဲ။ အဖြစ်များတဲ့ ကူးပြောင်းမှု နှစ်ခုရှိပါတယ်။ ပြင်းထန်တဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း ဒဏ်ရာကြောင့် မေ့မြောနေသူတွေ ဒါမှမဟုတ် PVS လို့ခေါ်တဲ့ တစ်သက်လုံး ခန္ဓာကိုယ် မလှုပ်ရှားနိုင်တော့တဲ့ အခြေအနေမျိုး ရောက်နေသူတွေပါပဲ။ ယောက်ျား၊ မိန်းမ ကူးပြောင်းမှု အချိုးကတော့ ၅၇. ၄၃ ရာခိုင်နှုန်း ရှိပါတယ်။ ဒါပေမဲ့ ကူးပြောင်းမှုတိုင်းဟာ လိင်တူချင်းမှာပဲ ဖြစ်ပွားလေ့ရှိတယ်။ ဝိညာဉ်ကူးပြောင်းမှုတွေမှာ အကွာအဝေးဆိုတာလည်း အရေးမကြီးပါဘူး။ အထက်မှာ ပြောခဲ့သလို ကူးပြောင်းမယ့် လူနှစ်ယောက်ဟာ မွေးစဉ်မှာ နီးစပ်မှုရှိသူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ လိုပေမယ့်၊ ဝိညာဉ်ကူးပြောင်းချိန်မှာတော့ သူတို့နှစ်ယောက် နီးနီးကပ်ကပ်ရှိဖို့ မလိုပြန်ဘူး။ မှတ်တမ်းအရ ၁၉၅၉ မှာ ကော့သ် ဆိုသူရဲ့ ဝိညာဉ်ကူးပြောင်းမှုဟာ အကွာအဝေး အကြီးဆုံးပဲ။ ဗြိတိန် နိုင်ငံ မန်ချက်စတာမြို့ကနေ နယူးဇီလန်နိုင်ငံ ဒွန်နီဒင်မြို့ကို ကူး ပြောင်းသွားခဲ့တာပါ။

ဝိညာဉ်ကူးပြောင်းခဲ့သူတွေဟာ သူတို့ကူးပြောင်းခဲ့ရတဲ့ ခန္ဓာကိုယ်သစ်အပေါ် ရုပ်ပိုင်းဆိုင်ရာ ခံစားရတာတွေ မရှိကြပေ မယ့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေ ရှိကြပါတယ်။

ဝိညာဉ်ကူးပြောင်း ခံလိုက်ရတဲ့ ခန္ဓာကိုယ်အသစ်ရဲ့ မူလ ဝိညာဉ်က ဘယ်ရောက်သွားသလဲဆိုတာတော့ ကျွန်တော် မသိပါ ဘူး။ ဖြစ်နိုင်ချေရှိတဲ့ အယူအဆကတော့ အဲဒီဝိညာဉ်ဟာ ဝိညာဉ် ချင်းဖလှယ်တဲ့ သဘောမျိုးနဲ့ ဟိုဘက်ခန္ဓာကိုယ်ဆီ သွားလိမ့်မယ်။ ကူးပြောင်းလာတဲ့ ဝိညာဉ်ရဲ့ ခန္ဓာကိုယ်နဲ့အတူ သေဆုံးသွားမယ်ဆို တာပါပဲ။ ဒီလိုဆိုရင် ဝိညာဉ်တစ်ခုဟာ သူ့နေရာကို လွယ်လွယ်နဲ့ ဖယ်မပေးတာတော့ သေချာပါတယ်။ ဝိညာဉ်ချင်း အားပြိုင်မှုမှာ ဒုတိယဖြစ်သွားတဲ့အတွက် ကူးပြောင်းမှု မအောင်မြင်ခဲ့တာတွေ ဘယ်လောက်တောင် ရှိခဲ့မလဲဆိုတာ ဘယ်သူပြောနိုင်မှာလဲ။ ရှင်သန်နေတဲ့ ခန္ဓာကိုယ်တစ်ခုအတွက် ဝိညာဉ်နှစ်ခု ယှဉ်ပြိုင်ရာမှာ တစ်ယောက်ပဲ ကျန်မှာလေ။ ခင်ဗျားဆိုရင်လည်း အဲဒီလို နိုင်ခဲ့သူ ဖြစ်နေလို့ပဲပေါ့။



ဘာကြောင့် ငါက နိုင်ခဲ့ရတာလည်းလို့ ခင်ဗျားတွေးနေ နိုင်း သိပါတယ်။

ဒီဝက်ဘ်ဆိုက်က ကျွန်တော်တို့ရဲ့ ဇာတ်လမ်းတွေ၊ အပြန် အလှန် ဆွေးနွေးကြတာတွေကို ဖတ်ပြီး၊ မြင်မိတာကတော့ ဒီလိုပါ။ ဝိညာဉ်တစ်ခုဟာ သေဖို့အချိန် မရောက်သေးလို့ ဒါမှမဟုတ် သေ ဖို့ ဆန္ဒမရှိသေးတဲ့အတွက် တခြားခန္ဓာကိုယ်တစ်ခုဆီ ကူးပြောင်း တာမျိုးပေါ့။ ကောင်းကင်ဘုံ (သို့) ငရဲဘုံကိုလည်း မသွားချင် သေးဘူး။ တခြား တမလွန်ဘဝ တစ်ခုခု (သို့) နိဗ္ဗာန်ဆိုတာမျိုး ကိုလည်း မသွားချင်သေးတာမျိုးပေါ့။ ဘယ်လိုအကြောင်းတွေပဲ ရှိနေ နိုင်နေ မသွားချင်သေးတာမျိုးပါပဲ။ ဒီတော့ သူ့ကို ထောက်ပံ့ ထားတဲ့ ခန္ဓာကိုယ်သေဆုံးမယ့်အချိန်မှာ သူ့ကို လက်ခံမယ့် ခန္ဓာကိုယ်အသစ်ကို လိုက်ပြီးရှာဖွေပါတယ်။ သူ့နဲ့အနီးစပ်ဆုံး အမ္ဗာကို ရှာတာပါ။ သူနဲ့အနီးစပ်ဆုံး အမ္ဗာဟာ တူညီစွာနဲ့ မွေးဖွားခဲ့ပြီးကတည်းက ဘယ်လောက်ပဲ သီးခြားစီ ခွဲနေခဲ့ပါစေ၊ ဒါမှမဟုတ် အဲဒီအရေးကြီးတဲ့ ကူးပြောင်းမယ့်အချိန်မှာ ဘယ် လောက်ပဲ မိုင်တွေ ထောင်ချီပြီး ဝေးနေပါစေ၊ ကူးပြောင်းမယ့် ဝိညာဉ်ဟာ သူတို့ကြား ဆက်သွယ်ထားတဲ့ နာမ်ကြိုးကနေ စီးသွား ပြီး ဝုန်းခနဲ ရောက်သွားတာဖြစ်တယ်။

ခင်ဗျားဟာ ဝိညာဉ်ကူးပြောင်းခဲ့သူ တစ်ယောက်ဆိုရင် တော့ ခင်ဗျားဟာ ကောင်းချီးပေးခံထားရသူ ဒါမှမဟုတ် ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com



သင့်နေသူပါပဲ။ ဘာကြောင့်ဆိုတော့ ခင်ဗျားရဲ့ ဝိညာဉ်က ထာဝရ ရှင်သန်ချင်နေတဲ့ သဘောမျိုး ဖြစ်နေတယ်လေ။

■

(၄၀)

လင်းသစ်တစ်ယောက် ဝိညာဉ်ကူးပြောင်းခဲ့သူတွေရဲ့ ဇာတ်လမ်းတွေကို ဖတ်ပြီးအချိန်မှာ မနက် ၂ နာရီထိုးသွားပြီ။ ဇာတ်လမ်းက ဆယ့်သုံး ပုဒ်တည်းပါ။

ဝက်ဘ်ဆိုက်ကို ထောင်ထားတဲ့သူက ဩစတြေးလျသား တစ်ယောက်ပါ။ အင်တီပိတ်ဆိုတဲ့နာမည်နဲ့ အပျော်ခရီးစီစဉ် ရေးသူ တစ်ယောက်ပဲ။ သူက လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်လောက်က ဝိညာဉ်ကူးပြောင်းခဲ့တာတဲ့။ ဝိညာဉ်မပြောင်းခင်ကတော့ ဘရိုင် ဆန်ဆိုတဲ့ အိုင်တီဘွဲ့ရတစ်ယောက်ပေါ့။ ဘယ်လာရက်မြို့မှာ အားတိုက်ခံမှုဖြစ်ပြီး သေခဲ့တာ။ ကျန်တဲ့ ဇာတ်လမ်းတွေကတော့ တစ်ကမ္ဘာလုံးကပဲ။ အမေရိကန်၊ ကနေဒါ၊ တောင်အာဖရိက၊ ဂျပန်၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ အိုက်စလန်၊ ဘရာဇီး. . . စသဖြင့်။

သူတို့အားလုံးဟာ ခန္ဓာကိုယ်လုပွဲမှာ အနိုင်ရခဲ့ကြသူတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အင်တီပီရဲ့ အယူအဆအတိုင်းသာဆိုရင် ဒီအ
ရခဲ့သူတိုင်းမှာ ရှုံးသွားခဲ့ရတဲ့ ဝိညာဉ်တွေကိုယ်စီ ရှိခဲ့တာပဲ
ဆက်ရှင်သန်ခွင့် ပျောက်ဆုံးသွားခဲ့ရတဲ့ ဝိညာဉ်တွေလေ။ လင်းသစ်
ထူးဝေနဲ့ပတ်သက်ပြီး ဒီလိုမျိုး တစ်ခါမှ မတွေးမိခဲ့ဘူး။ သူနဲ့စိတ်ချင်း
ဆက်စပ်ခဲ့တဲ့ အမှာဝိညာဉ်လေ။ သူတို့နှစ်ယောက်က ဆေးရုံ တစ်ခု
တည်းမှာ တစ်နေ့တည်း အတူမွေးခဲ့ကြရုံတင်ကဘူး၊ မိနစ်လောက်
ခြားပြီး မွေးခဲ့ကြတာမျိုး။

ဝိညာဉ်နှစ်ခုက တစ်ပြိုင်တည်းလိုလို မွေးခဲ့ကြတာ။ မိခင်
တစ်ယောက်စီကနေ မွေးခန်းတစ်ခုစီမှာ သီးခြားမွေးခဲ့ကြပေမယ့်
တကယ့်အမြှာတွေမှာ ရှိတတ်တဲ့ မသိစိတ်ဆက်သွယ်နေမှုမျိုး
ဆိုင်ထားခဲ့ကြတာပါ။ သူကားတိုက်ခံလိုက်ရပြီး၊ ခန္ဓာကိုယ်တစ်ခု
လှုပ်မရဖြစ်သွားချိန်မှာ အဲ့ဒီဆက်သွယ်မှုက သူ့ကို လွတ်
လာပေးခဲ့တာဟုဆိုပြီး တွေးရမလို ဖြစ်နေသည်။

အခုတော့ သူ့ဘဝမဟုတ်တဲ့ ဘဝတစ်ခုမှာ သောင်
နေရပြီ။

လင်းသစ်က ဝက်ဘ်ဆိုက်မှာ အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်
လိုက်၏။ သူ့နာမည်နဲ့ သုံးမယ့်စကားဝှက်ကို အတည်ပြုပြီး
ဆွေးနွေးတဲ့ဆီကို တန်းဝင်လိုက်သည်။ အွန်လိုင်းပေါ်မှာ ဘယ်သူ
ရှိမနေသောကြောင့် ကိုယ့်ကိုယ်တွေ့ဇာတ်လမ်းကို အရင် ရေး
လိုက်သည်။ လင်းသစ်ဆိုတဲ့ လူငယ်တစ်ယောက်က မနက်မိုး



မိုးလာတဲ့အခါ သူများခန္ဓာကိုယ်ထဲ ရောက်နေတဲ့အဖြစ်၊ မိုင် (၂၅၀) ဝေးတဲ့အိမ်ကို သွားခဲ့တဲ့ ခရီးအပါအဝင် အဲ့ဒီကနေ နောက်ပိုင်း ဖြစ်ပျက်ခဲ့သမျှ အကုန်လုံးပေါ့။ သူ ကားတိုက်ခံရတဲ့အကြောင်း၊ မေ့မြောနေတဲ့ အကြောင်းတွေကို သတင်းအဖြစ် ရေးထားတဲ့ သတင်းစာထဲက သတင်းတွေကိုပါ သူက ဆက်စပ်ဖတ်နိုင်အောင် လမ်းညွှန်လိုက်သေးသည်။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပြနိုင်ခဲ့တော့ စကားလုံးတွေက ဒလဟော စီးထွက်လာ၏။ တစ်မျက်နှာပြီး တစ်မျက်နှာ။

'ကျွန်တော့်နာမည် လင်းသစ်ပါ။ ကျွန်တော် အခုထူးဝေရဲ့ ကိုယ်ထဲရောက်နေပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က အခုလို ဝိညာဉ်ကူးခဲ့တာပါ။ ကျွန်တော့် မူလခန္ဓာကိုယ်က မလှုပ်မရှားနိုင် မေ့မြောနေတာ ခြောက်လလောက်ရှိနေပါပြီ။ အသက်လည်း ရှင်နေ တုန်းပါ'

စသည်ဖြင့်. . .

■

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရဲ့ ဝိညာဉ်ကူးပြောင်းမှုဆိုရင် အသက်ဆက်အောင် တပ်ဆင်ထားတဲ့ ဆေးဝါးကိရိယာတွေ ဖြုတ်ပစ်ပြီးမှ ကူးပြောင်းခဲ့တာ။ ခန္ဓာကိုယ်တစ်ခုက သေရမှာမဟုတ်ဘူးဆိုရင် ဝိညာဉ်က ဘာကြောင့် စွန့်ခွာသွားရတာတဲ့လဲ။

မေးခွန်းပေါင်းများစွာ၊ ထင်မြင်ချက်ပေါင်းများစွာကို ဖတ်ကြည့်ပြီး လင်းသစ် စိတ်ရှုပ်လာသည်။ ထို့ကြောင့် ကွန်ပျူတာကို မကြည့်တော့ဘဲ မျက်လုံးကို အသာအယာပိတ်ထားလိုက်၏။

အခုအချိန်မှာ ‘မေလဆန်း’ကိုတွေ့ပြီး သူ့ရဲ့ မူလခန္ဓာကိုယ်ထဲ ဘယ်လိုပြန်ဝင်ရမလဲဆိုတာကို ဆွေးနွေးကြည့်ဖို့ စိတ်ကူးပေါ်လာလေသည်။

■

## (၄၁)

နောက်တစ်နေ့ အိပ်ရာက နိုးလာတာနဲ့ လင်းသစ် ပထမ ဆုံးလုပ်တာက အွန်လိုင်းဖွင့်ပြီး သူ တင်ထားတဲ့ အကြောင်းအရာ တွေ ဆွေးနွေးထားတဲ့စာများကို ကြည့်မိသည်။ လင်းသစ်ရဲ့ ဇာတ် လမ်းကတော့ တခြားသူတွေကို တော်တော်ပွက်လောရိုက်သွားစေ ခဲ့ပုံရသည်။ သူစွန့်ခွာခဲ့တဲ့ ခန္ဓာကိုယ်က ခုထိ ရှင်နေသေးတယ်လို့ သူက ရေးတာကို အချို့က စိန်ခေါ်ကြ၏။ တစ်ယောက်ကတော့ သူ့ကို အလိမ်ဇာတ်လမ်းတစ်ခု ရေးထားတာလို့ စွပ်စွဲထားသည်။

ကျန်တဲ့သူတွေက သိပ်ပြီးဆန့်ကျင်တာမျိုး မရှိပေမယ့် သံသယတော့ ရှိနေကြတုန်းပဲ။ ဖြစ်ခဲ့ဖူးသမျှ ဝိညာဉ်ကူးပြောင်းမှု တိုင်းမှာက တစ်ယောက်ကတော့ အမြဲသေရလေ့ရှိတယ်တဲ့။ သူ့ အရင်ဖြစ်ခဲ့တဲ့ လူတွေထဲမှာ မလှုပ်မရှားနိုင် မေ့မြောနေတဲ့ လူနာ

www.burmeseclassic.com

အသက်ကယ်ပိုတ်များဖြုတ်ဖို့ (၁)ရက်အလို. . . .

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)

ကျောင်းရောက်ပြီး နေ့လယ်ရောက်တဲ့အချိန်အထိ မေလဆန်းကို သူ ရှာမတွေ့သေးချေ။

မနေ့က သူမ ပြောတာတွေကို တအံ့တဩ နားထောင်ရင်း ဖုန်းနံပါတ်နဲ့ ဘယ်မေဂျာကလဲဆိုတာကို မေးဖို့ မေ့သွားခဲ့သည်။

အခု အသည်းအသန် တွေ့ချင်နေတဲ့ အချိန်ကျမှ ဘယ်မှာ သွားရှာလို့ သွားရှာရမှန်း မသိချေ။

သူထိုင်နေကျ တန်တင်း၊ စာကြည့်တိုက် စသည်ဖြင့် တော်တော်များများမှာ သွားရှာသော်လည်း မတွေ့သဖြင့် မောလာသောကြောင့် နီးစပ်ရာ ကန်တင်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"လက်ဖက်ရည် တစ်ခွက် ပုံမှန်ပဲ"

လက်ဖက်ရည်သောက်ရင်း ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် လုပ်နေတုန်း သူ့နောက်က လူနှစ်ယောက်စကားပြောသံကို အာရုံက

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြန်သည်။

"ငါ... ညက သရဲခြောက်ခံရတယ်"

"ဩော်... ဟုတ်လား"

တခြားတစ်ယောက် အသံက သိပ်ယုံကြည်ပုံမရချေ။ ခနဲ့တဲ့တဲ့ လေသံနှင့် ဖြစ်နေသည်။

ဒါကိုပြောတဲ့ လူကလည်း ရိပ်မိသည် ထင်၏။

"ဘာလဲ... မင်းက ငါ့ကို မယုံလို့လား"

"မဟုတ်ပါဘူးကွာ ကဲ... ပြော... သရဲ ဘယ်လိုခြောက်ခံရလဲ"

"သရဲလို့သာ ခေါင်းစဉ်တပ်ရတာပါ သရဲ ခြောက်တယ်လို့လည်း ပြောလို့မရပြန်ဘူး"

"အေးပါ ပြောမှာသာ ပြောစမ်းပါ စကားကရှည်ရပြန်ပြီ"

နားထောင်တဲ့လူက စိတ်ရှည်ပုံ မရတော့ချေ။

"ညက... ငါ့အဘိုးရဲ့ပုံရိပ်ကို ငါမြင်ရလို့ကွ"

"မင်းအဘိုးက ဆုံးသွားလို့လား"

"မဆုံးသေးဘူး၊ နယ်မှာ နေတာ"

"ဟင်... ဒါဆို မင်းက ဘာဖြစ်လို့ မြင်ရတာလဲ၊ အမြင်မှားတာလား"

"မမှားဘူးကွ၊ ဝတ်ထားတဲ့ အင်္ကျီတောင်မှ ငါမြင်ရတယ် အနီရောင် အကွက်နဲ့"



"အာ... ဟုတ်လို့လား"

"အေး... မင်း အခု မယုံသလိုပဲ၊ ငါ့မိဘတွေလည်း မယုံမှာစိုးလို့ ငါပြန်မပြောခဲ့ဘူး၊ ဒါပေမယ့် ခင်သီတာကိုတော့ ပြောလိုက်မိတယ်"

"ငါတို့ အတန်းထဲက ခင်သီတာလား"

"အေး... ဟုတ်တယ်၊ ဟိုအကြောင်း ဒီအကြောင်း ပြောရင်းနဲ့ ငါလည်း ပြောလိုက်မိတာ"

"အဲ့ဒီတော့ သူက ဘာပြောလို့လဲ"

"ငါ့ကို သူတို့ မိသားစုရဲ့ နတ်ဆရာဆီ ခေါ်သွားတယ်ကွ"

"ဟင်... နတ်ဆရာဆိုတာ နတ်ကတော်လိုမျိုးကို ပြောတာလား"

သူနည်းနည်း စိတ်ဝင်စားလာသောကြောင့် ခန္ဓာကိုယ်ကို သူတို့ဘက်လှည့်ကာ မသိမသာလေး နားထောင်နေမိသည်။

"နတ်ကတော် အခြောက်တွေလိုတော့ မဟုတ်ဘူးကွ၊ ငါတွေ့တာတော့ ယောကျာ်းကြီးပဲ၊ အခြောက်တွေလို ပြင်ဆင်ထားတာတွေတော့ မတွေ့ဘူး၊ နတ်ပူးတဲ့ပုံစံလိုလို ဘာလို လိုတော့ သခါတစ်ခါ တွေ့ရတယ်"

"ထားလိုက်ပါတော့ အဲ့ဒီတော့ ဘာဆက်ဖြစ်လဲ"

ထိုလူလည်း စိတ်ဝင်စားလာပုံရသည်။

"ငါကလည်း ငါမြင်တွေ့ခဲ့တဲ့ အကြောင်းကို ပြောပြရ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့”

“အင်း. . . အဲ့ဒီတော့ သူက ဘာပြန်ပြောလဲ”

“ဖုန်းရှိလားတဲ့”

“ဟင်”

ဘာမဆိုင် ညာမဆိုင် ဖုန်းရှိလားဆိုတော့. . . နားထောင်နေတဲ့ လင်းသစ်မှာ ကြောင်တောင်တောင် ဖြစ်သွားလေ၏။

“မဟုတ်ဘူး နယ်က ငါ့အဘိုးဆီမှာ ဖုန်းရှိလားလို့မေးတာ”

“ဪ. . . အဲ့ဒီလို ပြောစမ်းပါ မင်းကလဲ”

“ဒါနဲ့ သူက ငါ့အဘိုးဆီကို ဖုန်းဆက်ခိုင်းတယ်”

“အဲ့ဒီတော့. . .”

အရေးထဲ ဖြေမယ့်လူက လက်ဖက်ရည်သောက်နေသေးသည်။ ပြီးမှ-

“ငါ့အဘိုးက အပြင်းအထန်ဖျားပြီး အိပ်ရာထဲ လဲနေတယ်တဲ့”

“ဟင်. . .”

“ပိုထူးခြားတာက ငါမြင်လိုက်တဲ့ အင်္ကျီအနီကွက်ကို ငါမြင်တဲ့နေ့မှာပဲ အဘိုးက ဝတ်ထားတယ်တဲ့”

“သေချာလို့လားကွာ”

“ဟာ. . . ငါ့အဒေါ်ကို ငါသေချာ မေးလိုက်တာ၊ သူကိုယ်တိုင် အဲ့ဒီအင်္ကျီကို လဲပေးလိုက်တာတဲ့. . . ပြီးတော့ အဲ့ဒီရက်တွေအ



ငါ့အဘိုးက ငါတို့အိမ်ကို လာလည်ချင်လို့ ခဏခဏပြောသေးတယ်တဲ့”

“မင်းမြင်တာ တကယ်ဆိုရင်တော့ အဲ့ဒါ နည်းနည်းထူးဆန်းတယ်ကွ၊ မင်းအဘိုးက အသက်ရှင်နေလျက်နဲ့ မင်းက သူ့ဝိညာဉ်လိုဟာကို မြင်ရတယ်ဆိုတော့. . .”

တစ်ဖက်လူက သိပ်ယုံချင်သေးပုံမပေါ်ဘူး ဖြစ်နေသည်။

“ငါနဲ့ မင်းနဲ့ကသာ ထူးဆန်းနေတာ အဲ့ဒီနတ်ဆရာက ငါ့စကားကို ကြားတော့ မထူးဆန်းတဲ့ပုံပဲ၊ အေးဆေးဆေးပဲ”

“မင်းစကားကို မယုံလို့ နေမှာပေါ့”

“ဟာ. . . မဟုတ်ဘူး. . . ငါ့လိုအဖြစ်အပျက်မျိုးတွေက အများကြီးပဲ ဖြစ်ပျက်ဖူးလို့ သူက မအံ့သြတာပါတဲ့”

“ဟင်. . . တကယ်လား”

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၃)

"၁၈၉၁ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်၊ စနေနေ့မှာ အင်္ဂလန်နိုင်ငံ၊ နယူးကာတ်ဆယ်မြို့မှာနေတဲ့ ဂျိန်းအက်စ်သွန်မဆင်ဆိုတဲ့လူဟာ ဓာတ်ပုံဆိုင် တစ်ဆိုင်ကိုသွားပြီး သူအပ်ထားတဲ့ ဓာတ်ပုံတွေပြီး၊ မပြီး သွားမေးတယ်တဲ့"

"အင်း"

"ဆိုင်ရှင်က ဓာတ်ပုံတွေ ကူးလို့မပြီးသေးဘူးလည်းဆိုတော့ သွန်မဆင်က စိတ်ပျက်သွားပြီး သူ့မှာ အချိန်အနည်းငယ်သာ ရှိတော့ကြောင်း၊ ဓာတ်ပုံတွေကိုယူဖို့ နောက်ထပ် လာနိုင်တော့မှာ မဟုတ်ကြောင်း ပြောဆိုပြီး ဆိုင်ထဲက ထွက်သွားတယ်တဲ့"

"ဟင်. . . ဘာဖြစ်လို့လဲ"

"တကယ်တော့ အဲဒီစနေနေ့ မနက်မှာ သွန်မဆင်ဟာ ဆေးရုံမှာ အပြင်းအထန် နာမကျန်းဖြစ်နေတဲ့အချိန်၊ သူနာပြု



ဆရာမတစ်ဦးက အမြဲစောင့်ကြပ်ကြည့်ရှုရတဲ့ အခြေအနေဖြစ်နေတဲ့အချိန်တဲ့၊ အဲဒီအချိန်မှာ သူ့ဓာတ်ပုံ အကြောင်းတွေကို အယောင်ကတမ်း တတွတ်တွတ်ပြောရင်း ဓာတ်ပုံဆိုင်ရှင်က ကိုယ်ခွဲကိုတွေ့ပြီး နာရီအနည်းငယ်အကြာမှာ သေဆုံးသွားခဲ့တယ်တဲ့"

"ဟုတ်ရော ဟုတ်လို့လား"

"စိတ်ဝိညာဉ် သုတေသီဆရာတွေက အဲဒီအဖြစ်အပျက်ကို ဘယ်လောက်အထိ မှန်ကန်လဲဆိုပြီး စူးစမ်းလေ့လာကြတယ်တဲ့"

"အဲဒီတော့ ဘာတွေ့ရလဲ"

"ဓာတ်ပုံဆိုင်ရှင်နဲ့ စာရေးတွေက သွန်မဆင်လာတဲ့အကြောင်းကို ကျိန်ဆိုပြီး ပြောကြတယ်တဲ့၊ နောက်ပြီး ဆိုင်ရဲ့မှတ်တမ်းထဲမှာလည်း သွန်မဆင် လာသွားတဲ့အကြောင်း ရေးမှတ်ထားတာတွေကိုလည်း တွေ့ရတယ်"

"အင်း. . . ယုံဖို့ခက်ခက်ပဲ၊ အဖြစ်အပျက်က ဒီတစ်ခုပဲလား"

"သူပြောပြတာတော့ အများကြီးပဲကွ"

"နောက်တစ်ခု၊ နှစ်ခုလောက် ပြောပြစမ်းပါအုံး ဟုတ်…တ် စဉ်းစားလို့ရတာပေါ့"

"နောက်တစ်ခုက ၁၉၀၈ ခုနှစ်က ဗြိတိသျှပါလီမန် အမတ်တစ်ဦးဖြစ်တဲ့ ဆာကန်းရစ်က ပါလီမန် အစည်းအဝေးမှာ …ဆိုတစ်ခုကို ထောက်ခံဖို့ စိတ်ဆန္ဒပြင်းပြနေတဲ့အချိန်မှာ ရုတ်

www.burmeseclassic.com



တရက် ဖျားနာပြီး အစည်းအဝေး မတက်နိုင်ဘူး ဖြစ်သွားတယ်တဲ့။ ဒါပေမယ့် ပါလီမန်အဆိုကို ဆွေးနွေးနေတဲ့အချိန်မှာ ဆာကန်နီရဲ့ က ခါတိုင်းထိုင်နေကျနေရာမှာ ထိုင်နေတာကို အမတ်သုံးဦးက အသေအချာ မြင်လိုက်ကြရတယ်ဆိုပဲ"

"စိတ်အထင်မှားတာရော မဖြစ်နိုင်ဘူးလား ဥပမာ-အရင် ထိုင်နေကျနေရာမှာ ထိုင်နေတာကို စိတ်စွဲပြီး မြင်မိတာလည်း ဖြစ်နိုင်တာပဲ"

"ငါလည်း မင်းမေးသလို အဲ့ဒီနတ်ဆရာကို မေးပါတယ်"

"အဲ့ဒီတော့ သူက ဘာပြန်ဖြေလဲ"

"မဖြစ်နိုင်ဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"အမြင်မှားတယ်ဆိုတာ တစ်ဦးတစ်ယောက်တည်းသာ အချိန်တစ်ချိန်မှာ မြင်ရတဲ့အခါ အမြင်မှားတယ်လို့ လက်ခံလို့ ရပေမယ့်. . . အကုန်လုံး တစ်ပြိုင်နက် တစ်ချိန်တည်း တွေ့ရတဲ့ အဖြစ်အပျက်တွေကျတော့ အမြင်မှားတယ်လို့ ယူဆရမှာ ခက်တယ် တဲ့"

"အင်း. . . ဟုတ်တော့ ဟုတ်သားပဲ"

"နောက်ပြီး တစ်ခါက အင်္ဂလန်မှာရှိတဲ့ သုတေသနဌာန တစ်ခုက မိမိကိုယ်မှ ဝိညာဉ်ခွာထွက်နိုင်တယ်ဆိုတဲ့ လူတွေ အကြောင်းကို သတင်းစာနဲ့ ရေဒီယိုကနေ စုံစမ်းကြည့်တဲ့အခါမှာ



အဲ့ဒီလို တွေ့ကြုံ ဖူးတဲ့ လူလေးရာခန့်က ရေးထားတဲ့စာတွေကို လက်ခံရရှိဖူးတယ်တဲ့"

"များသားပဲ"

"ဟုတ်တယ်၊ တချို့က အိပ်ရင်း၊ လမ်းလျှောက်ရင်း သူတို့ ကိုယ်သူတို့ ပြန်မြင်ရတယ်လို့ ဆိုကြတယ်။ တချို့ကတော့ အကြိမ် ကြိမ်မြင်ဖူးတဲ့အကြောင်း ရေးသားထားကြတယ်။ တချို့ကတော့ ကိုယ်ခန္ဓာအပြင်ဘက်မှာ သူတို့ ရုပ်ရှိတယ်လို့ မထင်ရဘဲ အသိ ဝိညာဉ်နဲ့သာ လေထဲမှာ လွင့်ပါးနေတယ်လို့ ထင်ရကြောင်း ထည့် ရေးထားတယ်တဲ့၊ တချို့ကတော့ သူတို့ဟာ ကိုယ်ခန္ဓာနဲ့ ကင်းကွာ နေစဉ်မှာ သူတို့သွားလိုရာ သွားနိုင်တဲ့ အကြောင်းရေးသားထား ကြတယ်တဲ့"

ထိုသူစကားဆုံးတဲ့အချိန်မှာပဲ လင်းသစ်သည် သူထိုင်နေ ရာမှ ထရပ်လိုက်၏။ ထို့နောက် ဘေးဘက်ခုံကို ကူးထိုင်လိုက် ပြီးနောက်-

"အဲ့ဒီနတ်ဆရာကို ဘယ်မှာတွေ့လို့ရမလဲ"

ဟုဆိုပြီး အလျင်အမြန် မေးလိုက်မိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၄)

နတ်ဆရာဆိုတာ ရုပ်ရှင်တွေထဲကလို မီးခိုးတအူအူနဲ့ အရိုးတွေ၊ အရိုးခေါင်းတွေ ချိတ်ဆွဲထားမလားဆိုပြီး တွေးမိသေးသည်။

နောက်မှ မဟုတ်လောက်ပါဘူးလေဆိုပြီး တွေးရင်း လက်ထဲက လမ်းညွှန်စာရွက်ကို တစ်ချက်ကြည့်ပြီးနောက် ရှေ့မှာတွေ့ရတဲ့လမ်းထဲကို ချိုးကွေ့ဝင်လိုက်သည်။

လမ်းထဲဝင်ဝင်ချင်း သုံးအိမ်မြောက်အိမ်ဟာ နတ်ဆရာအိမ်ပဲဖြစ်သည်။ သူထင်ထားသလို ကြောက်မက်ဖွယ်ရာ အိမ်မဟုတ်ပဲ တစ်ထပ်တိုက် အိမ်ဖြစ်ပြီး သားသားနားနား ရှိလှသည်။

ခေတ်သစ် နတ်ဆရာဖြစ်ပုံရသည်။

ဒါနဲ့ ဘဲလ်ကိုနှိပ်လိုက်ရာ ခြံစောင့်တစ်ယောက် ထွက်လာပြီး ကျောင်းက သူတွေ့ခဲ့တဲ့ ကောင်လေး သင်ပေးလိုက်သည့်အတိုင်း 'ဆရာကြီး' နဲ့ တွေ့ချင်လို့ပါဆိုပြီး ပြောလိုက်သည်။



ခြံစောင့်က တံခါးကိုဖွင့်ပေးပြီး အိမ်ထဲကို ခေါ်သွားလေ၏။ အိမ်အတွင်းမှာ သာမန်အိမ်များထက် နည်းနည်းတော့ ထူးခြားစွာ ပြင်ဆင်ထားလေသည်။

အရောင်မှာ ပုံမှန်အိမ်တွေမှာ သုတ်နေကျ အရောင်မဟုတ်ဘဲ အရောင်မျိုးစုံကို စပ်ထားသည့် (ဘယ်အရောင်မှန်း ခွဲခြားမပြောနိုင်သော) အရောင်တစ်မျိုး သုတ်ထားလေသည်။

နံရံတွင် ပန်းချီကား တချို့ဆွဲထားပြီး ရုတ်တရက် နားလည်ရန် ခက်ခဲသော ပန်းချီကားများ ဖြစ်သည်။ ဧည့်ခန်းရဲ့ ထောင့်တစ်နေရာမှာတော့ နံရံကပ်စာအုပ် ဗီရိုကြီးကိုတွေ့ရ၏။

"ခဏထိုင်ပါဦး. . . ဆရာကြီးကို သွားခေါ်ပေးပါမယ်"

ထိုင်ပါဆိုပေမယ့် ထိုင်စရာထိုင်ခုံ မရှိပေ။

ဖျာများခင်းထားပြီး ခေါင်းအုံးအချို့ကိုသာ တွေ့ရသောကြောင့် ဖျာပေါ်မှာပဲ ထိုင်ချလိုက်သည်။

အရှေ့မှာတော့ စားပွဲတစ်လုံးချထားတာကို တွေ့ရပြီး ထိုစားပွဲမှာ အလုပ်စားပွဲဖြစ်ပုံရသည်။

စာအုပ်အချို့နှင့် နာမည်ပါသော သတ္တုပြားလေးကို တွေ့ရသည်။ ထိုအခါမှပဲ ထိုဆရာကြီး နာမည်ကို သိရလေတော့သည်။

**'နတ်ဆရာ အောင်မြင်အောင်'**

သတ္တုပြားပေါ်မှာ ရေးထားသောကြောင့် နာမည်ရေးထားတာလို့ ထင်ရပေမယ့်လည်း စာလုံးများမှာ နာမည်မဟုတ်သလို

www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။

"အဟမ်း"

ထိုအချိန်မှာပဲ သူ့ရှေ့မှာ လူတစ်ယောက် ပေါ်လာပြီး ချောင်းဟန့်လိုက်သောကြောင့် လန့်သွားလေသည်။

"ဩော်. . ."

နတ်ဆရာဖြစ်ပုံရသည်။ သူတွေးထင်ထားသလို မဟုတ်သောကြောင့် 'ဩော်'လိုက်ခြင်းဖြစ်သည်။

သူထင်ထားတာက ပိတ်ဖြူနှင့် မုတ်ဆိတ်မွေးတွေ၊ ပါးသိုင်းမွေးတွေနဲ့ ရှုပ်ရှက်ခတ်နေမယ့် လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ထားခြင်းဖြစ်သည်။

ဒါပေမယ့် သူတွေ့နေရတာက လူကြီးတစ်ဦး ဖြစ်ပေမယ့်လည်း သာမန်အဝတ်အစားကိုသာ ဝတ်ထားပြီး မျက်နှာမှာ တည်ကြည် ငြိမ်သက်နေ၏။

"ဆရာ. . . အောင်မြင်အောင်လား"

သေချာအောင်တော့ မေးလိုက်ရသည်။

"ဟုတ်ပါတယ်. . . ဒီက လူလေးက. . ."

"ဩော်. . . ကျွန်တော့် သူငယ်ချင်း တစ်ယောက်က ဆရာ့ အကြောင်းပြောတာနဲ့ ဆရာနဲ့တွေ့ချင်လို့ လာတာပါ"

"အင်း. . . ကိစ္စရှိလို့ထင်တယ်"

"ဟုတ်ပါတယ်"



"ပြောပါဦး. . . ဘာကိစ္စလဲ"

အဲ့ဒီလိုမေးလိုက်သော်လည်း သူဘယ်ကစပြောလို့ ပြောရမှန်း မသိချေ။

အခုမှ သိတဲ့လူတစ်ယောက်က သူပြောတာကို ယုံပါ့မလား။ ဘာပဲဖြစ်ဖြစ် သူ့မှာ အခြားနည်းလမ်းမရှိချေ။ သူ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်ဖို့ နည်းလမ်းသိဖို့ လိုသည်။

"ဒီလိုပါဆရာ. . . ကျွန်တော့်နာမည်က လင်းသစ်ပါ၊ ဒါပေမယ့် အခု ဆရာမြင်နေရတဲ့ ခန္ဓာကိုယ်ရဲ့ နာမည်ကတော့ ထူးဝေလို့ ခေါ်ပါတယ်"

"ဟင်. . ."

နတ်ဆရာ မျက်မှောင်ကြုတ်သွားတာကို တွေ့လိုက်ရလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

သူ့အကြောင်း ပြောပြလို့ ပြီးဆုံးသွားသောအခါတွင် လင်းသစ်သည် နတ်ဆရာအား အကဲခတ်လိုက်သည်။

နတ်ဆရာရဲ့ မျက်နှာမှာ သူ့အကြောင်းကို ကြားလိုက်ရ သောကြောင့် ယုံကြည်ခြင်း၊ မယုံကြည်ခြင်း၊ အံ့သြခြင်း စတဲ့ အမူ အရာ တစ်ခုမှ မတွေ့ရဘဲ တည်ငြိမ်နေတာကို တွေ့ရသည်။

သူ့ရဲ့ခံစားချက်ကို သိဖို့ ခက်ခဲလှသည်။ သူစကားဆုံးပြီး နောက် နတ်ဆရာက သူ့မျက်နှာကိုကြည့်ပြီး-

“ဒီတော့ ဆရာက ဘာလုပ်ပေးရမှာလဲ”

ဟုတစ်ခွန်းတည်း မေးချလိုက်လေသည်။

“ကျွန်တော့်ရဲ့ မူရင်းခန္ဓာကိုယ်ထဲ ပြန်ဝင်ချင်တယ်၊ အဲဒီ အတွက် ဆရာ့ဆီမှာ ပြန်ဝင်လို့ရမယ့် နည်းလမ်း ရှိမရှိ သိချင်လို့ လာခဲ့တာပါ”



နတ်ဆရာက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက် လေ၏။

ပြီးနောက်-

“ဒီနေရာမှာ နှစ်မျိုးစဉ်းစားရမယ် လူလေး”

“ဟုတ်ကဲ့”

“တစ်ခုက မင်းပြောတဲ့ကိစ္စ၊ ပြောရရင် မင်း အဖြစ်အပျက်က အမှန်လို့ ယုံကြည်ပြီး စဉ်းစားရမယ့်အချက်”

“---------------”

“နောက်တစ်ခုက မင်းအဖြစ်အပျက်က မမှန်ဘူးလို့ ယူဆ ပြီး ပြောရမယ့်အချက် နှစ်ချက်ရှိတယ်”

“ဟုတ်ကဲ့”

နတ်ဆရာက သူ့စကားကို အပြည့်အဝ မယုံကြည်ချေ။ ဒါပေမယ့် သူ့ဆက်ပြောမယ့် စကားများကို နားထောင်နေလိုက် သည်။

“ပြီးတော့ ဆရာက နတ်ဆရာတစ်ယောက်၊ သူများ နတ် ဆရာတွေလို မဟုတ်ပေမယ့် နတ်ဝင်သည်တွေလိုပဲ နတ်မေးတဲ့အခါ နတ်ဝင်ပူးပြီးပြောတဲ့ လူတစ်ယောက်ပါ။ တစ်ခါတစ်ခါ သူတို့တွေ ကျေနပ်အောင်၊ စိတ်ဓာတ်တက်ကြွအောင် လုပ်ပေးရတာတွေတော့ ရှိတာပေါ့၊ ဒီထက် မပိုဘူး”

“ဟုတ်. . .”

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး လူဆိုတာကလည်း ခက်တယ်ကွဲ့၊ လောကမှာ နှစ်မျိုးပဲရှိတယ်၊ မှန်ကန်တဲ့လူနဲ့ မမှန်ကန်တဲ့လူ"

နတ်ဆရာက သူ့ကို မယုံလို့ ပညာလာစမ်းနေတယ်လို့ ထင်နေပုံရသည်။ ဒါကြောင့် သူကလည်း ချက်ချင်းဆိုသလိုပဲ-

"ဟို. . . ကျွန်တော်က ဆရာ့ကို မယုံကြည်လို့ မဟုတ်ပါဘူး ဆရာ၊ အခုဟာက တကယ်မို့လို့ ဆရာ့ဆီက အကူအညီ တောင်းတာပါ. . . အဟုတ်ပါ ဆရာ"

နတ်ဆရာ နည်းနည်းတော့ ငြိမ်သွားသည်။ ပြီးနောက် တစ်ခုခု ဆုံးဖြတ်လိုက်ပုံရပြီး-

"ကောင်းပြီလေ. . . ခုနက ပြောတဲ့စကားကို ဆက်ရှင်းပြောတဲ့စကားကို ယုံတဲ့အခြေအနေနဲ့ မယုံတဲ့အခြေအနေ"

"ဟုတ်ကဲ့ပါဆရာ"

"မယုံတဲ့ အခြေအနေကတော့ အထူးပြောစရာမလိုဘူး ဒါပေမယ့်. . . ယုံတဲ့ အခြေအနေမှာတော့ ပြောစရာနည်းနည်း ရှိတယ်"

"ဟုတ်. . . ဟုတ်. . . ပြောပါဆရာ"

လင်းသစ် နည်းနည်းအားတက်လာသည်။

"ဆရာကြားဖူးတဲ့ ဖြစ်ရပ်နှစ်ခုရှိတယ်"

"ပြောပါဆရာ ဘာတွေလဲ"

"တချို့ ပုဂ္ဂိုလ်တွေဟာ မိမိခန္ဓာကိုယ်က ခွဲခွာပြီး မိမိ



သွားလိုရာအရပ်ကို သွားနိုင်တယ်ဆိုပြီး စိတ်ဝိညာဉ် သုတေသီတို့ရဲ့ စမ်းသပ်ချက်တွေအရ သိရတယ်။ ဥပမာကွာ၊ အဲ့ဒီကိစ္စကို မစ္စတာဆီဟားဆိုတဲ့ သုတေသီဆရာ တစ်ယောက်က ဟက်မွန်ဂါနီ ဆိုတဲ့လူနဲ့ အဲ့ဒီကိစ္စကို အကြိမ်ပေါင်းများစွာ စမ်းသပ်တဲ့အခါ အောင်မြင်တာကို တွေ့ရတယ်။ တစ်ခါတုန်းကဆိုရင်. . ."

"ဟုတ်ကဲ့"

"သူချစ်သူနဲ့ သူချစ်သူရဲ့ ညီမဆီကို ကိုယ်ခွဲနဲ့ သွားရောက်ဖို့ ကြိုးစားကြည့်တယ်၊ အချိန်က ညဆိုတော့ မိန်းမပျိုကို ကြိုတင်အကြောင်းမကြားလိုက်မိဘူးပေါ့၊ အဲ့ဒီညမှာ မိန်းမပျိုက အိပ်ရာဘေးမှာရပ်နေတဲ့ သူ့ကို ရုတ်တရက် မြင်လိုက်ရတော့ ကြောက်လန့်ပြီး အော်မိတာပေါ့၊ သူ့ညီမလည်း သူ့အော်သံကြောင့် အိပ်ရာက လန့်နိုးပြီး ညီမနှစ်ယောက်စလုံးက သူ့ကို ကောင်းကောင်းမြင်လိုက်ရတယ်တဲ့"

သူဘာမှ ပြန်မပြောပဲ ငြိမ်ပြီးနားထောင်နေလိုက်သည်။ နတ်ဆရာက ဆက်ပြောပြန်၏။

"နောက်ပြီး ဆွီဒင်က သုတေသီဆရာ တစ်ယောက်က မိန်းမပျိုတစ်ယောက်ကို အိပ်မွေ့ချပြီး မိုင် ၂၅၀ ကွာဝေးတဲ့ဒေသမှာရှိတဲ့ သူ့မိသားစုထံကို စေလွှတ်လိုက်တယ်။ မိန်းမပျိုအိပ်ရာကမထဘဲ သူ တွေ့ကြုံခဲ့ရတာကို ပြန်ပြောပြတယ်၊ သူက သူ့အိမ်ရောက်တော့ မီးဖိုခန်းထဲမှာရှိတဲ့ ကုလားထိုင်ပေါ်မှာ ခြေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တင်ပြီး ထိုင်ခဲ့တယ်။ သူ့အမေက မီးဖိုခန်းထဲမှာ အလုပ်လုပ်နေပြီး အဖေက သတင်းစာဖတ်နေတာကို တွေ့လိုက်ရတယ်တဲ့။ နောက်နာရီအနည်းငယ်အကြာ သူ့မိဘတွေက သူ့ကို မီးဖိုခန်းထဲက ကုလားထိုင်မှာ ခြေတစ်ဖက်တင်ပြီး ထိုင်နေတာကို မြင်လိုက်ကြောင်း၊ ပြီးတော့ စကားမပြောဘဲ ပျောက်ကွယ်သွားတယ်ဆိုပြီး သုတေသီဆရာကို တယ်လီဖုန်းဆက်ပြီး ပြန်ပြောကြတယ်တဲ့၊ အဲ့ဒီတော့. . . လူလေးအဖြစ်အပျက်က အဲ့ဒီပုံစံတွေနဲ့ တူသလိုလိုနဲ့ မတူဘူးဖြစ်နေတယ်၊ ဒီတော့. . ."

"ဟုတ်ကဲ့ ပြောပါဆရာ၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ဆရာနဲ့သိတဲ့ ဆရာတစ်ယောက်ရှိတယ်၊ သူ့ကိုသွားတွေ့ကြည့်ပါလား"

ဟုဆိုပြီး စာရွက်တစ်ရွက်ပေါ်မှာ လိပ်စာတစ်ခုရေးကာ သူ့ရှေ့ကို ထိုးပေးလေ၏။ သူယူကြည့်လိုက်သောအခါ စိတ်ရောဂါကုဆရာဝန်တစ်ယောက်ရဲ့ လိပ်စာရေးထားတာကို တွေ့ရလေသည်။

နတ်ဆရာက သူ့ကို စိတ်ရောဂါသည် တစ်ယောက်အဖြစ်ထင်နေပုံရသည်။

ထို့ကြောင့် သူလည်း ဆက်မဆွေးနွေးလိုတော့ဘဲ နတ်ဆရာကို နှုတ်ဆက်ကာ သူ့အိမ်မှ ပြန်ထွက်လာခဲ့၏။

■

## (၄၆)

နတ်ဆရာပေးလိုက်သော လိပ်စာ စာရွက်ကို လုံးချေပြီး လွှင့်ပစ်လိုက်သည်။

သူသည် စိတ်ရောဂါသည်တစ်ယောက် မဟုတ်ပါ။ ဝိညာဉ်ထူးပြောင်းသော လူတစ်ယောက်သာ ဖြစ်သည်။

မနက်ဖြန်ဆိုရင် သူ၏မူရင်းခန္ဓာကိုယ်သည် သေဆုံးတော့မှာ ဖြစ်သည်။ သူ ယခုဖြစ်ပျက်နေသော အဖြစ်အပျက်တွင် နားလည်နိုင်စရာ အချက်အလက်တွေ ပြည့်နှက်နေသည်။

သူ့ မူရင်းခန္ဓာကိုယ်က အသက်မသေသေးပဲနဲ့ သူ့ရဲ့ ဝိညာဉ်ကဘာဖြစ်လို့ ထူးဝေရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေရတာလဲ။

ပြီးတော့ ထူးဝေရဲ့ ဝိညာဉ်ကရော။ ခုတင်ပေါ်မှာ ကိုမာဖြစ်ပြီး လဲနေတဲ့ သူ့ခန္ဓာကိုယ်ထဲမှာလား။

ဒါတွေအားလုံးက ရှင်းပြရခက်ခဲတဲ့ ပုစ္ဆာတွေပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောကမှာကလည်း ဖြေရှင်းလို့မရသေးတဲ့ ပြဿနာတွေက များနေတော့ သူလည်း ထိုကိစ္စကို တွေတွေထူးထူး မစဉ်းစားတော့ချေ။

အခုအချိန်မှာ သူ့အတွေ့ချင်ဆုံးသူကတော့ 'မေလဆန်း' ဆိုတဲ့ ကောင်မလေးပဲ ဖြစ်သည်။

ဒီလောကမှာ သူ့အဖြစ်အပျက်ကို ယုံကြည်တဲ့ တစ်ဦးတစ်ယောက်တည်းသော သူတစ်ယောက်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ သူ့ကို မတွေ့တွေ့အောင်ရှာမည်ဟု စိတ်ကူးရင်း ကျောင်းကိုပြန်ရန်အတွက် ကားလမ်းမဘက် ထွက်လိုက်သည်။

ထိုစဉ် -

"ဒုန်း"

ဟုဆိုပြီး အသံတစ်သံထွက်လာကာ သူ့ရှေ့ကနေ လမ်းဖြတ်ကူးသွားသော လူတစ်ယောက်ယောက်ကို ကားတစ်စီးက တိုက်မိလိုက်လေ၏။

"ဟင်"

သူ့ရှေ့မှာ ဖြစ်ပျက်သွားသော အဖြစ်အပျက်မှာ မြန်ဆန်လွန်းသောကြောင့် လင်းသစ်မှာ ကျက်သေသေပြီး ရပ်နေမိသည်။

သွေးအလိမ့်လိမ့်ဖြင့် လဲနေသော လူတစ်ယောက်. . .။

ခဏအကြာတွင် ဝိုင်းအုံလာသော လူအများနှင့် အော်ဟစ်သံများက



သူ့ပတ်ဝန်းကျင်တွင် ချက်ချင်းဆိုသလို ဆူညံသွားလေသည်။

ကားတိုက်ခံပြီး လဲနေသူရဲ့မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

အဲ့ဒီအချိန်မှာပဲ သူ့ခေါင်းထဲမှာ အတွေးတစ်ခု ရသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ထူးဝေခန္ဓာကိုယ်ကြီး မရှိတော့ရင် သူ့ဝိညာဉ်က ဘာဖြစ် သွားမှာလဲ?

ဆိုတဲ့မေးခွန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၄၇)

သူ့အတွေးသည် ထူးဝေအတွက် ရက်စက်လှသော်လည်း သူ့အတွက်ကတော့ ထူးဝေရဲ့ ခန္ဓာကိုယ်ထဲက ထွက်နိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းလို့ ထင်ခဲ့သည်။

ထို့ကြောင့် လင်းသစ်သည် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်လိုက်လေသည်။

ထူးဝေရဲ့ ခန္ဓာကိုယ်ကြီး မရှိမှသာ သူ့ဝိညာဉ်က ထွက်လို့ရမှာဖြစ်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်တော့မည်ဟု တွေးကာ အခြားကားလမ်းတစ်ခုဘက်ကို ရွေ့လိုက်သည်။

ထို့နောက် အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားအရှေ့ကို ခြေဖြန့်ဝင်သွားမည်ဟု စဉ်းစားလိုက်သည်။

ကားလမ်းမတစ်ဖက်တွင် အသင့်အနေအထားဖြင့် ဆော်တတ်ရပ်လိုက်သည်။ တကယ်လုပ်မယ်ဆိုတော့ သူ့လုပ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ သံသယဖြစ်မိသည်။

ကားတစ်စင်း ဖြတ်မောင်းသွား၏။ သူ မမီလိုက်သော ကြောင့် နောက်တစ်စင်းအလာကို စောင့်နေလိုက်သည်။ သူ့လတ် နည်းနည်းတုန်နေပြီး ဇောချွေးပြန်လာတာကို သတိထားမိလိုက် သည်။

သူကြောက်နေပါလား။ ဘာကို ကြောက်နေတာလဲ။

ဒါမှမဟုတ် စိတ်လှုပ်ရှားနေတာလား။

ဘာမှဝေခွဲမရခင်မှာဘဲ အဝေးကနေ မောင်းလာသော ကားတစ်စီးကို လှမ်းတွေ့လိုက်ရသည်။ ကားရှင်းနေသောကြောင့် ထိုကားသည် အရှိန်ပြင်းပြင်းနှင့် မောင်းလာခြင်းဖြစ်သည်။

အသင့်အနေအထား ပြင်ထားလိုက်သည်။

တကယ်ရော သူ့ဝိညာဉ်က ထွက်သွားမှာလား။

မဟုတ်သေးဘူး။ ထွက်သွားမှာ. . . ထွက်သွားမှာ. . .။

စိတ်ကိုတင်းထားလိုက်ပြီး ကားအလာနှင့် ကွက်တိပြေးသွားရန် ပြင်ထားလိုက်သည်။

ကားသည် သူနှင့်မလှမ်းမကမ်းကို ရောက်လာပြီဖြစ်သည်။

"ဟူး"

သက်ပြင်းရှည်ကြီး တစ်ခုချမိပြီး သူ့နှလုံးခုန်သံမြန်လာ ကြောင်းကိုလည်း သတိထားမိလိုက်သည်။

ကားကလာနေပြီ. . .။



သူဖြတ်ပြေးမလို့ ပြင်စဉ်မှာပဲ-

"ဟင်"

သူ့အိတ်ထဲက ရုတ်တရက် ထွက်လာသော အသံကြောင့် အံ့သြပြီး ရပ်လိုက်မိချိန်မှာပဲ ထိုကားသည် သူ့ရှေ့ကနေ ဝူးခနဲ ဖြတ်မောင်းသွားလေ၏။

အိတ်ထဲကဖုန်းက မြည်နေခြင်းဖြစ်သည်။

ဖုန်းကိုထုတ်လိုက်ချိန်မှာပင် ဖုန်းလိုင်း ကျသွားလေသည်။ သူမသိသော သူစိမ်းတစ်ယောက်ရဲ့ဖုန်းနံပါတ်ဖြစ်၏။

ဖုန်းကို ကိုင်ထားနေစဉ်မှာပင် Message တစ်ခုဝင်လာ လေ၏။ ခုနက ဖုန်းနံပါတ်ဖြစ်၏။ သူ ဖုန်းမကိုင်သောကြောင့် Message ပို့ခြင်း ဖြစ်ပုံရသည်။

Message ကို ဖွင့်ကြည့်လိုက်ရာ-

"ဟင်. . . မေလဆန်းဆီကပဲ"

**ရှင့်. . . သူငယ်ချင်းဆီက ဖုန်းနံပါတ်**
**ရလို့. . .**
**ရှင်အခု ဘယ်ရောက်နေလဲ**
**မေလဆန်း**

www.burmeseclassic.com

www.burmeseclassic.com



သူချက်ချင်းပဲ Message ပြန်ပို့လိုက်သည်။

ငါအခု ထူးဝေရဲ့ ခန္ဓာကိုယ်ကို အဆုံးသတ်ပြီး

ငါ့ဝိညာဉ်ကို သူ့ခန္ဓာကိုယ်ထဲက လွတ်

အောင်လုပ်မလို့။

သူမက သူ့ဆီကို ဖုန်းပြန်ခေါ်လေသည်။ ချက်ချင်းပဲ ဖုန်းကိုင်လိုက်၏။

"ဟယ်လို"

"ရှင်. . . ဘာတွေ လျှောက်လုပ်နေတာလဲ"

တစ်ဖက်က စိုးရိမ်တကြီးပြောတဲ့ အသံကြောင့် လင်းသစ်မှာ တအံ့တသြ ဖြစ်သွားသည်။

ထိုနောက် သူ့ရဲ့ အတွေးကို ရှင်းပြလိုက်၏။ သူမက သူ့စကားကို ချက်ချင်းပဲ ပြန်တုံ့ပြန်၏။

"ရှင် ထင်သလိုမဟုတ်ဘဲနဲ့ ထူးဝေခန္ဓာကိုယ်က ထွက်လာတဲ့ ရှင့်ဝိညာဉ်က ရှင့်မူရင်းခန္ဓာကိုယ်ကို မသွားပဲ အခြားလူတစ်ယောက်ဆီကို ရောက်သွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

သူမရဲ့ အမေးက သူ့ကို ထုံထိုင်းသွားစေသည်။

မမျှော်လင့်ထားသော အတွေးဖြစ်သည်။ လောကမှာ ဘာမဆို ဖြစ်နိုင်တယ်ဆိုတဲ့ အတွေးအရ သူမရဲ့ အပြောတလည်း မဖြစ်ဘူးလို့တော့ တစ်ထစ်ချပြောလို့ မရချေ။



သူ့ရှေ့မှာ ကားတချို့ဖြတ်သွားသော်လည်း ပလက်ဖောင်းပေါ်မှာ မလှုပ်မယှက် ရပ်နေမိသည်။

လက်ကတော့ ဖုန်းကိုကိုင်ထားဆဲဖြစ်၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၈)

ညနေလေးနာရီခွဲရှိပြီ ဖြစ်သည်။ ကျောင်းဆင်းသွားသောကြောင့် ကျောင်းသူ ကျောင်းသားအချို့မှလွဲ၍ တစ်ကျောင်းလုံး တိတ်ဆိတ်နေလေသည်။

ကျောင်းဘတ်စ်ကား အချို့နှင့် ကင်တင်းက စားပွဲထိုးလေးတွေရဲ့ အော်သံအချို့ကိုသာ ကြားနေရသည်။

ပြီးနောက် သူ့ရှေ့မှာ ထိုင်နေတဲ့ ကောင်မလေး တစ်ယောက်ရဲ့ သက်ပြင်းချသံအချို့နှင့် လွင့်ပျံ့လာတဲ့ သူမရဲ့ ကိုယ်သင်းရနံ့လေးတွေက သူ့ဆုံးဖြတ်ချက်တွေ ယိုင်နဲ့သွားရတဲ့ အကြောင်းအရင်းကို သဘောပေါက်သလိုရှိလာခဲ့သည်။

ပြီးတော့ သူမရဲ့မျက်ဝန်း. . . ။

သူ့ကို စိုးရိမ်ပြီးကြည့်တဲ့ အကြည့်တွေက သူ့ရင်ကို လှုပ်ခတ်စေသည်။



သူမက တွေ့ချင်တယ်ဆိုသောကြောင့် ကျောင်းထဲကို ပြန်ရောက်ပြီး သူမနဲ့အတူ ကန်တင်းမှာ ထိုင်နေတာ နာရီဝက်လောက်ရှိပြီဖြစ်သည်။

ထိုအချိန်အတွင်း သူတို့နှစ်ဦးမှာ တစ်ဦးကို တစ်ဦးဘာမှ မပြောဖြစ်ကြသေးချေ။

တစ်ကြိမ်သာ တွေ့ဖူးသောကြောင့် စိမ်းနေသေးလို့ စကားမပြောဖြစ်ကြတာလား။

မဟုတ်ပါဘူး။

တစ်ဦးရဲ့စိတ်ကို တစ်ဦးက နားလည်နေသောကြောင့် မပြောဖြစ်ဘဲ ငြိမ်နေကြခြင်းဖြစ်သည်။

"နောက်တစ်ခါ အဲ့ဒီလို မလုပ်ပါနဲ့လား"

သူမက အန္တရာယ်များသော နည်းလမ်းကို မရွေးချယ်စေချင်ပေ။ သူမ စိတ်ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်သည်။ တကယ်လည်း ထိုနည်းလမ်းကို သူမလုပ်ချင်တော့ပေ. . . ။

အဲ့ဒါမလုပ်လို့ အခြားနည်းလမ်း ရှိလားဆိုတော့လည်း သူတို့နှစ်ဦးမှာ အခြားနည်းလမ်း မရှိပေ။

"ကျွန်မက ဒီခန္ဓာကိုယ်ထဲ ရောက်နေတာကြာပြီဆိုတော့ နေသားကျနေပါပြီ. . . ရှင်လည်း နေသားကျသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်"

သူမက သူ့ကို ထူးဝေအဖြစ်နဲ့သာ အသက်ဆက် ရှင်သန်

www.burmeseclassic.com



စေလိုပုံရသည်။ သူကတော့ သူမအပြောကို ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ကျွန်မလည်း အရင်တုန်းက ရှင်ဖြစ်နေသလိုမျိုး ဖြစ်ဖူးပါတယ်။ မဖြစ်ဘူးတဲ့ ကိစ္စကို ကြုံတွေ့လိုက်ရတော့ တုန်လှုပ်သွားတဲ့အနေနဲ့ ဖြစ်နေတဲ့ အဖြစ်အပျက်ကို လက်မခံဘဲ လိုက်လုပ်မိတာပါ။ နောက်တော့လည်း. ."

သူမက ဆက်မပြောသေးဘဲ သူ့ကိုတစ်ချက် စောင့်ကြည့်သည်။

သူ အဝေးကို ငေးနေတာတွေ့သောကြောင့် စကားတို ဆက်မပြောဘဲ သူကြည့်နေတဲ့နေရာကို လိုက်ကြည့်လိုက်သည်။

ငှက်ကလေး. . . ငှက်ကလေးတွေ အနိမ့်အမြင့် ပျံသန်းနေတာကို လိုက်ကြည့်နေခြင်း ဖြစ်သည်။

ဘာရယ်မဟုတ် သူတို့ကိုကြည့်ရင်း ဝမ်းနည်းလာသည်။ လှောင်အိမ်ထဲမှာ ပိတ်မိတဲ့ လူတစ်ယောက်လို သူ့စိတ်ထဲမှာ ခံစားနေရသည်။

မနက်ဖြန်ဆိုရင် လှောင်အိမ်ထဲမှာ တစ်သက်လုံးနေသွားရတော့မယ်။ ဒီအတွေးက သူ့စိတ်ကို မွန်းကျပ်စေသည်။

"ကျွန်မတို့ ပြန်ကြရအောင်"

သူ ခေါင်းညိတ်မိလိုက်သည်။

ထို့နောက် ကင်တင်းကနေ နှစ်ယောက်သား တိတ်တဆိတ် ထွက်လာကြပြီး လင်းသစ်က မေလဆန်းကို ကားဂိတ်အထိ လိုက်ပို့သည်။

"အိမ်ကိုပဲ ပြန်တော့နော်"

"ဘယ်မှ မသွားတော့ပါဘူး အိမ်ပဲ ပြန်တော့မှာပါ"

ထိုသို့နှုတ်ဆက်ပြီး သူမ ပါသွားသောကားကို တမေ့တမော လိုက်ကြည့်နေမိသည်။ ခဏအကြာတွင် လင်းသစ်သည် ရထားဘူတာရုံသို့ ရောက်ရှိလာပြီး မိုင် (၂၅၀)ခန့်ဝေးသော မြို့ကို သွားရန်အတွက် လက်မှတ်တစ်စောင် ဝယ်လိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၄၉)

ရထားသည် ဘူတာရုံကနေ စတင်ထွက်ခွာလာပြီ ဖြစ်သည်။ မနက်ဖြန်သည် သူ့ခန္ဓာကိုယ်ကို အသက်ဆက်ထားသော ပိုက်များ ဖြုတ်မည်ဖြစ်သောကြောင့် သူ့စိတ်က သူနေရပ်ကို သွားချင်နေမိသည်။

သူ့မိဘကို တွေ့ချင်သည်။

သူ့ရဲ့ခန္ဓာကိုယ် မြေမြှုပ်လိုက်တာကိုလည်း တွေ့ချင်နေမိသည်။

ယခုလည်း ထူးဝေတို့အိမ်ကို မပြန်ဖြစ်ဘဲ သူ့ရဲ့အိမ်ရှိရာ မြို့လေးကို ပြန်ဖို့အတွက် ရထားစီးလာခဲ့ပြီဖြစ်သည်။

လေသည် ပြတင်းပေါက်ကနေ တဖြူးဖြူး တိုက်နေ၏။ ခန္ဓာကိုယ်က အနည်းငယ် ချမ်းလာသောကြောင့် ခေါက်ထားသော အကျီလက်ရှည်ကို ဆွဲဖြန့်လိုက်သည်။



အကျီဆွဲဖြန့်ရင်းပဲ နောင်နှစ်ပေါင်းများစွာ ဒီခန္ဓာကိုယ်နဲ့ပဲ အဆင်ပြေသွားမှာပါဆိုပြီး မိမိကိုယ်ကို အားပေးကာ အနည်းငယ် နွေးရန်အတွက် အနောက်ကို မှီလိုက်သည်။

ရထား၏ အရှိန်ကြောင့် ခန္ဓာကိုယ်မှာ လှုပ်ရမ်းနေပြီး လူကို ချော့သိပ်သလို ဖြစ်နေသောကြောင့် အိပ်လည်းအိပ်ချင်လာသည်။

မျက်လုံးကို မှိတ်လိုက်၏။ အတွေးထဲမှာ ဆေးရုံပေါ်မှာရှိတဲ့ သူ့ခန္ဓာကိုယ်ကို မြင်ယောင်လာသည်။ ပြီးတော့ သူ့ဘေးမှာ ထိုင်နေတဲ့ အဖေနဲ့ အမေ. . .။

မျက်လုံးကို ပြန်ဖွင့်လိုက်သည်။ ခန္ဓာကိုယ်ကို ပြန်မတ်ပြီး အပြင်ကို တစ်ချက်ကြည့်လိုက်တော့ မှောင်စပြုနေပြီ ဖြစ်သည်။

သိပ်မကြာသော အချိန်မှာ သူနေခဲ့တဲ့ မြို့ကို ပြန်ရောက်မည်ဖြစ်သည်။ အဲ့ဒီအခါ သူဘာလုပ်မလဲ။

ဘာမှလုပ်လို့မရဘူး။

အဖေ၊ အမေ. . . ပြီးတော့ သူ့ခန္ဓာကိုယ်ကို အဝေးက ကြည့်နေရုံပဲ သူတတ်နိုင်သည်။

ကြာလာတော့ အပြင်ကိုကြည့်ရတာ ပျင်းလာသောကြောင့် ခုံကိုနောက်ပြန်မှီပြီး မျက်လုံးကို မှိတ်ထားလိုက်၏။

လင်းသစ်ရဲ့ခန္ဓာကိုယ်၊ အဖေနဲ့အမေ၊ သူငယ်ချင်း ထက်ကောင်း စတဲ့ ပုံရိပ်တစ်ခုချင်းစီ ပြန်မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကလေး. . .။ သူ့ညီလေး. . .။ ဂိမ်းဆော့နေတာလား. . .။ ကျောင်း. . . အတန်းထဲက သူ့ကျောင်း အဖော်တွေ. . . အိပ်ရာထဲမှာ ပိုက်တန်းလန်းနဲ့ . . . အသက်ရှူနေသံ. . .

တဖြည်းဖြည်းနဲ့ သူအိပ်မောကျသွားသည်။

■

# "ဂျိမ်း"

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

ကျယ်လောင်တဲ့ အသံတစ်သံကြောင့် မြို့လေးအတွင်းမှာ လမ်းလျှောက်နေတဲ့ စုံတွဲတစ်တွဲမှာ ရပ်တန့်သွားပြီး အသံလာရာကို လှမ်းမျှော်ကြည့်လိုက်ကြသည်။

"ဘာသံကြီးလဲ"

"ဟဲ့. . . ဟိုမှာ မီးခိုးတွေနဲ့"

လူများအပြေးအလွှား သွားနေတာကို တွေ့လိုက်ရလေသည်။ ဤသို့ဖြင့် ထိုမြို့လေးမှာ ခဏအတွင်း ဆူညံသွားပြီး အသံထွက်လာရာနေရာကိုလည်း အပြေးအလွှား သွားနေတာကို တွေ့ကြရသည်။

"ဘာ. . . ဘာဖြစ်တာလဲ"

"ဟို. . . ရထားမှောက်တာတဲ့"

"ဟုတ်တယ်. . . အကူအညီပေးရအောင် အခုသွားနေတာ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့မြို့နားမှာ ရထားလမ်းရှိသောကြောင့် ရထားမှောက်တာဆိုသည့် သတင်းသည် ဖြစ်နိုင်သည်။

သူတို့မြို့မှာ အသံကျယ်လောင်သည့် ထိခိုက်မှုဆို၍ ထိုရထားမှောက်သံသာ ရှိသည်။

ဒါနဲ့ မေးတဲ့လူလည်း ထိုလူနောက်ကနေ အပြေးအလွှားလိုက်လာ၏။

ခဏအကြာတွင် ရထားမှောက်သည့် မြင်ကွင်းကို တွေ့လိုက်ရပြီး ရထားထဲကနေ ဒဏ်ရာရသူတွေကို မြို့ခံများက ဆွဲထုတ်နေတာကို တွေ့ရသည်။

ရထားတစ်စီးလုံးမှာ တုံးလုံးပက်လက်ဖြစ်နေပြီး အချို့အတွဲများမှာ မီးလောင်နေလေ၏။

အော်ဟစ်သံများနှင့် ဆူညံနေပြီး 'ကယ်ပါဦး'၊ 'ဒီမှာ'၊ 'ဒီမှာ'ဆိုတဲ့ အသံများက သွေးပျက်လောက်အောင် ကြောက်စရာကောင်းနေလေသည်။

ထိုသူလည်း သူ့ရှေ့မှာ မြင်နေရသော လူတစ်ယောက်အားရထားအပြင်ကို ကြိုးစားပမ်းစား ဆွဲထုတ်လိုက်လေသည်။

လူငယ်တစ်ယောက်ဖြစ်ပြီး ခေါင်းမှာ သွေးများနဲ့ မြင်မကောင်းအောင် ဖြစ်နေသည်။

"သေများ သေသွားပြီလား မသိဘူး"

ဟု စိုးရိမ်တကြီး ရေရွတ်မိလိုက်လေသည်။

■

The End

www.burmeseclassic.com

www.burmeseclassic.com

(၅၁)

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် အိမ်ထဲတွင် ပန်ကန်ဆေးနေသော အဒေါ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး-

"သားရေ. . အမေ့လက်တွေပေနေလို့ အိမ်ရှေ့မှာ တံခါး ဖွင့်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ အမေ"

ခေါင်းမှာပတ်တီးစီးထားသော လူငယ်တစ်ယောက်က ဂိမ်းဆော့နေရင်းမှ ထကာ တံခါးသွားဖွင့် ပေးလိုက်လေ၏။

သူနှင့်ရွယ်တူ လူငယ်တစ်ယောက်ကို တွေ့ရပြီး ထိုလူငယ် က သူ့ကိုပြုံးကြည့်နေတာကို တွေ့ရသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . မဟုတ်ပါဘူး၊ ကျွန်တော်သိတဲ့ လူတစ်ယောက်ရဲ့အိမ် ဟုတ်မဟုတ် လာကြည့်တာပါ"

ထိုစဉ် အိမ်ထဲမှ ခွေးတစ်ကောင် ပြေးထွက်လာပြီး ထိုလူငယ်ကို ထိုးဟောင်လေ၏။

လူငယ်က ထိုခွေးကို တစ်ချက်ကြည့်ပြီး တာ့တာပြကာ သူ့ကိုလည်း နှုတ်ဆက်ထွက်သွားလေသည်။

"သား. . . ထူးဝေ၊ ဘယ်သူလဲ"

"မသိပါဘူး အမေရယ် ကြောင်နေလားမသိဘူး"

ထိုသို့ ပြောပြီး တံခါးဝတွင် ရောက်နေသော သတင်းစာကို ကောက်ယူကာ တံခါးကို ပြန်ပိတ်လိုက်၏။ လက်ထဲက ကိုင်ထားသော သတင်းစာ မျက်နှာဖုံးကို ကြည့်လိုက်ပြီး-

"ဒီ. . . ရထားမှောက်တဲ့သတင်းက အခုထိ ပါနေတုန်းပဲ"

ဟုရေရွတ်ကာ သတင်းစာကို စားပွဲပေါ် ပစ်တင်ပြီး ဝိုင်းဆက်ကစားနေ၏။

■

(၁၂)

ကျောင်းကင်တင်းတစ်ခုမှာ ကောင်မလေးတစ်ဦး ထိုင်နေ၏။ လက်ထဲက စာအုပ်ကို စိတ်ဝင်တစား ဖတ်နေသော်လည်း တစ်ခါတစ်ခါ ကင်တင်းရှေ့ကလမ်းကိုကြည့်ပြီး တစ်ဦးတစ်ယောက်ကို မျှော်နေပုံရသည်။

ပြီးနောက် စာအုပ်ကို ပြန်ဖတ်လေ၏။ အချိန်အတော်ကြာသည်အထိ ထိုကောင်မလေးမှာ စာအုပ်ထဲတွင် မျောနေသောကြောင့် ပတ်ဝန်းကျင်ကို သတိမထားမိဘဲ ဖြစ်နေလေသည်။

ထို့ကြောင့်လည်း သူ့ဘေးနားကခုံမှာ ထိုင်နေသော လူငယ်တစ်ဦးကို သတိမပြုမိခြင်းဖြစ်သည်။

ခဏကြာသောအခါတွင် ထိုလူငယ်မှာ သူထိုင်နေသည့်ခုံမှထပြီးနောက် ကောင်မလေးရှိရာ ခုံရှေ့တွင် ရပ်လိုက်သည်။

"မေလဆန်း. . . ကျွန်တော် ခဏထိုင်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ကောင်မလေးမှာ ထိုလူ့အသံကြောင့် ထိတ်လန့် သွားသော်လည်း သူမ မျက်နှာမှာ အံ့ဩသည့်ဟန် အထင်းသား ပေါ်နေသည်။

မည်သို့ဆိုသော် ထိုသူသည် သူမရဲ့နာမည်ကို မေလဆန်းဟုခေါ်လိုက်သောကြောင့် ဖြစ်သည်။

"ရှင် ဘယ်သူလဲ"

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

ပြောပြောဆိုဆိုနှင့် ကောင်မလေးရှေ့က ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်လေသည်။

■

(၁၃)

"သား. . . ဘယ်ကပြန်လာတာလဲ နေက ကောင်းသေးတာ မဟုတ်ဘူးနော်"

"ရပါတယ် အမေရဲ့ သား နေကောင်းနေပါပြီ"

အိမ်ပြန်လာသော သူ့သားကို စိုးရိမ်တကြီး လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

သူ့သားက နေပြန်ကောင်းလာတာ သိပ်မကြာသေးဘူးလေ။

"အမေကြီး. . . မင်းရဲ့သား လင်းသစ်က ပြန်ကောင်းနေပါပြီကွ. . . စိတ်မပူပါနဲ့"

သူ့ယောကျ်ားကလည်း သူ့မိန်းမအဖြစ်တို့ကြည့်ပြီး သတင်းစာဖတ်နေရင်းမှ စိတ်မပူရန် လှမ်းပြောလိုက်ခြင်းသည်။

သူ့သားကိုလည်း မင်းအမေက ဒီလိုပဲတွယ်တဲ့ အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



တိုလည်း လုပ်ပြလိုက်၏။

“ဒါနဲ့ သတင်းတွေ ဘာထူးသေးလဲ အဖေ”

“မထူးပါဘူး အဖေတို့ မြို့နားမှာ ဖြစ်ခဲ့တဲ့ ရထားမှောက်တဲ့သတင်း ဆက်ပါနေတုန်းပဲကွ”

ဟု ပြောကာ သတင်းစာ ဆက်ဖတ်နေလေ၏။

ထို့နောက် လင်းသစ်က သူ့အမေဘက် လှည့်လိုက်ပြီး-

“အမေ. . . အမေတို့ ပိတ်ထားတဲ့ သားရဲ့ဖုန်းကိုလည်း ပြန်လျှောက်ပေးဦးလေ၊ သားမှာ ဖုန်း ကိုင်စရာ မရှိသေးဘူး”

“အေးပါ သားရယ်၊ ငါလည်း ပြောထားပါတယ်၊ အခုတော့ နံပါတ်အသစ် လဲတပ်ထားတဲ့ အိမ်ဖုန်းနဲ့ပဲ ပြောဦး. . . ဟုတ်ပြီလား”

“ဒါဆိုလည်း မြန်မြန်လုပ်ပေးဦးနော်၊ အီးမေးလ်လည်း မသုံးတာကြာလို့ ပိတ်သွားတာ၊ အသစ်ပြန်ဖွင့်ရဦးမယ်”

ဟု ပြောကာ ဂိမ်းဆော့နေသော သူညီကို လှမ်းစရင်း သူ့အခန်းရှိရာ အပေါ်ထပ်ကို တက်လာခဲ့လေသည်။

အခုတော့ နောက်တစ်နေ့ မနက်အိပ်ရာတထရမှာကို သူ မကြောက်တော့ပေ။

လေးစားစွာဖြင့်

လူနေ

www.burmeseclassic.com